မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၁၂၁ ) ကျဆုံးမြင့်မြတ်ခန္ဓာ၏ လျှို့ဝှက်ချက်၊ ပန်ဝူနတ်ဘုရားမင်းဆက်၏ အကြံ၊ ကျဆုံးအလောင်းကို ထိန်းချုပ်နိုင်ခဲ့လျှင်ဖြင့်...

ရှေးဟောင်းမြင့်မြတ်ခန္ဓာကို မည်သူက ကျဆုံးသွားသော မြင့်မြတ်ခန္ဓာအဖြစ်သို့ ပြောင်းလဲစေခဲ့ပါသနည်း။

ယင်းက ပန်ဝူနတ်ဘုရားမင်းဆက်၏လက်ချက်တော့ မဖြစ်နိုင်ပေ။

အကယ်၍ ပန်ဝူကေရာဇ်သခင်နှင့် တခြားသူများက ပြုလုပ်ခဲ့ရိုးမှန်လျှင် ယခုကဲ့သို့ တားမြစ်ထားဖို့မလိုပါချေ။

ဤကျဆုံးမြင့်မြတ်ခန္ဓာက ဤနေရာတွင် ရောက်ရှိနေခဲ့တာ နှစ်ပေါင်းမရေတွက်နိုင်အောင် ကြာမြင့်သွားခဲ့ပုံရသည်။

ပန်ဝူကေရာဇ်သခင်နှင့် အခြားသူများကလည်း ၎င်းကို လျစ်လျူရှုထား၏။

သူတို့လုပ်နိုင်မည်ဟုလည်း မထင်ပေ။

အကြောင်းမှာ ဤကျဆုံးမြင့်မြတ်ခန္ဓာက အလွန်ကြမ်းကြုတ်ပြီး အသိဉာဏ်ပျောက်ဆုံးနေခဲ့သောကြောင့်ပင်

ဖြစ်သည်။

"ဂါး"

ကျဆုံးမြင့်မြတ်ခန္ဓာက ထပ်မံလှုပ်ရှားချင်သော်လည်း သူ့ခန္ဓာကိုယ်ဟာ ကန့်သတ်ခံထားရသည်။

သူ့လည်ပင်း၊ လက်ကောက်ဝတ်များနှင့် ခြေကျင်းဝတ်များတွင် ထူထဲသော သံကြိုးကြီးများဖြင့် ချည်နှောင်ထား၏။

ကျွင်းရှောင်ယောက်က အနည်းငယ် အနောက်ရောက်သွားသောကြောင့် ကျဆုံးမြင့်မြတ်ခန္ဓာ၏ ထပ်မံတိုက်ခိုက်ခြင်းကို ခံရတော့မည် မဟုတ်ပေ။

“ဒီမြင့်မြတ်ခန္ဓာရဲ့ စွမ်းအားက ထူးထူးခြားခြား

မသန်မာဘူးလို့ ငါခံစားရတာ
အံ့သြစရာမရှိတော့ပါဘူး။ သူက ပိတ်ဆို့ခံထားရတာ"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

သူဟာ ရှေးဟောင်း မြင့်မြတ်ခန္ဓာကိုယ်ကို
ယောင်ဝါးဝါးသာ သတိပြုမိ၏။

သူ့ရှေ့မှ ရှေးဟောင်းမြင့်မြတ်ခန္ဓာသည်
အတားအဆီးလေးခုအထိ ချိုးဖြတ်လုနီးပြီ ဖြစ်သည်။

ယခုခေတ်မှာတော့ ထိုသို့ချိုးဖြတ်ရန်က
မလွယ်ကူတော့ပေ။

နောက်ဆုံးတွင်ကား လူတိုင်းဟာ
ကျွင်းရှောင်ယောက်ကဲ့သို့
အတားအဆီးရွှေကျိုးဆယ်ချောင်းစလုံးကို

ချိုးဖြတ်နိုင်စွမ်း မရှိခဲ့ကြပါချေ။

ထို့ပြင် ဤကျဆုံးမြင့်မြတ်ခန္ဓာက
သူတော်စင်နယ်ပယ်ဝန်းကျင်၌သာ ရှိသည်။

ကျွင်းရှောင်ယောက် မျက်လုံးများ
အရောင်ပြောင်းသွား၏။

သံကြိုးများဖြင့် ချုပ်နှောင်ခံထားရသော
ကျဆုံးမြင့်မြတ်ခန္ဓာဟာ သူ့ကို
မခြိမ်းခြောက်နိုင်သေးပေ။

ကျွင်းရှောင်ယောက်ကလည်း ဤအတိုင်းထွက်သွားရန်
မဖြစ်နိုင်ပေ။

ဤနန်းတော်အတွင်း၌
ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့်ပတ်သက်သော
လျှို့ဝှက်ချက်မျိုးရှိရမည်ဟု သူယုံကြည်မှုရှိသည်။

ကျဆုံးမြင့်မြတ်ခန္ဓာကိုကြည့်ကာ
ကျွင်းရှောင်ယောက်မျက်လုံးတွင် အတွေးစတချို့
ပေါ်လာခဲ့၏။

'ဒီကျဆုံးမြင့်မြတ်ခန္ဓာကို ဖိနှိပ်ပြီး ယူသွားနိုင်ခဲ့ရင်...'
ကျွင်းရှောင်ယောက် တွေးလိုက်သည်။

နောက်ဆုံးတွင် သူက ပန်ဝူဂူဗိမာန်သို့ တစ်ကြိမ်သာ
ဝင်ရောက်နိုင်သောကြောင့် ယူနိုင်သမျှ
အရာအားလုံးကို ယူဆောင်သွားရပေလိမ့်မည်။

ပန်ဝူနတ်ဘုရားမင်းဆက်အတွက်တော့

ယဉ်ကျေးနေရန် မလိုပါပေ။

ယင်းကိုတွေးပြီးနောက် သူ့ကိုယ်ပိုင်
ရှေးဟောင်းမြင့်မြတ်ခန္ဓာသွေးနှင့်
ကျဆုံးမြင့်မြတ်ခန္ဓာကို ယာယီ ဖိနှိပ်ဖို့
နည်းလမ်းတစ်ခုအား တွေးလိုက်သည်။

ဤနည်းလမ်းက တစ်ရာ ရာခိုင်နှုန်း
မအောင်မြင်နိုင်သော်လည်း စမ်းကြည့်၍ရသည်။

ကျွင်းရှောင်ယောက်လည်း ပထမအာရုံကို
ထုတ်ဖော်လိုက်သောအခါ သူတော်စင်တစ်သောင်း
အရိုအသေပေးခြင်းပုံရိပ်များ ဖြစ်ပေါ်လာ၏။

မြင့်မြတ်ခန္ဓာမှ ကြီးမားသောအင်အားကလည်း
ပတ်ဝန်းကျင်ကို ဖိနှိပ်လာတော့သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ
သူ၏ရှေးဟောင်းမြင့်မြတ်ခန္ဓာ သွေးကို
စတင်လှုံ့ဆော်ခဲ့သည်။

ရွှေရောင်ချီနှင့်သွေးမှ
မကောင်းမိစ္ဆာများကိုဖိနှိပ်နိုင်သော
သန့်စင်မွန်မြတ်သော အရှိန်အဝါများလည်း
မြင့်တက်လာ၏။

ကျွင်းရှောင်ယောက်က သူ့လက်ကို မြှောက်လိုက်ရုံဖြင့်
အဆုံးမဲ့ ရွှေချီနှင့် သွေးများ သူ့လက်ဖဝါးတွင်
ရွှေရောင်သွေးတံဆိပ်အဖြစ်သို့
ထွက်ပေါ်လာတော့သည်။

ထို့နောက် ကျွင်းရှောင်ယောက်က

လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်သောအခါ
ကျဆုံးမြင့်မြတ်ခန္ဓာ၏ နဖူးပေါ်၌ တံဆိပ်ရိုက်ပြီးသား
ဖြစ်သွားသည်။

ကျဆုံးမြင့်မြတ်ခန္ဓာက
အသည်းအသန်ဟိန်းဟောက်သော်လည်း
ဦးခေါင်းထက်မှ အဖြူရောင်မြူခိုးများ
ထွက်လာခဲ့၏။

ကျွင်းရှောင်ယောက်က ရွှေရောင်ချီနှင့် သွေးများကို
ဆက်လက် ပေးပို့နေရာ နောက်ဆုံးတွင် တစ်ဖက်လူ၏
ဖရိုဖရဲအသိစိတ်အား ယာယီပိတ်ဆို့နိုင်တော့သည်။

အခြားလူများအတွက်ဆိုလျှင်
ဤကျဆုံးမြင့်မြတ်ခန္ဓာအား အသိစိတ်ပျောက်ရန်
မဖြစ်နိုင်ပေ။

သို့သော်လည်း ရှေးဟောင်းမြင့်မြတ်ခန္ဓာပိုင်ရှင်
ကျွင်းရှောင်ယောက်အတွက်တော့ ယင်းက
အခက်အခဲမရှိပါ။

ကျွင်းရှောင်ယောက်လည်း အချိန်မဖြုန်းဘဲ
အတွင်းပိုင်းကို တိုက်ရိုက်ဝင်ရောက်သွားခဲ့သည်။

မကြာမီ အချိန်၏အငွေ့အသက်များဖြင့်
ဟောင်းနွမ်းကာ ဆွေးမြေ့လုနီးပါးဖြစ်သော
စာစောင်အချို့ကို မြင်လိုက်သည်။

၎င်းတို့ကို အကြမ်းဖျင်းကြည့်ပြီးသောအခါ
ကျွင်းရှောင်ယောက်မျက်လုံးတွင် အနည်းငယ်
အံ့အားသင့်မှုများ လှစ်ဟလာ၏။

"ဒါပဲ"

ကျွင်းရှောင်ယောက် အသက်ပြင်းပြင်းရှူလိုက်သည်။

ဤကျဆုံးမြင့်မြတ်ခန္ဓာဟာ
ပန်ဝူနတ်ဘုရားမင်းဆက်၏ တန်ခိုးရှင်ကြီးများ
လေ့လာခဲ့ကြရာ ဖြစ်သည်။

၎င်းတို့သည် "ပန်ဝူမဟာကေရာဇ်" အသစ်ကို
ထပ်မံဖန်တီးလိုကြ၏။

ထို့ကြောင့် ၎င်းတို့သည် ရှားပါးသော
ကျဆုံးခန္ဓာကိုယ်ကြီးကို အချိန်ကုန်ခံကာ
စူးစမ်းရှာဖွေခဲ့ကြလေသည်။

သို့သော်လည်း ကြိုးဆယ်ချောင်းကို ချိုးဖျက်ရန်က

ကောင်းကင်ကို စိန်ခေါ်ခြင်းနှင့် မခြားပေ။

ကြိုးနှစ်ချောင်းကို ချိုးဖျက်ပြီးနောက်၊
ဤဆိတ်ညံသော သန့်ရှင်းသော ကိုယ်ခန္ဓာသည်
ဝင်ရောက်ရန် ခက်ခဲသည်။

ထို့ကြောင့် ပန်ဝူနတ်ဘုရားမင်းဆက်၏
တန်ခိုးရှင်များသည် မြင့်မြတ်ခန္ဓာ၏
အချုပ်အနှောင်များကို အထူးနည်းလမ်းများဖြင့်
ချိုးဖျက်ရန် ကောက်ကျစ်သောနည်းလမ်းအချို့ကို
စတင်ကြိုးစားလာကြသည်။

နောက်ဆုံးစမ်းသပ်မှု၏ရလဒ်မှာတော့ မြင့်မြတ်ခန္ဓာကို
ကျဆုံးသွားစေခဲ့ခြင်းပင်။

အဆုံးတွင် မကောင်းသည့်အရာတစ်ခု ရှိနေပုံရ၏။

ဤမကောင်းသော စမ်းသပ်မှုကို ရပ်စဲစေသည့်တိုင်
လူများစွာ အသက်ဆုံးရှုံးခဲ့ရလေသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာလည်း
ကျဆုံးမြင့်မြတ်ခန္ဓာသို့ ပြောင်းလဲခဲ့ပြီး ဤနေရာတွင်
တားမြစ်ခံခဲ့ရသည်။

၎င်းကို မဖျက်ဆီးရခြင်း၏ အကြောင်းရင်းကတော့
ပန်ဂူနတ်ဘုရားမင်းဆက်က အရှုံးမပေးသေးဘဲ
အနာဂတ်တွင် နည်းလမ်းရှာလိုသောကြောင့်
ဖြစ်သည်။

သို့ရာတွင် ပန်ဂူဘုရားမင်းဆက်က
မျိုးဆက်တစ်ခုပြီးတစ်ခု ပြောင်းလဲလာသည့်တိုင်
ပန်ဟွမ်စားသုံးချောင်းကိုပင် ရှာမတွေ့ခဲ့၍

ကျဆုံးမြင့်မြတ်ခန္ဓာကိုလည်း မကိုင်တွယ်ခဲ့ရပေ။

ထို့ကြောင့် ယခုအချိန်အထိ ပိတ်ပင်ထားဆဲဖြစ်သည်။

'မဟာသူတော်စင်အဖြစ် အတင်းအကြပ်မြှင့်တင်ပြီး
မဟာကေရာဇ်ပန်ဝူအသစ်အဖြစ်
ပျိုးထောင်ချင်နေကြတာ'

ကျွင်းရှောင်ယောက် ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ
တန်ခိုးရှင်များ၏အတွေးများမှာ အမှန်တကယ်
ရယ်စရာကောင်းလှသည်။

သို့သော်လည်း ဤစာလိပ်တွင်
ကျဆုံးမြင့်မြတ်ခန္ဓာ၏အဆုံး၌ မည်သို့သော

အဖြစ်ဆိုးများ ကြုံခဲ့ကြောင်းကို
မှတ်တမ်းတင်မထားပေ။

ဤမကောင်းသောအရှိန်အဝါကလည်း
ရှေးဟောင်းမြင့်မြတ်ခန္ဓာအတွက်
အထူးရည်ရွယ်ပုံရသည်။

'ထားပါလေ၊ ဒါကို နောက်မှပြောတော့မယ်။
တစ်ချို့အချက်အလက်တွေက ငါ့အတွက်
အရမ်းအရေးကြီးတယ်'

ကျွင်းရှောင်ယောက်လည်း အချက်အလက်မျိုးစုံကို
စတင်စုဆောင်းလိုက်သည်။

၎င်းတို့အထဲတွင် ကျဆုံးမြင့်မြတ်ခန္ဓာအကြောင်း
အချက်အလက်များသာမကဘဲ မဟာကေရာဇ်ပန်ဝူမှ
ထားခဲ့သော မြင့်မြတ်ခန္ဓာအပေါ်

နားလည်မှုအချို့လည်း ရှိနေခဲ့လေသည်။

ယင်းက ကျွင်းရှောင်ယောက်အတွက်
အရေးကြီးဆုံးဖြစ်ကာ မြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံ
နိုးကြားလာစေရန်ပင် လှုံ့ဆော်ပေးနိုင်ဖွယ်ရှိသည်။

ကျွင်းရှောင်ယောက်က ပါရမီရှိသော်လည်း
နောက်အာရုံကို နိုးထရန်က အချိန်လိုသည်။

သို့သော်လည်း မဟာကေရာဇ်ပန်ဝူ၏
ထိုးထွင်းသိမြင်မှုဖြင့် တိုးတက်မှုက
ပိုမိုမြန်ဆန်လာမည်ဖြစ်ကာ အချိန်လည်း
ကြာမြင့်မည်မဟုတ်ပေ။

အချက်အလက်များကို စုဆောင်းပြီးနောက်
ကျွင်းရှောင်ယောက်ဟာ ကျဆုံးမြင့်မြတ်ခန္ဓာဆီသို့

ပြန်လှည့်လာခဲ့သည်။

ဤရှေးဟောင်းမြင့်မြတ်ခန္ဓာပိုင်ရှင်သည် သနားစရာကောင်း၏။ ပန်ဝူနတ်ဘုရားမင်းဆက်မှ လူများက ၎င်းကို ကျဆုံးမြင့်မြတ်ခန္ဓာအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။

ကျွင်းရှောင်ယောက်လည်း ပန်ဟွမ်နှစ်များစားကိုထုတ်ယူကာ တားမြစ်သံကြိုးများကို ခုတ်ထစ်လိုက်သည်။

ဤတားမြစ်သံကြိုးများက အလွန်သန်မာကာ တားမြစ်နိုင်စွမ်းအားများ ပါရှိ၏။

သို့သော်လည်း ပန်ဟွမ်နှစ်များစား၏ တိုက်စားမှုအောက်တွင် ဖြတ်တောက်ခံလိုက်ရဆဲပင်။

ကျွင်းရှောင်ယောက်လည်း
ဤကျဆုံးမြင့်မြတ်ခန္ဓာကိုယ်ကို
သိုလှောင်ခြင်းမှော်ရတနာအတွင်းသို့
တိုက်ရိုက်ထည့်လိုက်သည်။

ပုံမှန်ဆိုလျှင် သက်ရှိသတ္တဝါများကို
သိုလှောင်ခြင်းမှော်ရတနာအတွင်းသို့ မထည့်နိုင်ပေ။

သို့သော်လည်း ဤကျဆုံးမြင့်မြတ်ခန္ဓာက
လမ်းလျှောက်နေသည့် အလောင်းကောင်နှင့်တူသော
ရုပ်သေးကဲ့သို့ ဖြစ်လုနီးဖြစ်နေသောကြောင့်
ထည့်သိမ်း၍ ရသည်။

ကျွင်းရှောင်ယောက်က
ဤကျဆုံးမြင့်မြတ်ခန္ဓာကိုယ်ကို သိမ်းသွားရသည့်

အကြောင်းရင်းမှာ သူ့နှလုံးသားထဲတွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာသောကြောင့် ဖြစ်သည်။

သူတို့နှစ်ယောက်စလုံးက မြင့်မြတ်ခန္ဓာပိုင်ရှင်ချင်းတူညီသောကြောင့် သူ၏ စိတ်အပိုင်းအစကို ပို့လွှတ်လိုက်ပါက...

ဤကျဆုံးမြင့်မြတ်ခန္ဓာကို ထိန်းချုပ်ရန် ဖြစ်နိုင်လေမလား။

ဤဖြစ်နိုင်ချေကို တွေးမိသောအခါ ကျွင်းရှောင်ယောက်၏မျက်လုံး၌ တောက်ပသောအလင်းများ ဖြစ်ပေါ်လာသည်။

မည်သို့ဆိုစေ ဤသူတော်စင်အလောင်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာပိုင်ရှင် ဖြစ်နေဆဲပင်။

၎င်းကို ထိန်းချုပ်နိုင်ပါက ဘယ်လောက်တောင်
ကြောက်စရာကောင်းမည့်စွမ်းအားများအား
ဖြစ်ပေါ်စေနိုင်ပါမည်နည်း။

----------

အခန်း ( ၁၂၂ ) ပန်ဂူကေရာဇ်သခင်၏ နှလုံးသားမှ
သွေးယိုစီးကျရခြင်း၊ ပါရမီရှင်များ၏ အစီအစဉ်၊
ဖီးနစ်ဝိညာဉ်တောင်တန်းမှ ဖီးနစ်သားတော်နှင့်
ဖီးနစ်သမီးတော်

ထိုဖြစ်နိုင်ချေကို တွေးလိုက်မိသောအခါ
ကျွင်းရှောင်ယောက်၏ တကိုယ်လုံး
တုန်ရီသွားမိသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာကို သိမ်းယူပြီးသောအခါ
အရာအားလုံး ပြီးပြည့်စုံသကဲ့သို့ ခံစားလိုက်ရ၏။

ယခုတကြိမ်တွင် ကျွင်းရှောင်ယောက်က
ပန်ဝူဂူဗိမာန်တွင် လက်မှတ်ထိုး၍
ပန်ဟွမ်နှစ်များစားအပြင်
ရှေးဟောင်းမြင့်မြတ်ခန္ဓာတစ်ခုကိုပင်
ရရှိသွားနိုင်ခဲ့ချေပြီ။

အားလုံးကို ခြုံငုံပြီး ပြောရလျှင် ယင်းက
အလွန်အဖိုးတန်သော ခရီးတစ်ခု ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ
ရှေးဟောင်းနန်းတော်မှ ထွက်ခွာပြီး ပန်ဝူဂူဗိမာန်သို့
ပြန်လာခဲ့လိုက်သည်။

ပန်ဝူဂူဗိမာန်ရှိ အခြားအခွင့်အလမ်းများကိုတော့
ကျွင်းရှောင်ယောက်က လုံးဝ ဂရုမစိုက်ပေ။
နောက်ဆုံးမှာတော့ ဤနေရာတွင်
အင်မော်တယ်တာအိုကျောက်ကဲ့သို့ အရင်းအမြစ်များ
မရှိပါချေ။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ နောင်တမရဘဲ
ထွက်သွားနိုင်ခဲ့သည်။

အပြင်ဘက်မှာတော့ လူများဟာ မကြာသေးမီက
ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို
စားမြုံ့ပြန်ကာ ပြောဆိုနေကြဆဲပင်။

အထူးသဖြင့် ကျွင်းရှောင်ယောက်၏
စွမ်းဆောင်ရည်က အံ့မခန်း ဖြစ်သည်။

ပန်ဝူကေရာဇ်သခင်နှင့် အခြားသူများမှာတော့
အစမှအဆုံးထိ မျက်နှာများ
မည်းမှောင်နေတော့သည်။

၎င်းက ပန်ဝူနတ်ဘုရားမင်းဆက်အတွက်
ရှက်စရာကောင်းလှသည်။

ဤအကြောင်းက အင်မော်တယ်နယ်မြေကြီးတွင်
အချိန်တစ်ခုကြာသည်အထိ
လှောင်ရယ်နေကြမည်ကိုပင် ကြောက်ရပေချိမ့်သည်။

ထိုစဉ် စူးရှတောက်ပသောအလင်းများ
ဖြာထွက်လာပြီး ပုံရိပ်တစ်ခုကိုလည်း မြင်လာရသည်။
ယင်းက အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော
ကျွင်းရှောင်ယောက်သာ ဖြစ်ချေသည်။

"အိုး၊ အဲတာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
မဟုတ်လား"

"သူဘာလို့ ဒီလောက်အမြန် ပြန်ထွက်လာတာလဲ"

ကျွင်းရှောင်ယောက်
ပြန်ထွက်လာခြင်းကိုမြင်သောအခါ အားလုံး
အံ့သြသွားကြသည်။

၎င်းတို့က ကျွင်းရှောင်ယောက်ကို အနည်းဆုံး
ရက်အနည်းငယ်နေမည်ဟု ထင်မှတ်ထားခဲ့ကြခြင်း
ဖြစ်ပေသည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် စမ်းသပ်မှုမှာ
ကျရှုံးပြီး အတင်းတွန်းထုတ်ခံရတာများလား'

တချို့ကလည်း တွေးလိုက်ကြသည်။

"ကျွင်းရှောင်ယောက်၊ မင်း ဘာလို့ ဒီလောက်မြန်မြန်
ထွက်လာတာလဲ။ ပန်ဝူဂူဗိမာန်မှာ
အခွင့်အလမ်းတွေက သိပ်မနည်းဘူးလေ"
ပန်ဝူကေရာဇ်သခင်က ထေ့ငေါ့လိုက်သည်။

သူက ရွဲ့ပြောလိုက်ခြင်း ဖြစ်၏။

“အိုး၊ ကျုပ်ရိတ်သိမ်းရတာက မဆိုးပါဘူး၊
လုံလောက်ပြီ”
ကျွင်းရှောင်ယောက်ကတော့ ဂရုမစိုက်ပေ။

လက်ရှိတွင် သူက အများကြီးရခဲ့၍ ခံစားချက်များ
ကောင်းမွန်နေသည်။

"အဲ"

ကျွင်းရှောင်ယောက်ထံမှ အပြုံးကိုမြင်သောအခါ ပန်ဝူကေရာဇ်သခင် ဇဝေဇဝါဖြစ်သွားသည်။

ထို့နောက် လူတိုင်း၏ထူးခြားနေသော မျက်နှာအမူအရာများအောက်တွင် ပန်ဝူဂူဗိမာန်အတွင်းသို့ ခပ်သုတ်သုတ် ဝင်ရောက်သွား၏။

ထို့နောက်မှာတော့ ပန်ဝူကေရာဇ်သခင်၏ နာကျည်းမှုအပြည့်ဖြင့် အော်လိုက်သံအား ကြားလိုက်ကြရလေတော့သည်။

"ဟာ၊ ပန်ဝူဂူဗိမာန်ထဲကနေ နတ်ဘုရားသားတော် ဘာတွေယူသွားတာပါလိမ့်"

"ဟုတ်ပါ့ဗျာ၊ ပန်ဂူကေရာဇ်သခင်ရဲ့အသံကို
နားထောင်ကြည့်ရင် သူ့နှလုံးသားက
သွေးထွက်နေတယ်လို့ ခံစားရနေပြီ…"
တီးတိုး ဆွေးနွေးသံများ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ကတော့ ခပ်ယဲ့ယဲ့ပြုံးနေကာ
ဘာမှ မပြောတော့ပေ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာတစ်ခု၏ တန်ဖိုးက
ပြောပြရန် မလွယ်ပေ။

ယင်းက ကျဆုံးမြင့်မြတ်ခန္ဓာဖြစ်သော်လည်း
အနာဂတ်တွင် ပြန်ကောင်းမလာနိုင်ဟု မဆိုလိုပေ။

ယခုတော့ ကျွင်းရှောင်ယောက်က ယူငင်သွားပြီဖြစ်ရာ ပန်ဝူကေရာင်ဇ်သခင် သွေးအန်၍ ကျန်နေခဲ့တော့သည်။

ရှေးဟောင်းကျောက်စာချပ်ကြီးအရှေ့တွင် ပန်ဝူကေရာင်ဇ်သခင်က တင်းမာခက်ထန်သော မျက်နှာအမူအရာဖြင့် ပြန်ပေါ်လာသည်။

ထိုအခါ ကျွင်းကျန်းထျန်းက အရှေ့တစ်ချက်လှမ်းကာ ပြောလိုက်၏။

"ပန်ဝူကေရာင်ဇ်သခင်၊ ဒီအခွင့်အရေးကိုရရင် ရတဲ့သူက ပိုင်တယ်၊ မင်းပြန်ယူလို့မရဘူး"

နောက်ဆုံးတွင် ပန်ဝူကေရာင်ဇ်သခင်လည်း နွားတစ်ကောင်ကဲ့သို့ အသက်ပြင်းပြင်းရှူကာ နောက်လှည့်ပြီး ပြောလိုက်သည်။

"သွား၊ ဒီကေရာင်ဇ်ကို နောက်တစ်ကြိမ် ထပ်မတွေ့စေနဲ့"

ပန်ဝူကေရာဇ်သခင်ဟာ ကျွင်းရှောင်ယောက်ကို တကယ်ကြောက်သွားသည်။

"ဟင်း… ကျုပ်က ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ အလှပတွေကို ရက်နည်းနည်းလောက် ခံစားနေချင်သေးတာလေ၊ ပန်ဝူကေရာဇ်က ဒီလောက်မြန်မြန် အမိန့်ချစရာ မလိုပါဘူး"

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာ ပြုံးလိုက်သည်။

ထိုအခါ ပန်ဝူကေရာဇ်သခင်၏ခန္ဓာကိုယ်က အနည်းငယ် တုန်ခါသွားသည်။ သူက လှည့်မကြည့်ဘဲ လက်ကိုဝှေ့ယမ်းကာ ပြောလိုက်၏။

"ပွဲပြီးပြီ၊ သွားကြတော့"

ထို့နောက်မှာတော့ သူ့ပုံရိပ်ဟာ နေရာမှ ဖျတ်ခနဲ

ပျောက်ကွယ်သွားတော့သည်။

တိုက်ရိုက်ထွက်ခွာသွားသော
ပန်ဝူကေရာဇ်သခင်ကိုကြည့်ရင်း အနီးနားရှိ
အင်အားစုကြီးများမှ လေ့ကျင့်သူများလည်း
သက်ပြင်းချလိုက်ကြလေသည်။

ကျွင်းရှောင်ယောက်က နတ်ဘုရားမင်းဆက်၏
သခင်ကိုပင် သေလောက်အောင်
ဒေါသထွက်သွားစေနိုင်စွမ်းရှိသည်။

ပန်ဝူနတ်ဘုရားမင်းဆက်၏ ပွဲသည်လည်း
မထင်မှတ်ထားသောပုံစံဖြင့် ဖရိုဖရဲ
ပြီးဆုံးသွားခဲ့သည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးကြီး၏

ကြင်ရာရွေးပွဲက ကျွင်းရှောင်ယောက်ကရန်အတွက်
ဇာတ်ခုံတစ်ခုဖြစ်လာမည်ဟု ဘယ်သူမှ
မျှော်လင့်မထားခဲ့ကြပေ။

မူလက အားလုံးဟာ ယင်းက
မားကွစ်ကွမ်ကျွင်းအတွက်ဟု တွေးထားခဲ့ကြသည်။

နှုတ်ဆိတ်နေသော ကျွင်းရှောင်ယောက်ကိုလည်း
မကောင်းသတင်းများလွှင့်ကာ နာမည်ဖျက်ခဲ့၏။

ရလဒ်အနေဖြင့်
ကျွင်းရှောင်ယောက်လှုပ်ရှားလာသောအခါ ဘာမျှ
ခက်ခဲပင်ပန်းခြင်း မရှိခဲ့ပါချေ။

အပြီးတွင် အင်အားစုများလည်း နေရပ်သို့
အသီးသီးပြန်ကုန်ကြသည်။

ရက်အနည်းငယ်အတွင်း ဤသတင်းသည်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
ပြန့်နှံ့သွားခဲ့ပေလိမ့်မည်။

"ရှမ်းရီ၊ ငါတို့ ဒီအတိုင်း ထားခဲ့ရမှာလား"
ဖုန့်ချင်းလင်၏ မျက်နှာက
အလွန်အကြည့်ရဆိုးနေသည်။

အပြင်သို့ ထွက်လာခါစတွင် သူတို့သည်
ရည်မှန်းချက်ကြီးကြီးဖြင့် ကျွင်းရှောင်ယောက်ကို
အနိုင်ယူကာ တိုက်ပွဲတစ်ခုနှင့်
နာမည်ကြီးလာချင်ခဲ့သည်။

ဖီးနစ်ဝိညာဉ်တောင်တန်းမှ ဘိုးဘေးများကလည်း
မိမိတို့ဂုဏ်သိက္ခာကို မကျဆင်းစေရန်

၎င်းတို့စွမ်းဆောင်မှုအား မျှော်လင့်နေကြ၏။

ရလဒ်အနေဖြင့် ဖုန့်ချင်းလင်ဟာ အစကတည်းက ကျွင်းရှောင်ယောက် ရက်စက်စွာ ဖိနှိပ်ခြင်းကို ခံခဲ့ရလေသည်။ ထို့နောက် ဟွမ်ရှမ်းရီ၊ တခြားသူများနှင့်အတူ ပူးပေါင်းခဲ့သော်လည်း ကျွင်းရှောင်ယောက်ကို အနိုင်မယူနိုင်ခဲ့ပြန်ပါ။

ထို့ကြောင့် သူတို့နှစ်ဦးဟာ အရှုက်ကွဲပြီး အိမ်ပြန်ရတော့မည် ဖြစ်သည်။

လူအများ၏အမြင်တွင် သူတို့က လူပြက်များနှင့် မခြားတော့ပေ။

"အခု ငါတို့ရဲ့ ဖီးနစ်ဝိညာဉ်တောင်တန်းက ဘိုးဘေးနဂါးသိုက်ထက် ပိုပြီးမသာတော့ဘူး"

ဖုန့်ချင်းလင်က ဒေါသတကြီးဖြင့် ပြောလိုက်သည်။

"ဒါဆိုရင်တောင် ဘာလုပ်နိုင်မှာလဲ။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ကို ကြောက်စရာကောင်းလောက်အောင် အစွမ်းထက်တယ်။ သူ့ကို ဖီးနစ်သမီးတော်နဲ့ ဖီးနစ်သားတော်တို့ ထွက်လာမှပဲ ကိုင်တွယ်နိုင်တော့မဲ့ပုံပဲ"
ဟွမ်ရှမ်းရီလည်း ကူကယ်ရာမဲ့ ဖြစ်နေရသည်။

"ဖီးနစ်သမီးတော်နဲ့ ဖီးနစ်သားတော်တို့နှစ်ဦးစလုံး မွေးဖွားလာမှလား"
ဖုန့်ချင်းလင်၏ မျက်လုံးများတွင် အံ့အားသင့်မှုများ ပြည့်နှက်သွားသည်။

ဖီးနစ်သမီးတော်နဲ့ ဖီးနစ်သားတော်က

ဖီးနစ်ဝိညာဉ်တောင်တန်းမှ
လက်ရှိလူငယ်မျိုးဆက်တွင် ပါရမီအရှိဆုံးများ
ဖြစ်ကြသည်။

တစ်ယောက်က အစစ်အမှန်ဖီးနစ် သွေးမျိုးဆက်ကို
သယ်ဆောင်ထားကာ နောက်တစ်ယောက်ကတော့
ဘိုးဘေးဖီးနစ် သွေးမျိုးဆက်အား ပိုင်ဆိုင်ထား၏။
ထိုသွေးမျိုးဆက်ဖြင့် အလွန်အစွမ်းထက်ပြီး
ကြောက်စရာကျင့်ကြံခြင်းအခြေခံကို
ပိုင်ဆိုင်ထားခဲ့ကြသည်။

တချို့ကလည်း ဘိုးဘေးနဂါးသိုက်မှ လုံအိုထျန်းနှင့်
နှိုင်းယှဉ်နိုင်သည်ဟုပင် ပြောဆိုကြ၏။

"အမှန်ပဲ၊ သူတို့နှစ်ယောက်ထွက်လာရင်တောင်
ကျွင်းရှောင်ယောက်ကို အနိုင်ရချေက ငါးဆယ်၊

ငါးဆယ်ပဲ"

ဟွမ်ရွှမ်းရီက ခန့်မှန်းလိုက်လေသည်။

ဖုန့်ချင်းလင်လည်း ပို၍
စိတ်ပျက်အားငယ်လာတော့သည်။ ဤတစ်ခေါက်
သူထွက်လာချိန်တွင် ပြင်းပြင်းထန်ထန်
ထိခိုက်ခဲ့ရသည်။

တစ်ဖက်တွင် ရဲ့ရှင်းယွင်၏ မျက်လုံးများက
အလွန်အေးစက်နေသည်။

သူတို့လေးယောက် ပူးပေါင်းသည့်တိုင်
ကျွင်းရှောင်ယောက်ကို မယှဉ်နိုင်ဖြစ်နေမည်ဟု
တွေးပင် မတွေးခဲ့ဖူးပေ။

'ကြည့်ရတာ ငါ့ရတနာတိုက်ဖြစ်တဲ့ ကြယ်နန်းတော်ကို

မြန်မြန်တွေ့အောင်ရှာဖို့လိုနေပြီ။ ပြီးရင် ငါ့ခွန်အားကို မြန်မြန်တိုးတက်အောင် လုပ်ရမယ်၊ ဒါမှပဲ ကျွင်းရှောင်ယောက်ကို အသာစီးရယူနိုင်မယ်'

ရဲ့ရှင်းယွင် တွေးလိုက်သည်။

မြောက်ပိုင်းမှ ဝမ့်မိသားစုဘက်တွင် ဝမ့်ကန်းမှာလည်း မျက်နှာအမူအရာ မကောင်းပေ။

သူ့အစ်ကိုကြီး ဝမ့်ထန့်မှလွဲ၍ ဝမ့်ကန်းဟာ မည်သူ့ကိုမျှ မရှုံးစေဖို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးထားခဲ့သည်။ ယခုတော့ သူဟာ သနားစရာကောင်းအောင် အရိုက်ခံခဲ့ရချေပြီ။

'ဟမ့်၊ ကျွင်းမိသားစုက နတ်ဘုရားသားတော်က ငါ့အကိုကြီး ဧကရာဇ်ငယ်နဲ့ မနှိုင်းယှဉ်နိုင်သေးဘူး'

ဝမ့်ကန်းက အေးစက်စက်ဖြင့် တွေးလိုက်သည်။

သူကိုယ်တိုင်က ကျွင်းရှောင်ယောက်ကို အနိုင်မရသောကြောင့် အကိုကြီးနှင့်သာ နှိုင်းယှဉ်ရပေသည်။

အဆုံးသတ်တွင် ရန်ပန်က အရှက်အရဆုံးဖြစ်ခဲ့သည်။

နောက်ဆုံးတွင် သူက ကျွင်းရှောင်ယောက်ကို တိုက်ခိုက်ရန် ကိုယ်တိုင်ကိုယ်ကျ စိန်ခေါ်ခဲ့သူ ဖြစ်ချေသည်။ သူသည် ကျွင်းရှောင်ယောက် သူ့ကို စိန်ခေါ်ဝံ့ခြင်း မရှိဟူ၍လည်း အရှက်မရှိ ကြွားဝါခဲ့မိသည်။

ယခုတော့ အမှန်တရားသည် သူ့မျက်နှာကို ပြင်းပြင်းထန်ထန် ရိုက်ပုတ်ခဲ့ချေပြီ။

ပတ်ဝန်းကျင်မှလည်း
လှောင်ပြောင်သောအကြည့်များဖြင့် ကြည့်နေကြရာ
သူလုံးဝ သည်းမခံနိုင်တော့ပေ။

“ချီးပဲ…” ရန်ပန်က လက်သီးကို တင်းတင်းကြပ်ကြပ်
ဆုပ်လိုက်သည်။

"ငါ့ကိုယ်ငါ တိုးတက်အောင်လုပ်ဖို့
တခြားအခွင့်အရေးတွေကို အမြန်ဆုံးရှာရမယ်၊
အရေးကြီးဆုံးက တခြားဓားနှစ်ချောင်းကို
တတ်နိုင်သမျှ အမြန်ဆုံးရှာဖို့ပဲ"

"ပန်ဟွမ်ဓားသုံးလက်ကို တစ်လက်တည်းဖြစ်စေမှ
ကျွင်းရှောင်ယောက်ကို သတ်နိုင်လိမ့်မယ်"

ရန်ပန်က နီရဲနေသောမျက်လုံးများဖြင့်

အံကိုတင်းတင်းကြိတ်လိုက်သည်။

မနာလိုမှု၊ ဒေါသ၊ နာကြည်းမှုနှင့် အဆိုးမြင်စိတ် အမျိုးမျိုးတို့သည်လည်း သူ့နှလုံးသားထဲတွင် လှိမ့်ဝင်လာ၏။

သူ့ရင်ဘက်ထဲတွင် ကျွင်းရှောင်ယောက်က နှုတ်မရနိုင်သော ဆူးတစ်ချောင်းကဲ့သို့ နက်ရှိုင်းစွာ စိုက်ဝင်နေတော့သည်။

----------

အခန်း ( ၁၂၃ ) ကျွင်းရှောင်ယောက်ကတော့ ကမ္ဘာကြီးရဲ့အာရုံကို ထပ်ပြီးဆွဲဆောင်ပြန်ပြီ၊ ဝူမင်ယွဲ့နှင့် လောင်းကြေးထပ်ခြင်း

ပန်ဂူနတ်ဘုရားမင်းဆက်၏ ပွဲအပြီးတွင်...

ထိုနေရာ၌ ဖြစ်ပျက်ခဲ့သမျှ အရာခပ်သိမ်းတို့သည်
အင်မော်တယ်နယ်မြေတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

ခဏကြာသောအခါ ကျွင်းရှောင်ယောက်က
မရေမတွက်နိုင်သော လူများကြားတွင်
အံ့သြဘနန်းဖြစ်လာပြန်၏။

ထိုကဲ့သို့ ခံစားရသော နောက်ဆုံးအကြိမ်မှာ
အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်အတွင်း၌
အဓိပဓိနတ်ဆိုးအလောင်းကို
ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် အချိန်ဖြစ်သည်။

သို့သော်လည်း ဤတစ်ခါတော့ ပို၍ပင်

စိတ်လှုပ်ရှားစရာ ဖြစ်ခဲ့၏။

ကျွင်းရှောင်ယောက် ပါးရိုက်လိုက်သည်က
တစ်စုံတစ်ယောက်မကဘဲ
အင်မော်တယ်နတ်ဘုရားမင်းဆက်တစ်ခုလုံးကို
ဖြစ်သည်။

ဟုတ်ပေသည်၊ ဝူမင်ယွဲ့ကို သနားနေသော
အမျိုးသားတချို့လည်း ရှိသည်။

ပြဿနာများကြောင့် အလှလေးတစ်ယောက်၏
ကြင်ရာရွေးပွဲ ပျက်ဆီးသွားခဲ့ရလေသည်။

ကြင်ရာဖြစ်လာနိုင်သည့် ကျွင်းရှောင်ယောက်ကလည်း
ဝူမင်ယွဲ့ကို မထီမဲ့မြင်ပြုခဲ့၏။

လူများကြားမှ ကွာဟမှုသည် အဘယ်ကြောင့် ဤမျှ ကြီးမားရသနည်း။

သူတို့လက်လှမ်းမမီနိုင်သော နတ်သမီးလေးသည် ကျွင်းရှောင်ယောက်အတွက်တော့ စိတ်ဝင်စားစရာ လားလားမျှမရှိပေ။

ပွဲအပြီးတွင် အင်အားစုများအားလုံး ထွက်ခွာသွားကြသည်။ ကျန်းလော့လီသည် တုံ့ဆိုင်းနေသောလည်း တခြားသူများနှင့်အတူ ပြန်လည်ထွက်ခွာသွားရ၏။

ဤအဖြစ်အပျက်အပြီးမှာတော့ ကျန်းလော့လီဟာ ကျွင်းရှောင်ယောက်ကို ပို၍နှစ်သက် သဘောကျလာတော့သည်။

အနည်းဆုံးတော့ ကျွင်းရှောင်ယောက်က
မိန်းမလှမြင်တိုင်း မက်မောနေတတ်သည့်
လူယုတ်မာမျိုး မဟုတ်ပေ။

တကယ်တော့ ကျွင်းရှောင်ယောက်ဟာ
သူ့ကျွန်မိန်းကလေးနှင့် လက်မထပ်ချင်ယုံသာ
ဖြစ်သည်။

သို့သော်လည်း တခြားမိန်းကလေးများ၏အမြင်မှာ
ကျွင်းရှောင်ယောက်က သူတော်ကောင်းကြီး
ဖြစ်လာခဲ့ချေပြီ။

ဤအမျိုးသမီးများက တကယ်ကို ထူးခြားသည်။

ထို့နောက်တွင် ကျွင်းရှောင်ယောက်က

တိုက်ရိုက်မထွက်ခွာသေးဘဲ တော်ဝင်မြို့တော်မှာ
ရက်အနည်းငယ်ကြာ နေခဲ့သည်။

သူနေခဲ့ရခြင်းမှာလည်း အကြောင်းရှိ၏။

ညဉ့်အချိန်တွင်၊ တားမြစ်မြို့တော်ရှိ
တော်ဝင်နန်းတော်တစ်ခုလုံး လုံးဝ
တိတ်ဆိတ်နေသည်။

ထိုအချိန်တွင် အဖြူရောင်ဝတ် ပုံရိပ်တစ်ခုက
ခန်းမတစ်ခုဆီသို့  တိတ်တဆိတ် ရောက်ရှိလာသည်။
၎င်းက ကျွင်းရှောင်ယောက်သာ ဖြစ်ချေသည်။

တံခါးနားရှိ အစေခံလေးမှာတော့ အသာမှိန်းနေသည်။
၎င်းက ဝူမင်ယွဲ့၏ ကိုယ်ပိုင်အဖော် ရှီအာ ဖြစ်သည်။

ရုတ်တရက် ရှီအာ၏ လှပသော မျက်လုံးများသည် လအောက်မှ ဖြည်းညှင်းစွာ လျှောက်လှမ်းလာသည့် လူရိပ်တစ်ခုကို မြင်လိုက်ရသည်။ အဖြူရောင်ဝတ် ထိုလူရိပ်ကိုမြင်သောအခါ သူမ စိတ်ရှုပ်ထွေးသွား၏။

"အင်မော်တယ်တစ်ပါး ဆင်းသက်လာတာများလား"

ရှီအာ ရေရွတ်လိုက်သည်။

သူမဟာ အိပ်မက်မက်နေသည်ဟုပင် ထင်နေမိ၏။

"ဝူမင်ယွဲ့ အထဲမှာ ရှိလား"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

'ဟုတ်တယ်... အဲဒါ ကျွင်းမိသားစုရဲ့

နတ်ဘုရားသားတော်ပဲ'

ရုတ်တရက် သတိပြန်ဝင်လာပြီးနောက်
ရှီအာမျက်လုံးတွင် စိတ်လှုပ်ရှားမှု၊ ဝမ်းသာမှုများ
ပြည့်နှက်သွားသည်။

သူမက ကြက်အစာကောက်သကဲ့သို့
ခေါင်းတဆတ်ဆတ်ညိတ်ကာ  ပြောလိုက်သည်။

"မင်းသမီးရှိပါတယ်"

"ကောင်းပြီ"

ကျင်းရှောင်ယောက်လည်း တံခါးကို တွန်းဖွင့်၍
ဝင်သွားသည်။

ရှီအာကတော့ ယစ်မူးနေသောမျက်လုံးဖြင့်
လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်၏။

'ရှီအာ တကယ်ပဲ ကျွင်းမိသားစုက
နတ်ဘုရားသားတော်နဲ့ စကားပြောခဲ့ရတယ်။ ဘုရား
ဘုရား... နတ်ဘုရားသားတော်က
လရောင်အောက်မှာဆိုရင် ပိုပြီး
ချောမောလွန်းတာပါလား'

ရှီအာသည် ကျွင်းရှောင်ယောက်၏
ဆွဲဆောင်မှုအောက်မှ သူ့ကိုယ်သူ
ရုန်းမထွက်နိုင်တော့ပေ။

နန်းတော်အတွင်းရှိ မှန်တင်ခုံရှေ့တွင်...

ဝူမင်ယွဲ့က အသက်မပါသောမျက်လုံးများဖြင့်
ကြေးမုံကို တစ်ယောက်တည်း ထိုင်ကြည့်နေသည်။

မကြာသေးမီက ဖြစ်ပျက်ခဲ့သောအရာများသည်

မိန်းမပျိုလေး သူမအတွက် အမှန်ပင် ရက်စက်လွန်း၏။

သူ့ကို ရှောင်ချန်းနှင့် အဆက်အသွယ်ဖြတ်ရန် အတင်းအကြပ် ဖိအားပေးခံခဲ့ရပြီး ကျွင်းရှောင်ယောက်ကည်း လူသိရှင်ကြား မထိုက်တန်ကြောင်း ပြောခဲ့သည်။

သူမသည် အကြီးဆုံးမင်းသမီးဖြစ်သော် ယခုတော့ ဟာသတစ်ခု ဖြစ်လာခဲ့ချေပြီ။

မည်သည့်မိန်းကလေးမဆို ဤအခြေအနေဆိုးနှင့် ရင်ဆိုင်ရပါက မိမိကိုယ်ကိုယ် သတ်သေသွားမိမည် ဖြစ်သည်။

သို့သော်လည်း ဝူမင်ယွဲ့က သန်မာဆဲဖြစ်၍ သူမ၏

နှလုံးသားထဲတွင်လည်း အသက်ရှင်ရန်
အထောက်ပံ့များ ရှိနေဆဲပင်။

ယင်းက ရှောင်ချန်း ဖြစ်သည်။

ရှောင်ချန်း၏ဖွံ့လုံ့လနှင့် ဆုံးဖြတ်ချက်
ပြတ်သားပုံအရ ပြန်လည်နိုးထနိုင်မည်ဟု
သူမယုံကြည်ခဲ့ပေသည်။

ထိုအချိန်တွင် အဖြူရောင်ဝတ် လူရိပ်တစ်ခုက
သူမနောက်တွင် တိတ်တဆိတ် ထွက်ပေါ်လာသည်။

ကြေးမုံထဲတွင် ချောမောသော မျက်နှာတစ်ခုက
ထင်ဟပ်လာခဲ့၏။

"ကျွင်းရှောင်ယောက်"

ဝူမင်ယွဲ့ ရုတ်တရက် သတိပြန်ဝင်လာကာ ထိတ်လန့်မှုများလည်း ပြည့်နှက်သွားသည်။ ကျွင်းရှောင်ယောက်က သူ့ဆီရောက်လာမည်ဟု ထင်မထားခဲ့ပေ။

"မင်းငါ့ကိုဘယ်လိုခေါ်ရမှာလဲ"

ကျွင်းရှောင်ယောက် ရုတ်တရက်မေးလိုက်၏။

ဝူမင်ယွဲ့လည်း အသံများတိမ်ဝင်သွားကာ စကားလုံးနှစ်လုံးကို ဖျစ်ညှစ်ထုတ်လိုက်သည်။
"သခင်..."

"ကောင်းတယ်၊ မင်းက မင်းရဲ့ ကျွန်မိန်းကလေးဆိုတဲ့ လက္ခဏာကို မေ့သွားပုံရတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ဝူမင်ယွဲ့ လက်သီးကို တင်းတင်းဆုပ်ကာ ခေါင်းကို အနည်းငယ်ငုံ့လိုက်၏။ သူမ၏နှလုံးသားတွင်လည်း အရှက်တရားတစ်မျိုးကို ခံစားလာရတော့သည်။

"မင်ယွဲ့က ရှင်နဲ့မထိုက်တန်ဘူးလို့ ပြောခဲ့တာမဟုတ်ဘူးလား၊ အခုဒီကို ဘာလာလုပ်တာလဲ"

ဝူမင်ယွဲ့က အေးစက်စက်ဖြင့် ပြောလိုက်သည်။

"မင်း... စိတ်ဆိုးနေတာလား"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

ဝူမင်ယွဲ့၏ လေသံမှာ ခင်ပွန်းသည်က စွန့်ပစ်ခံရသည့်

မိန်းမနှင့်တူသကဲ့သို့ ဘာကြောင့် ခံစားနေရပါသနည်း။

"မဟုတ်ဘူး"

ဝူမင်ယွဲ့က တစ်ဖက်ကို လှည့်လိုက်သည်။ သူမတွင် ဤခံစားချက်မျိုး ဘယ်လိုလုပ်ပြီး ရှိနိုင်ပါမည်နည်း။

ကျွင်းရှောင်ယောက်၏ ကိုယ်လုပ်တော်မဖြစ်သည့်အတွက်ပင် စိတ်သက်သာရာ ရရသည်။

"မဟုတ်ဘူးလား၊ ငါ မင်းကို အမှားလုပ်မိတယ်၊ မင်းရဲ့ စိတ်ခံစားချက်ကိုလည်း ဂရုမစိုက်ခဲ့မိဘူး။ တောင်းပန်ပါတယ်"

ကျွင်းရှောင်ယောက်က ညင်သာစွာ ပြုံးလိုက်လေသည်။

ဝူမင်ယွဲ့လည်း အနည်းငယ် အံ့ဩသွားကာ မျက်ခုံးပင့်လိုက်သည်။

ကျွင်းရှောင်ယောက်က သူ့ကို တကယ်တောင်းပန်နေသလော။

သူ၏ နူးညံ့သိမ်မွေ့သော အပြုံးကလည်း ဘာလဲ။

ဝူမင်ယွဲ့၏ အတွေးများက အနည်းငယ် ရှုပ်ထွေးသွားကာ ဘယ်လိုမျက်နှာအမူအရာကို ပြသရမည်မှန်း မသိဘဲ ဖြစ်သွားသည်။

ကျွင်းရှောင်ယောက်က သူမကို နှစ်သိမ့်ပေးဖို့ ရောက်လာပါသလော။

ဝူမင်ယွဲ့စိတ်ထဲတွင် တွေးနေချိန်...

ကျွင်းရှောင်ယောက် မျက်နှာပေါ်ရှိ အပြုံးက ပိုနက်ရှိုင်းလာပြီး ပြောလိုက်သည်။

"ဒီတစ်ခါ မင်းဆီ ငါလာခဲ့တာက အင်မော်တယ်ကျောက်တွေ ဘယ်လောက်ရှိလဲလို့ မေးချင်တာကြောင့်ပါ။ ရှိရင် ငါ့ကို အကုန်ပေး၊ ငါအတင်းအကြပ်လုပ်ရအောင် ဖိအားမပေးပါနဲ့"

ဝူမင်ယွဲ့ "..."

သူမ အတွေးလွန်နေခဲ့ခြင်းပင်။

ကျွင်းရှောင်ယောက်က သူမကို နှစ်သိမ့်ဖို့

လာရောက်ခြင်းမဟုတ်ဘဲ
အင်မော်တယ်ကျောက်များကို
လာရောက်လုယက်ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ သက်ရှိများအတွက်
အန္တရာယ်ရှိပုံမရသော ချောမောလှပသည့်အပြုံးသည်
အမှန်ပင် နတ်ဆိုးတစ်ကောင်၏
အပြုံးတစ်ခုနှင့်မခြားပေ။

"ကျွင်းရှောင်ယောက်၊ ရှင်..."

ဝူမင်ယွဲ့၏ လှပသောမျက်နှာက နီရဲလာပြီး
သူနှလုံးသားတွင်လည်း ကျွင်းရှောင်ယောက်ကို
ကိုက်ဖဲ့ချင်စိတ်များ ဖြစ်ပေါ်နေတော့သည်။

ဤအကောင်က ရွံမုန်းစရာကောင်းလွန်းသည်။

"ဘာဖြစ်လို့လဲ၊ မရှိဘူးလား"

ကျွင်းရှောင်ယောက်၏ မျက်နှာက
ချက်ချင်းမှုန်တေသွားသည်။

ယခုလေးတင် သူ့မျက်နှာမှာ အပြုံးတစ်ခု
ပေါ်လာခဲ့သော်လည်း ယခုတော့ မုန်တိုင်းမတိုက်မီ
လေငြိမ်သက်ကဲ့သို့ ငြိမ်သက်နေခဲ့ပြီ။

"ငါးဆယ်ကျော်ပဲရှိတယ်။"

ဝူမင်ယွဲ့က ငွေရောင်သွားလေးများပေါ်သည်အထိ
အံကိုကြိတ်လိုက်သည်။

"ဒါဆိုရင်ပေး"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်၏။

ဝူမင်ယွဲ့လည်း ဒေါသတကြီးဖြင့်
အင်မော်တယ်အရင်းအမြစ်
ငါးဆယ်ကျော်ကိုလွှဲပေးကာ
လှပသောမျက်လုံးများဖြင့် ကျွင်းရှောင်ယောက်ကို
စိုက်ကြည့်လိုက်တော့သည်။

သေချာပြီ၊ ကျွင်းရှောင်ယောက်နှင့်ပတ်သက်၍ သူမ
အမြင်မမှားခဲ့ပေ။

မိစ္ဆာနတ်ဆိုး၊ အဲပင်ခေါင်း၊ ကောက်ကျစ်တဲ့ကောင်။

အင်မော်တယ်အရင်းအမြစ်ငါးဆယ်ကို ရယူပြီးနောက်
ကျွင်းရှောင်ယောက်ဟာ ခေါင်းကိုအနည်းငယ်
ခါယမ်းလိုက်သည်။

အင်မော်တယ်နတ်ဘုရားမင်းဆက်၏ မင်းသမီးက

သူထင်သလောက်လည်း ချမ်းသာပုံမရပေ။

ဝူမင်ယွဲ့၏ အသက်မဲ့သော မျက်နှာအမူအရာကိုကြည့်ကာ ကျွင်းရှောင်ယောက်က ခဏစဉ်းစားပြီး ပြောလိုက်သည်။

"ရှောင်ချန်းနဲ့ ပတ်သက်ပြီး စိတ်ကူးတွေရှိနေသေးလား"

ဝူမင်ယွဲ့က ပြန်မပြောဘဲ ကျောက်စိမ်းကွဲသို့နှုတ်ခမ်းကိုသာ ကိုက်ထား၏။

ကျွင်းရှောင်ယောက်က သဘောကျစွာ ရယ်မောပြီး ပြောလိုက်သည်။

"ရှောင်ချန်းရဲ့ မျက်နှာအစစ်ကို မင်း အခုထိ မသိသေးဘူးထင်တယ်၊ သူမင်းကို ကြိုးစားခဲ့တာက ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ ကြင်ရာအဖြစ်နဲ့

ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ အင်အားကိုယူသုံးပြီး
ငါ့ကို ရင်ဆိုင်ချင်လို့ပဲ"

"လူတိုင်းကို ရှင့်စိတ်နဲ့ မနှိုင်းစေချင်ဘူး"
ဝူမင်ယွဲ့က အေးစက်စက်ဖြင့် ပြောလိုက်သည်။

သူဟာ ရှောင်ချန်းကို အပြည့်အဝ ယုံကြည်ခဲ့၏။

"ဒါဆိုရင် ငါတို့လောင်းမလား"
ကျွင်းရှောင်ယောက်က ရုတ်တရက် ပြောလိုက်သည်။

“ဘာလောင်းမှာလဲ”
ဝူမင်ယွဲ့ မေးသည်။

"ရှောင်ချန်းကို လောင်းကြေးထပ်လိုက်ရုံပါပဲ၊

သူ့စရိုက် မင်းပြောတဲ့အတိုင်း တကယ်ဖြစ်ရင် ငါရှုံးမယ်၊ မင်းရဲ့ကျွန်အမှတ်အသားကိုလည်း ငါဖယ်ရှားပေးမယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"တကယ်ပဲလား"

ကျွင်းရှောင်ယောက်ထံမှ သူ့ကျွန်တံဆိပ်ကို ဖယ်ရှားမည်ဟု ကြားရသောအခါ ဝူမင်ယွဲ့ အလွန်ဝမ်းသာသွားသည်။

သူမကိုယ်တိုင်လည်း ဤတံဆိပ်မှ အမြဲလွတ်မြောက်ချင်နေခဲ့ပေသည်။

"ဒါပေါ့၊ ငါမှန်ရင်တော့ မင်းငါ့ကို လိုလိုလားလား သစ္စာခံရမယ်"

ကျွင်းရှောင်ယောက်က သူ့အင်္ကျီလက်ကိုခါယမ်းကာ

ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ ဝူမင်ယွဲ့လည်း ဆိုင်းမတွ ခေါင်းညိတ်ကာ သဘောတူလိုက်၏။

သူမ၏အမြင်တွင် ယင်းက ကျွန်တံဆိပ်ကိုဖယ်ရှားနိုင်ရန် အခွင့်အရေးပေးလာသည်နှင့် မခြားပေ။

"ကောင်းပြီလေ၊ အလောင်းအစားကို သတ်မှတ်ပြီးပြီ" ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းညိတ်ပြီး လှည့်ထွက်သွားသည်။

ဝူမင်ယွဲ့ နှင်းဖြူကျောက်စိမ်းကဲ့ မျက်နှာကလေးမှာလည်း မျှော်လင့်ချက်တို့

ဖြစ်ပေါ်လာ၏။

မကြာမီ သူမ၏ လွတ်လပ်မှုကို ပြန်ရလာတော့မည်။

ကျွင်းရှောင်ယောက်က သူ့နှုတ်ခမ်းကိုတွန့်ကွေးကာ
ခေါင်းကို တိတ်တဆိတ် ခါယမ်းလိုက်သည်။

'သနားစရာ မင်းသမီးလေးပဲ၊ အမှန်တရားက
တကယ့်ကို ရက်စက်လွန်းတယ်...'

ကျွင်းရှောင်ယောက်ဟာ ထွက်ခွာသွားသော
ရှောင်ချန်း၏ မျက်လုံးများတွင် ရူးသွပ်မှုနှင့်
ရက်စက်မှုအား သတိပြုမိခဲ့သည်။

ရူးသွပ်သောသူသည် ဘာမဆိုလုပ်တတ်၏။

ယင်းကလည်း ကျွင်းရှောင်ယောက်က ဂူမင်ယွဲ့ကို ထိန်းချုပ်နိုင်ခဲ့၍ ဖြစ်သည်။

မြင့်မြတ်သော အင်မော်တယ်နတ်ဘုရားမင်းဆက်မှ အကြီးဆုံးမင်းသမီးက ကျွင်းရှောင်ယောက်၏ လက်ဖဝါးထဲတွင် လုံးဝပြီးပြည့်စုံစွာ သရုပ်ဆောင်နိုင်ခဲ့ပေသည်။

----------

အခန်း ( ၁၂၄ ) ညအချိန်တွင် အားကျိုးနှင့် စကားပြောခြင်း၊ အမှောင်ကမ္ဘာအဖွဲ့အစည်းကို ဖျက်ဆီးပြီ၊ ရှောင်ချန်း၏ ရှူးလောက်စရာ လှုပ်ရှားမှု

နန်းတော်မှထွက်လာပြီးနောက်

ကျွင်းရှောင်ယောက်သည် ခြံဝင်းဆီသို့
ပြန်လာခဲ့လိုက်သည်။

သူသည် အင်မော်တယ်ကျောက်များကို သန့်စင်ရန်
ပြင်ဆင်ပြီးသောအခါ ကျွင်းကျန်းကျန့်ထံသို့
ကျောက်စိမ်းစလစ်နှင့် စာတစ်စောင်ပေးပို့ပြီး
ရှောင်ချန်းအကြောင်း မေးမြန်းလိုက်၏။

ရှောင်ချန်း၏ နောက်ကွယ်တွင်
လျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေသည်ဟု သူအမြဲတမ်း
ခံစားနေခဲ့ရလေသည်။

သို့ရာတွင် ယင်းက စူးစမ်းလိုစိတ်သက်သက်သာ
ဖြစ်သည်။

ယခုအခါ ရှောင်ချန်းက သူ့အတွက်

ခြိမ်းခြောက်မှုတစ်ခု မဟုတ်တော့ပါ။

ဤလျှို့ဝှက်ချက်ကို သိပြီးနောက်မှာတွင်
ကျွင်းရှောင်ယောက်အတွက်
လက်တစ်ဖက်တည်းနှင့်ပင်
သတ်လုနီးဖြစ်စေနိုင်သည်။

ကျွင်းရှောင်ယောက် ခြံဝင်းထဲကို
ပြန်ရောက်သောအခါ ရုတ်တရက် ကုချင်းသံစဉ်
ထွက်လာသည်။

ကျွင်းရှောင်ယောက်လည်း မော့ကြည့်လိုက်၏။

ထိုအခါ အဆောက်ဦးထိပ်တွင် တင်ပျဉ်ခွေထိုင်နေကာ
ကုချင်းတီးခတ်နေသော မီးခိုးရောင်ဝတ်
အမျိုးသမီးတစ်ဦးကို မြင်လိုက်ရသည်။

လရောင်အောက်တွင် သူမက ကျက်သရေရှိစွာ
လှပနေလေသည်။

သူမကို ကြည့်ရသည်မှာ လပန်းချီကားထဲမှ
နတ်သမီးတစ်ပါးနှင့်ပင် ဆင်တူလွန်းလှသည်။

မီးခိုးရောင်အဝတ်အစားများက
အဖိုးတန်ခြင်းမရှိသော်လည်း သူမ၏
ပြိုင်ဘက်ကင်းအလှကို ဖုံးကွယ်လို့မရပေ။

ယင်းက အားကျိုးသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း
အနှောင့်အယှက်မပေးတော့ဘဲ နေရာတွင်
တိတ်တဆိတ်ရပ်ကာ နားထောင်နေလိုက်သည်။

ထိုသီချင်းထဲမှာ မိန်းမတစ်ယောက်ဖြစ်သော်လည်း
သူ့ရဲ့ကောင်းဆန်သော အငွေ့အသက်များကို
သယ်ဆောင်ထား၏။

မိုးနှင့်မြေကြား၌ ခံ့ညားစွာရပ်နေသော
အဖြူရောင်ဝတ်စုံဖြင့် လူရိပ်တစ်ခုကိုလည်း
ခံစားနေခဲ့ရပေသည်။

ထိုလူရိပ်၏ နောက်ကွယ်တွင်ကား ထူးကဲသော
အသွင်သဏ္ဍာန်ကိုယ်စီဖြင့် လူရိပ်ရှစ်ခုရှိနေသည်။
တစ်ယောက်ချင်းစီက လွှမ်းမိုးနိုင်စွမ်းရှိကာ
လောကကြီးကို အထင်မြင်သေးသည့်ပုံ ရ၏။

ဤမြင်ကွင်းများက သူ၏ဖခင်
အဖြူရောင်ဝတ်နတ်ဘုရားဘုရင်နှင့် သူ၏

နောက်လိုက်ရှစ်ယောက်ကို ရည်ညွှန်းပုံရသည်။

သီချင်းပြီးသွားသည့်အထိ ကျွင်းရှောင်ယောက်ဟာ မျက်လုံးကိုမှိတ်ပြီး ခံစားနေဆဲပင်။

အချိန်အတော်ကြာမှ သူမျက်လုံးပြန်ဖွင့်လိုက်သည်။

"ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ကုချင်းပညာမှာ ပြိုင်ဘက်ကင်းပြီလို့ တွေးနေခဲ့မိတာ။ ဒီသံစဉ်ကိုကြားရမှတော့ ရေတွင်းအောက်ခြေက ဖားတစ်ကောင်လို ခံစားလိုက်ရတော့တယ်"

"စီနီယာက ဇာတ်လမ်းတစ်ခုကိုတောင် ကုချင်းသံစဉ်မှာ ပေါင်းစပ်နိုင်ခဲ့တာပဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

အားကျိုးက ကျွင်းရှောင်ယောက်ကို ကြည့်လိုက်သည်၏။ လေညင်းများ တိုက်ခတ်နေပြီး အပြာရောင် ပိုးထည်လေးများက လွင့်မျောနေကာ သူမ၏ ကြည်လင်ဝင်းပသော မျက်နှာကလေးကို ပေါ်လွင်စေခဲ့သည်။

"သခင်ငယ်၊ ဒီလိုမလုပ်ပါနဲ့၊ အားကျိုးလို့ပဲ တိုက်ရိုက်ခေါ်ပါ"

အားကျိုးသည် ကျွင်းရှောင်ယောက်ထက် အသက်ကော ခွန်အားပါ မြင့်မားသည်။ သို့သော်လည်း အလွန်နှိမ့်ချကာ ကိုယ့်ကိုယ်ကိုယ် တာအိုကာကွယ်သူတစ်ယောက်အဖြစ် မှတ်ယူထားခဲ့လေသည်။

အကြောင်းကတော့ ကျွင်းရှောင်ယောက်ဟာ

သူ့သခင်၏ တစ်ဦးတည်းသောသား
ဖြစ်သောကြောင့်သာ ဖြစ်သည်။

".အား...ကျိုး"

ကျွင်းရှောင်ယောက်ဟာ အနည်းငယ်
ကျင့်သားမရဖြစ်နေသည်။

နောက်ဆုံးတွင် အားကျိုး၏ အဆင့်အတန်းက
မြင့်မားလွန်းလှသည်။

သူမက ကျွင်းမိသားစုဝင်မဟုတ်ဘဲ ကျွင်းဝူဟွေ၏
နောက်လိုက်တစ်ဦးဖြစ်သောကြောင့်
ကျွင်းမိသားစုတွင် အဆင့်အတန်းမြင့်မားသည်။

သူ့အား မည်သူ့တာအိုကာကွယ်သူအဖြစ် ရှိရမည်ဟု
ပြောမည့်သူမရှိသလို စေခိုင်းမည့်သူလည်း မရှိပေ။

အရာအားလုံးကို သူမ စိတ်သဘောကျလုပ်နိုင်သည်။

သို့သော်လည်း ယခုတစ်ကြိမ်တွင် အားကျိုးက ကျွင်းရှောင်ယောက်၏ တာအိုကာကွယ်သူလုပ်ရန် အစပြု၍ ကမ်းလှမ်းလာသည်။

ဤအတွက် ကျွင်းမိသားစုမှ အကြီးအကဲများပင် အံ့သြသွားရ၏။

အကြောင်းမှာ တချိန်က ကျွင်းမိသားစု၏ ပထမစီကွမ်သည် အားကျိုးကို ကိုယ်တိုင်ဖိတ်ခေါ်ပြီး သူ့သခင်အဖြစ်ထားရန် ဆန္ဒရှိခဲ့သောကြောင့်ပင် ဖြစ်သည်။

ဟုတ်ပေသည်၊ ပထမစီကွမ်ပင် အားကျိုးကို တာအိုကာကွယ်သူဖြစ်စေရန် မတွေးဝံ့ခဲ့ပေ။

သူ့သခင်ဖြစ်လာလျှင်ပင် ကျေနပ်၏။

အားကျိုးတွင် နှစ်သွယ်မျက်လုံးရှိသောကြောင့် နှစ်သွယ်မျက်လုံးပိုင်ရှင်များအတွက် အကောင်းဆုံးဆရာပင် ဖြစ်သည်။

သို့သော်လည်း အားကျိုးက ငြင်းဆိုကာ လုံးဝ စိတ်မဝင်စားခဲ့ပေ။

ယခုတော့ သူမသည် ကျွင်းရှောင်ယောက်၏ နောက်လိုက်ဖြစ်လာရန် အစပြုလာခဲ့ပြီ ဖြစ်သည်။

လူများကြားမှ ကွာဟမှုသည် အမှန်တကယ် ကြီးမားလွန်းလှသည်။

ကျွင်းရှောင်ယောက်ထံမှ 'အားကျိုး' ဟူသော
ခေါ်သံကိုကြာစရသောအခါ
အားကျိုး၏နှုတ်ခမ်းများက ပြုံးသွားခဲ့ကြသည်။

ဤအပြုံးသည် ကမ္ဘာကြီးတစ်ခုလုံးကိုပင်
တုန်ခါသွားစေနိုင်စွမ်းရှိ၏။

တည်ငြိမ်လွန်းသော ကျွင်းရှောင်ယောက်ပင်
ဤအခိုက်တွင် အနည်းငယ်လှုပ်ရှားသွားရသည်။

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲ၌ ထူးဆန်းသော
အတွေးတစ်ခု ပေါ်လာသည်။

သူ့အဖေက သူ့နောက်လိုက်များကို ရုပ်ရည်ပေါ်
မူတည်ပြီး ရွေးချယ်မှာတော့ မဖြစ်နိုင်ဘူး

မဟုတ်လား။

တွေးပြီးသည်နှင့် ခေါင်းကို ခါယမ်းလိုက်မိသည်။
ဤအတွေးဟာ အမှန်တကယ် ရယ်စရာကောင်း၏။

"ဆင်တူလွန်းတယ်..."
အားကျိုးက ရုတ်တရက်ပြောလိုက်သည်။

ကြယ်ပွင့်များနှင့် ရှေးဦးဖရိုဖရဲအငွေ့အသက်များ
စီးဆင်းနေသော အားကျိုး၏ နှစ်သွယ်မျက်လုံးတွင်
အမှတ်တရတချို့က ဖျတ်ခနဲလက်သွားခဲ့လေသည်။

ကျွင်းရှောင်ယောက်က သူ့အဖေနှင့် အလွန်တူသည်။

အဖြူရောင်အဝတ်စားများနှင့် ထူးကဲသော

ကိုယ်နေဟန်ထား...

"အားကျိုး၊ အဖေ့ရဲ့ လက်ရှိအခြေအနေက ဘယ်လိုလဲ"

ကျွင်းရှောင်ယောက်က ရုတ်တရက်မေးလိုက်သည်။

သူအလွန်သိချင်နေမိ၏။

လွန်ခဲ့သည့် ဆယ်နှစ်က သူ့အဖေ ထွက်သွားရအောင် ဘာများ ဖြစ်ခဲ့သနည်း။

အားကျိုးက ခေါင်းကို အနည်းငယ်ခါယမ်းကာ ပြောလိုက်သည်။

"မင်းရဲ့ မိသားစုက မပြောသေးတဲ့အတွက် အားကျိုးမှာ ပြောစရာမရှိပါဘူး"

"ဒါပေမယ့် သခင်လေး အလျင်မလိုပါနဲ့၊
မင်းရဲ့ပါရမီက သခင့်ထက် အားမနည်းဘဲ မကြာခင်
လိုက်မီမယ်ဆိုတာ ယုံတယ်"
အားကျိုးက ပြောလိုက်သည်။

ကျွင်းရှောင်ယောက် အနည်းငယ်
ခေါင်းညိတ်လိုက်လေသည်။

ပန်ဝူကေရာဇ်သခင်နှင့်ပင် နှိုင်းယှဉ်နိုင်သော
ထူးခြားသည့် အမျိုးသမီးတစ်ယောက်က...

သူ့ရှေ့မှာတော့ ဖော်ရွေကာ နှိမ့်ချမှုရှိသည်။

ဤအတွက် အကြောင်းပြချက် အများစုက သူဟာ

ကျွင်းဝူဟော့၏သားဖြစ်သောကြောင့်မှန်း
ကျွင်းရှောင်ယောက်သိ၏။

သို့သော်လည်း ကျွင်းရှောင်ယောက် ဂရုမစိုက်ပေ။

အနာဂတ်တွင် အားကျိုးဆန္ဒရှိသ၍ သူ့အနောက်ကို
လွတ်လွတ်လပ်လပ် လိုက်ပါခွင့်ပြုမည် ဖြစ်သည်။

နောက်ရက်အနည်းငယ်အတွင်း၌
ကျွင်းရှောင်ယောက်သည်
အင်မော်တယ်ကျောက်များကိုသာ သန့်စင်နေခဲ့သည်။

အင်မော်တယ်ကျောက် ငါးဆယ်ကျော်နှင့်
ကျွင်ရှောင်ယောက်သည် နောက်ထပ်
ထာဝရအင်မော်တယ်အရိုး သုံးခုအား သန့်စင်နိုင်ခဲ့၏။

အင်မော်တယ် နယ်မြေတစ်ခုလုံး၌
ကျွင်းရှောင်ယောက်နှင့် ပတ်သက်သောသတင်းများ
ပြန့်နှံ့နေခဲ့ပြီ ဖြစ်သည်။

ထို့ထက် နောက်ထပ် ထိတ်လန့်စရာကောင်းသော
အဖြစ်အပျက်တစ်ခု ထွက်လာသည်။

ကျွင်းမိသားစုက အမှောင်ကမ္ဘာအဖွဲ့စည်းကို
သုတ်သင်ရှင်းလင်းရန် တပ်မဟာတစ်ခုအပြင်
မျိုးနွယ်စုအကြီးအကဲများနှင့်
ထိပ်တန်းတန်ခိုးရှင်များကိုပင် စေလွှတ်ခဲ့၏။

အင်မော်တယ်နယ်မြေကြီးရှိ နာမည်ကြီး
လူသတ်အဖွဲ့အစည်းတစ်ခုအနေဖြင့် ၎င်းတို့တွင်
နေရာပုံသေမရှိဘဲ ခြေရာခံမရပေ။

၎င်းတို့က အမှောင်ထဲတွင် ပုန်းကွယ်နေသော
သေမင်းနတ်ဘုရားများကဲ့သို့  သာမန်လူများ
လုံးဝခြေရာခံလို့ မရပါချေ။

အမှောင်ကမ္ဘာမှ လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရသော
မျိုးဆက်သစ်လူငယ်များအတွက်
လက်စားချေလိုသော အင်အားစုများစွာရှိခဲ့ဖူးသည်။

နောက်ဆုံးတွင် အမှောင်ကမ္ဘာကို
မချေမှုန်းနိုင်ရုံသာမကဘဲ ၎င်းတို့၏
ကလဲ့စားချေမှုကြောင့် မျိုးဆက်သစ်များစွာပင်
သေကြေပြီး ဒဏ်ရာအပြင်းအထန် ရခဲ့ကြရသည်။

သို့သော်လည်း ဒီတစ်ခါတော့ ကျွင်းမိသားစုအပြင်
ကျန်းမိသားစုကလည်း ကူညီထောက်ပံ့ပေးခဲ့၏။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က ကျန်းမိသားစုဝင်တစ်ပိုင်း ဖြစ်သည်။

ကျွင်းမိသားစုသည် ကျန်းမိသားစုမှ နာမည်ကျော် ကောင်းကင်ဗေဒင်ဆရာကိုခေါ်ပြီး အမှောင်ကမ္ဘာ၏ တည်နေရာကို တွက်ချက်စေသည်။

အဲဒီနောက် ကျွင်းမိသားစုက အကွက်ကြီးကြီးရွှေ့ကာ အားလုံးကို ချေမှုန်းပစ်လိုက်၏။

အမှောင်ကမ္ဘာ၏ ထိပ်တန်းလုပ်ကြံသတ်ဖြတ်သူများပင် ကျွင်းမိသားစုမှ ဘိုးဘေးဆယ့်ရှစ်နှင့် အခြားသူများ သတ်ဖြတ်ခြင်းကို ခံခဲ့ကြသည်။

ယင်းက အချိန်တစ်ခုကြာသည်အထိ
တိတ်ဆိတ်နေသော အင်မော်တယ်နယ်မြေကြီးကို
ထပ်မံတုန်ခါစေခဲ့သည်။

အမှောင်ကမ္ဘာက
အင်မော်တယ်မျိုးနွယ်မဟုတ်သော်လည်း
အင်မော်တယ်မျိုးနွယ်အောက်တွင်
အလွန်တန်ခိုးထွားး၏။

သို့သော်လည်း ထိုကဲ့သို့သော အင်အားစုသည်ပင်
အချိန်တိုအတွင်း ကျွင်းမိသားစု၏ အမြစ်ပြတ်
သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ဤအနေအထားသည် ကျွင်းမိသားစု၏ခွန်အားနှင့်
သဘောထားကို သိမြင်သွားစေခဲ့၏။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ကို
ပေါ့ပေါ့တန်တန် ရန်စလို့မရပေ။

တကယ်တော့ ကျွင်းမိသားစုက လူငယ်များကြားမှ
ပြိုင်ဆိုင်မှုကို ဂရုမစိုက်ပါ။

သို့သော်လည်း ကျွင်းရှောင်ယောက်ကိုအန္တရာယ်ပြုရန်
လှည့်ကွက်မျိုးစုံ သုံးမိလျှင်တော့ ကျွင်းမိသားစု၏
ကြောက်စရာကောင်းသော ကလဲ့စားချေမှုက သင့်ကို
နှုတ်ဆက်လာခဲ့မည် ဖြစ်သည်။

ထိုသတင်းကို ကြားရသောအခါ ကျွင်းရှောင်ယောက်
သက်ပြင်းချလိုက်၏။

ယင်းက ထိပ်တန်းမိသားစုတွင် မွေးဖွားခြင်း၏
အကျိုးကျေးဇူးများပင်။

ကျွင်းရှောင်ယောက်အဖို့ မျိုးဆက်တူများကို ဖြေရှင်းကာ အေးအေးဆေးဆေး လေ့ကျင့်နေသ၍ အရာအားလုံး အဆင်ပြေသွားရပေလိမ့်မည်။

ထိုအချိန်တွင် ဆက်သွယ်ရေး ကျောက်စိမ်းစလစ်က ရုတ်တရက် တုံ့ပြန်လာသည်။

ကျွင်းရှောင်ယောက်က ထုတ်ယူလိုက်သောအခါ ကျွင်းကျန်းကျန့်အသံ ထွက်ပေါ်လာခဲ့၏။

"နတ်ဘုရားသားတော်၊ ရှောင်ချန်းတော့ မင်းယုံတောင် မယုံနိုင်လောက်အောင် အသိစိတ်မဲ့တာတွေကို လုပ်နေပြီ"

ထို့နောက်တွင် သွေးသံတရဲရဲနှင့်

ရက်စက်ကြမ်းကြုတ်သော မြင်ကွင်းများက
ကျွင်းရှောင်ယောက်ရှေ့တွင် ထွက်ပေါ်လာသည်။

မြင်ကွင်းတွင် တစ်ရွာပြီးတစ်ရွာ အသတ်ခံခဲ့ရသည်။

သွေးများဖြင့် ဖုံးလွှမ်းနေသော
ရှောင်ချန်းမျက်နှာတွင်ကား မိစ္ဆာဆန်သော
အပြုံးတစ်ခု ရှိနေခဲ့၏။

သူ့ဘေးမှာတော့ ယောကျာ်း၊ မိန်းမနှင့်
ကလေးအလောင်းများပင် အပုံလိုက်၊
အထပ်လိုက်ရှိနေသည်။

ကျွင်းကျန်းကျန့်က မြက်ကိုရိုက်ကာ
မြွေကိုကြောက်စေမည် စိုးသောကြောင့်  အဝေးမှ
မှတ်တမ်းတင်ကာ ကျွင်းရှောင်ယောက်ထံသို့

ပေးပို့ခဲ့ခြင်း ဖြစ်ချေသည်။

'ရှောင်ချန်ရဲ့ ရှုးသွပ်မှုက ငါ့မျှော်လင့်ချက်တွေကို ကျော်လွန်သွားခဲ့ပြီပဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ' ကျွင်းရှောင်ယောက် တွေးလိုက်သည်။

ယင်းက စတေးခံ အခမ်းအနားတစ်ခုလိုကဲ့သို့ပင်။

တစ်ဖက်လူက မဟာမိစ္ဆာကြီးကို ဆင့်ခေါ်တော့မည်လော။

"ဘာပဲဖြစ်ဖြစ် ဒီလိုမြင်ကွင်းမျိုးကို ဝူမင်ယွဲ့ မြင်သင့်တယ်"

"ဒါမှ သူ့စိတ်ထဲက ရှောင်ချန်းရဲ့ ရိုးသားပြီး

တရားမျှတသလို ကြင်နာမှုရှိတဲ့မျက်နှာကို မြင်ရလိမ့်မယ်"

----------

အခန်း ( ၁၂၅ ) ညစ်ပတ်သော ကစားနည်းဗျူဟာ၊ ဝူမင်ယွဲ့ရဲ့ စိတ်ကူးတွေ ပျက်ဆီးသွားခဲ့ပြီ

ကျွင်းရှောင်ယောက် အနည်းငယ်ပြုံးလိုက်သည်။

ဤမြင်ကွင်းမျိုးကို မြင်ရပါက ဝူမင်ယွဲ့စိတ်ထဲတွင် အနည်းငယ်မျှ လက်ခံနိုင်မည် မထင်ပေ။

ဝူမင်ယွဲ့၏ စိတ်ထဲတွင် ရှောင်ချန်းက ဇွဲနပဲနှင့် လုံ့လရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

သို့သော်လည်း ထိုလူငယ်လေးသည် ယခုအခါ မကောင်းမှုများကို ပြုနေခဲ့ချေပြီ။

ယင်းက ဝူမင်ယွဲ့ နှလုံးသားထဲမှ လှပသော စိတ်ကူးများကို ဖြိုခွဲပစ်လိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ဝူမင်ယွဲ့၏ ခံစားချက်များကို ဂရုမစိုက်ပါ။

သူက ဝူမင်ယွဲ့ နှလုံးသားထဲမှ ထင်ယောင်ထင်မှားများကို ဖျက်ဆီးချင်ရုံသာ ဖြစ်သည်။ မဟုတ်လျှင် သူမကို ဘယ်လိုလုပ်ပြီး ပြီးပြည့်စုံစွာ ထိန်းချုပ်နိုင်မည်နည်း။

ဝူမင်ယွဲ့၏ နှလုံးသားက ဗလာဖြစ်နေချိန်တွင် ကျွင်းရှောင်ယောက်၏ပုံရိပ်က သဘာဝအတိုင်း နေရာယူသွားမည် ဖြစ်သည်။

'ဒီလိုလုပ်ရတာက နည်းနည်းတော့ ဆိုးသွားမလား' ကျွင်းရှောင်ယောက်က သူ့မေးစေ့ကို ပွတ်လိုက်သည်။

ဤနှလုံးသားအတွက် ကစားနည်းဗျူဟာများက ညစ်ပတ်နေတာတော့ အမှန်ပင်။

အကြောင်းမှာ ဝူမင်ယွဲ့၏ နတ်နန်းတော်အတွင်း၌ ကျွန်တံဆိပ်ကို ခပ်နှိပ်ပြီးသား ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏ အတွေးတစ်ချက်ဖြင့် ဝူမင်ယွဲ့ကို လာရောက်စေရန်

လှမ်းခေါ်နိုင်သည်။

အချိန်အတော်ကြာပြီးနောက် ကျွင်းရှောင်ယောက်ရှိရာ
ခြံဝင်းဆီသို့ ဝူမင်ယွဲ့ ရောက်လာခဲ့၏။

သူမက ယခင်ကအတိုင်း စကတ်ရှည်ကို
ဝတ်ဆင်ထားကာ လှပမြဲ လှပနေဆဲပင်။
သူမကိုမြင်ရပါက အမျိုးသားတိုင်း မနေနိုင်အောင်
စိတ်ဝင်စားသွားနိုင်လောက်သည်။

ဤနေရာတွင် ကျွင်းရှောင်ယောက်ကတော့
ခြွင်းချက်တစ်ခုပင်။

သူက လှောင်ပြောင်သရော်သော
မျက်လုံးတို့ဖြင့်ကြည့်၍ လျစ်လျူရှုစွာ
ပြောလိုက်သည်။

"ငါမင်းကို ဘာဖြစ်လို့ ခေါ်တယ်ဆိုတာ မင်းသိလား"

"ဘာလဲ"

ဝူမင်ယွဲ့ အံ့သြသွားသည်။

"မင်းကြည့်လိုက်"

ကျွင်းရှောင်ယောက်က ကျောက်စိမ်းစလစ်ကို ပစ်ပေးလိုက်၏။

ထိုအခါမှာတော့ အမျိုးမျိုးသော မြင်ကွင်းများနှင့် ပုံရိပ်များဟာ ဝူမင်ယွဲ့အရှေ့တွင် ထွက်ပေါ်လာတော့သည်။

"ဒါက ဘာလဲ..."

ဝူမင်ယွဲ့ အံ့သြသွားသည်။ မြင်ကွင်းတွင်

မိစ္ဆာတစ်ကောင်ကဲ့သို့ သွေးစွန်းနေသော ရှောင်ချန်းကို သူမ တွေ့လိုက်ရ၏။

ထိုအခိုက်တွင် သူမ၏ အသက်ရှူများပင် ရပ်တန့်သွားသကဲ့သို့ပင်။

သူမစိတ်များပင် ခဏတာ လွတ်သွားသည်။

သူ၏ တစ်ကိုယ်လုံးလည်း အေးခဲသွားရသည်။

လှပသော သူ့မျက်လုံးများသည်က ထိတ်လန့်မှုများဖြင့် တဖြည်းဖြည်း ပြူးကျယ်လာသည်။ သူ့မျက်နှာကား စက္ကူကဲ့သို့ ဖြူဖျော့သွား၏။

ယင်းက လူချင်း ရင်းနှီးသော်လည်း မရင်းနှီးသော မျက်နှာတစ်ခုဖြစ်သည်။

ထို့ကြောင့် ဝူမင်ယွဲ့ဟာ အချိန်အတော်ကြာသည်အထိ သတိပြန်မဝင်နိုင်တော့ပေ။

ကျွင်းရှောင်ယောက်ကလည်း မနှောင့်ယှက်ဘဲ တိတ်တဆိတ် စောင့်ကြည့်နေခဲ့သည်။

"ဒါ...ဒါကဘာလဲ။ ကျွင်းရှောင်ယောက်... နင်ငါ့ကို ဘာဖြစ်လို့ ဒီလိုနည်းနဲ့လှည့်စားလာတာလဲ"

ဝူမင်ယွဲ့က ဖြူဖျော့နေသောမျက်နှာဖြင့် ပြောလိုက်သည်။

သူဟာ ကျွင်းရှောင်ယောက်ကို နာမည်တပ်ခေါ်လိုက်ပြီး သခင်ဟုခေါ်ရမှန်းလည်း

မသိတော့ပေ။

ယင်းကိုကြည့်လျှင် မည်မျှ ဖရိုဖရဲဖြစ်ပြီး
သူမနှလုံးသားကို ထိတ်လန့်စေကြောင်း သိနိုင်သည်။

ယင်းက ဘယ်လိုလုပ်ပြီး
ရှောင်ချန်းဖြစ်နိုင်ပါမည်နည်း။

ကျွင်းရှောင်ယောက်က ဂရုမစိုက်ဘဲ အသာပြုံးကာ
ပြောလိုက်သည်။

"လောင်းကြေးတစ်ခုအတွက် ငါမင်းကို
လှည့်စားမှာမဟုတ်ဘူး

"မဟုတ်ဘူး… နင်ငါ့ကို လိမ်နေတာ၊ ဒီလူက
ဘယ်လိုလုပ်ပြီး ရှောင်ချန်း ဖြစ်ရမှာလဲ"

"သူက အကြောင်းမရှိရင် အပြစ်မဲ့သူတွေကို ဘယ်တော့မှ သတ်မှာ မဟုတ်ဘူး"

ဝူမင်ယွဲ့က မယုံကြည်နိုင်ဟန်ဖြင့် အော်ဟာစ်လိုက်သည်။ သူ့လည်ပင်းတွင်လည်း အပြာရောင်သွေးပြန်ကြောအချို့ ပေါ်လာခဲ့၏။

"အပြစ်ရှိတဲ့သူတွေလား။ အပြစ်မဲ့ရွာသားတွေက အပြစ်ရှိလား၊ ဒီကလေးတွေရော အပြစ်ရှိတာလား"

ကျွင်းရှောင်ယောက် ရယ်မောလိုက်၏။

သို့တိုင် ဝူမင်ယွဲ့က မယုံသေးပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က ကြိုတင်မျှော်လင့်ထားပြီး ဖြစ်သောကြောင့် ပြောလိုက်သည်။

"မင်း မယုံမှတော့ သွားကြည့်တာပေါ့"

ဤအတွက် ကျွင်းရှောင်ယောက်ဟာ တည်နေရာကို ကြိုတင်မေးခဲ့ပြီးချေပြီ။

ကံကောင်းထောက်မစွာဖြင့် ရှောင်ချန်းနှင့် သူတို့ကြားအကွာဝေးက မဝေးလှပေ။

ခေါင်းကိုးလုံး ခြသေ့်ကြီးက လေထဲသို့ခုန်တက်သွားခဲ့သည်။
ကျွင်းရှောင်ယောက်လည်း ဝူမင်ယွဲ့ကိုခေါ်ကာ ခေါင်းကိုးလုံး ခြသေ့်ကိုစီးရင်း လိုက်ပါသွား၏။

ခေါင်းကိုးလုံးခြသေ့်ကြီးလည်း အလွန်မြင့်မားသော အမြန်နှုန်းဖြင့် ပျံသန်းသွားတော့သည်။

.........

ထိုအချိန်တွင်၊ ပန်ဝူတာအိုစီရင်စု အစွန်းရှိ တောင်ပေါ်ရွာငယ်လေးတစ်ခုတွင်...

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး နီးကပ်လာခဲ့ပြီ ဖြစ်သည်။

သွေးလွှမ်းနေသော ရှောင်ချန်းသည် သက်ကြီးရွယ်အိုများ၊ အားနည်းသော အမျိုးသမီးနှင့် ကလေးများဆီကို လျှောက်လှမ်းသွား၏။

သူ့လက်ထဲမှာတော့ ကျောက်စိမ်းပုလင်းအချို့ကို ကိုင်ဆောင်ထားခဲ့သည်။

ကျောက်စိမ်းပုလင်းတစ်ခုစီတွင် လူငယ်နှင့် မိန်းမပျိုများ၏ သွေးအနှစ်သာရနှင့် ပြည့်နှက်နေသည်။

ရှောင်ချန်းသည် တော်ဝင်မြို့တော်မှ ထွက်ခွာသွားပြီးနောက် လမ်းတလျှောက်လုံးရှိ ကျွမ်းကျင်သူ အစောင့်အကြပ်မရှိသော တောင်ပေါ်ကျေးရွာအချို့မှ လူများကို ချက်ချင်းသတ်ဖြတ်ပစ်ခဲ့သည်။

ထို့ကြောင့် သူသည် သွေးအနှစ်သာရများစွာကို စုဆောင်းထားနိုင်ခဲ့၏။

"သွေးအနှစ်သာရ တစ်ရာကျော်ကျန်သေးတယ်၊ သွေးအနှစ်သာရအားလုံးကို စုဆောင်းပြီးမှ

ရှေးဟောင်းလူထူးဆန်းကို လွှတ်ပေးနိုင်ပြီး ကျွင်းရှောင်ယောက်ကို သတ်ခိုင်းလို့ရမှာ"

"ရှေးဟောင်းလူထူးဆန်းနဲ့ဆိုရင် ကျွင်းရှောင်ယောက် သေချာပေါက် အသတ်ခံရပြီ၊ ဟားဟားဟား၊ သူသေသွားမှာကို ငါ့မျက်စိနဲ့ ကိုယ်တိုင် မြင်ချင်တယ်၊ သူ့ကို အရေခွံဆုပ်ပြီး တစ်စစီ လုပ်ပစ်မယ်"

ရှောင်ချန်း၏ အဝတ်အစားများက သွေးများစွန်းထင်းကာ ဆံပင်များကလည်း ညစ်ပတ်နေသည်။ သူ့မျက်နှာမှာတော့ ရက်စက်မှုများ ပြည့်နှက်နေ၏။

အရင်က ချောမောခန့်ညားသော အသွင်အပြင်ဟာ လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ။ လက်ရှိတွင် သူက ငရဲမှတက်လှမ်းလာသော နတ်ဆိုးမိစ္ဆာတစ်ကောင်နှင့် ပိုတူသည်။

"ရှောင်ချန်း၊ မင်း... ဟင်း..."

မိုးပြာနဂါးသခင်လည်း ဘာပြောရမှန်းမသိတော့ပေ။

အကယ်၍ ရှောင်ချန်း၏ ရန်သူသည် ကျွင်းရှောင်ယောက်မဟုတ်ပါက သူ့အကူအညီဖြင့် မျှော်လင့်ချက်ရှိသေးသည်။

ကံမကောင်းစွာဖြင့် ရှောင်ချန်းဟာ သူမကိုင်တွယ်နိုင်သော ရန်သူတစ်ယောက်ကို ဖြစ်ပေါ်စေခဲ့သည်။

"ဖြစ်ကောင်းဖြစ်နိုင်တာကတော့ အဲဒီ ရှေးဟောင်းလူထူးဆန်းဟာ ရှောင်ချန်းရဲ့ နောက်ဆုံးမျှော်လင့်ချက်ပဲ"

မိုးပြာနဂါးသခင် သက်ပြင်းချလိုက်သည်။

ရှောင်ချန်းအတွက် ကျွင်းရှောင်ယောက်ကို
လုပ်ကြံရန်ကလည်း မဖြစ်နိုင်ပေ။

အမှောင်ကမ္ဘာက ဥပမာကောင်းတစ်ခု ဖြစ်သည်။

သူ၏ အကြွင်းအကျန်ဝိညာဉ်က ကျွင်းမိသားစုကို
ဖြေရှင်းရန် မလုံလောက်ပေ။

ယခုဆိုလျှင် ရှေးဟောင်း မိုးပြာနဂါးတိုင်းပြည်လည်း
ပျောက်ကွယ်သွားခဲ့ပြီမို့ မင်းသားဟူသော
အဆင့်အတန်းလည်း မရှိတော့ပါ။

မိုးပြာနဂါးသခင်သာ ရှောင်ချန်းကို ချစ်သောကြောင့်

ဆက်နေခဲ့ခြင်း ဖြစ်သည်။

အားလုံးပြီးလျှင်တော့ ဘိုးဘေးနဂါးသိုက်တွင် ခိုလှုံလိုက်ရပေတော့မည်။

နောက်ဆုံးတွင် သူက မိုးပြာနဂါးအသွင်ပြောင်းကျမ်းကို လေ့ကျင့်ထားသောကြောင့် ဘိုးဘေးနဂါးသိုက်နှင့် သက်ဆိုင်သည်ဟု ဆိုနိုင်သည်။

အဝေးမှာတော့ ကျွင်းကျန်းကျန့်သည် အမှောင်ထဲမှ စောင့်ကြည့်နေဆဲပင်။

သူဟာ ရှောင်ချန်းထံမှ အလွန်ပြင်းထန်သော ဝိညာဉ်အတက်အကျတည်ရှိမှုကို ယောင်ဝါးဝါး သတိပြုနေမိသည်။

ထို့ကြောင့်ပင် အနီးမကပ်ဘဲ အဝေးမှ ကြည့်နေခဲ့ခြင်း ဖြစ်ပေသည်။

ဤအခိုက်အတန့်တွင် အဝေးမှ ရွှေရောင်အလင်းတန်းများ ရုတ်တရက် လင်းလက်လာသည်။

မကြာမီ ကြီးကျယ်ခမ်းနားသော ခေါင်းကိုးလုံးခြင်္သေ့ကြီးသည် ကောင်းကင်မှ ဆင်းသက်လာခဲ့၏။

ခေါင်းကိုးလုံးခြင်္သေ့ကြီး အပေါ်မှာတော့ ပုံရိပ်နှစ်ခု ရှိနေသည်။ ယင်းက ကျွင်းရှောင်ယောက်နှင့် ဝူမင်ယွဲ့သာ ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်လည်း သွေးစွန်းနေသော ရွာကလေးကို တစ်ချက်ကြည့်လိုက်သည်။

ရှောင်ချန်းသည် ခွန်အားမဲ့သော သက်ကြီးရွယ်အိုနှင့် အားနည်းသော အမျိုးသမီးများ၊ ကလေးသူငယ်များရှေ့တွင် သတ်ဖြတ်ချင်စိတ်များဖြင့် ရပ်နေခဲ့၏။

ယင်းကိုမြင်ပြီးနောက် ဝူမင်ယွဲ့ ထိတ်လန့်သွားကာ မျက်လုံးများလည်း  တုန်လှုပ်သွားတော့သည်။

"ရှောင်ချန်း၊ တကယ်ကို နင်ပဲ"

ဝူမင်ယွဲ့လည်း မယုံနိုင်ဟန်ဖြင့် သူမ၏ အနီရောင်နှုတ်ခမ်းများကို လက်ဖြင့်အုပ်လိုက်သည်။

ထိုအသံကိုကြားသောအခါ ရှောင်ချန်း ရုတ်တရက်

သတိပြန်ဝင်လာခဲ့၏။ ဖိုအခါမှာတော့ ခေါင်းကိုးလုံး ခြသေ့်ပေါ်တွက်ရပ်နေသော ကျွင်းရှောင်ယောက်နှင့် ဝူမင်ယွဲ့ကို မြင်လိုက်ရတော့သည်။

"သေစမ်း၊ ကျွင်းရှောင်ယောက် ဒီနေရာကို ဘယ်လိုရှာတွေ့သွားတာလဲ"

ရှောင်ချန်း မျက်နှာပျက်သွားသည်။

သူ၏ နောက်ဆုံးမျှော်လင့်ချက်လည်း ပျောက်ဆုံးသွားတော့ပါမည်လော။

"ရှောင်ချန်း၊ ငါ့ကိုပြောစမ်းပါ... ဒါတွေအားလုံးကို နင်လုပ်ခဲ့တာ မဟုတ်ဘူး မဟုတ်လား"

ဝူမင်ယွဲ့ တုန်ယင်နေသောအသံဖြင့် အော်ဟစ်လိုက်သည်။

သွေးစွန်းနေသော ရှောင်ချန်း၏ မျက်နှာကတော့ အေးစက်နေဆဲပင်၊ သူ့မျက်လုံးများတွင်လည်း လျစ်လျူရှုမှု အငွေ့အသက်များ ပြည့်နှက်နေသည်။

"ဝူမင်ယွဲ့ ခွေးမ၊ မင်း ဒီကိုလာတာ ကျွင်းရှောင်ယောက်က ငါ့ကို ဘယ်လို အရှက်ခွဲမလဲဆိုတာ ကြည့်ချင်လို့မဟုတ်လား"

ဝူမင်ယွဲ့ကိုမြင်သောအခါ ရှောင်ချန်း ပို၍မုန်းတီးသွား၏။

အကြောင်းမှာ ကျွင်းရှောင်ယောက်နှင့် ဝူမင်ယွဲ့က အင်မော်တယ်နတ်သား၊ နတ်သမီးကဲ့သို့ အတူတူ ရပ်တည်နေကြသောကြောင့်ပင်။

သို့ဆိုလျှင် ရှောင်ချန်းကကော ဘယ်လိုလဲ။

ရှုံ့ညှံ့ထဲမှ ညစ်ပတ်သော ပိုးကောင်။

ဤနှိုင်းယှဉ်မှုမျိုးကို မည်သူကများ ခံနိုင်ပါမည်နည်း။

ရှောင်ချန်း၏စကားကို ကြားရသောအခါ ဝူမင်ယွဲ့၏ မျက်နှာကလေးက ဖြူဖျော့သွားခဲ့သည်။ သူမ နှလုံးသားထဲမှ လှပသော စိတ်ကူးယဉ်မှုများလည်း ကွဲအက်သွားခဲ့ရချေပြီ။

ကျွင်းရှောင်ယောက်က သူမကို မလိမ်ညာခဲ့ပေ။

ဤသည်ကမှ ရှောင်ချန်း၏ မျက်နှာအစစ်။

တစ်ကိုယ်ကောင်းဆန်သော ကြောင်သူတော်

လူကြမ်းတစ်ယောက်ပင် ဖြစ်တော့သည်။

----------

အခန်း ( ၁၂၆ ) ဝူမင်ယွဲ့နှင့် ရှောင်ချန်းတို့ ဆန့်ကျင်ဘက်သို့ ရပ်တည်ကြပြီ၊ မိုးပြာနဂါးသခင် လျှပ်ရှားခြင်း၊ ဒီနတ်ဘုရားသားတော်က မင်းကို လွတ်လပ်ခွင့်ပြန်ပေးမယ်။

ဤအခြေအနေထိရောက်မှ ဘာမှပြောစရာ မလိုတော့ပါ။

ဝူမင်ယွဲ့ကိုယ်တိုင် မျက်လုံးနှင့် တပ်အပ်မြင်နေခဲ့ရပြီ ဖြစ်သည်။

ယခုမှ သူမသည် ယခင်က မည်မျှ မိုက်မဲပြီး
နုံအသည်ကို နားလည်ခဲ့ရသည်။

သူသည် ရှောင်ချန်းကဲ့သို့ ဗီလိန်တစ်ယောက်
လှည့်စားခြင်းကို ခံခဲ့ရ၏။

ကံကောင်းထောက်မစွာဖြင့် ရှောင်ချန်းနှင့်
သွေးသားနီးစပ်သော ဆက်ဆံရေးမျိုး မရှိခဲ့ပါ၊
မဟုတ်ပါက ဝူမင်ယွဲ့၏ ဘဝတစ်သက်တာလုံး
နောင်တရနေခဲ့ရမည် ဖြစ်သည်။

မျက်ရည်များ စီးကျနေကာ နောင်တရနေပုံရသော
ဝူမင်ယွဲ့ကိုကြည့်ရင်း ကျွင်းရှောင်ယောက်
သက်ပြင်းချလိုက်သည်။

နောက်ဆုံးတော့ ဝူမင်ယွဲ့လည်း အဖြစ်မှန်ကို

သဘောပေါက်သွားပြီ။

တကယ်တော့ ရှောင်ချန်းသည် ဝူမင်ယွဲ့ကို
သဘောကျသည်၊ သို့ရာတွင်
အသုံးချချင်စိတ်များလည်း ရှိ၏။

ကံမကောင်းစွာဖြင့် အဆုံးမှာတော့
ကျွင်းရှောင်ယောက်၏ ဖျက်ဆီးခြင်းကို ခံခဲ့ရချေပြီ။

ဝူမင်ယွဲ့သည် ရှောင်ချန်းကို လုံးဝလက်လွှတ်
ပေးလိုက်ပြီဖြစ်သည်။

တချိန်တည်းမှာပင် ဒေါသစိတ်တို့ဖြင့် အနည်းငယ်
ရှုံ့ရှာသွားမိ၏။

ရှောင်ချန်းက ခုခံနိုင်စွမ်းမရှိသော
သက်ကြီးရွယ်အိုများနှင့် အားနည်းသော
အမျိုးသမီးများ၊ ကလေးငယ်များကိုပင်
အလွတ်မပေးပေ။

ရူးမိုက်သော ကျင့်ကြံသူတစ်ယောက်ဆိုလျှင်ပင်
သာမန်လူများအပေါ်၌ ဤမျှရက်စက်လိမ့်မည်
မဟုတ်ပါချေ။

ဝူမင်ယွဲ့၏ မျက်လုံးများတွင် ရှောင်ချန်းက
သူမ၏ရိုးသားမှုကို လှည့်စားသော
လူလိမ်တစ်ယောက်မျှ မကပါ။

ထို့ထက် သူက အသိတရားမဲ့ကာ လူမဆန်သော
လူသတ်သမားတစ်ယောက် ဖြစ်သည်။

"ရှောင်ချန်း၊ နင်က လူလိမ်သာမကဘဲ
လူ့အသိစိတ်မရှိတဲ့ မိစ္ဆာတစ်ကောင်လည်း ဖြစ်နေပြီ၊
အဓိပၸဓိယွမ်ထျန်း ရတနာသိုက်ထဲမှာ နင့်ကို
ကူညီခဲ့မိတာ တကယ်ကို ရှက်စရာပဲ။
ငါအမြင်မရှိခဲ့ဘူး"

ဝူမင်ယွဲ့ အလွန်နောင်တရသွားသည်။ သူက
အလွန်မိုက်မဲကာ အရှက်ကွဲခံပြီး ရှောင်ချန်းအား
ခုခံကာကွယ်ပေးခဲ့မိ၏။

ထိုအချိန်က ကျွင်းဝမ်ကျဲကို ရက်စက်စွာ
တိုက်ခိုက်ကတည်းက သူ့သဘောသဘာဝကို
ထုတ်ဖော်ခဲ့ပြီဖြစ်သည်။

သို့သော်လည်း သူမကတော့ ကိုယ့်ကိုယ်ကိုယ်
ဖြည့်တွေးကာ နှစ်သိမ့်ခဲ့လေသည်။

ယခုမှ ရှောင်ချန်းဟာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး ခံစားချက်မရှိကြောင်း သိလာခဲ့ရသည်။

ထိုအကြောင်းကိုတွေးလေ ဝူမင်ယွဲ့ဟာ ပို၍ ဒေါသထွက်လာလေပင်။ ထိုအချိန်တွင် အားနည်းပြီး အားကိုးရာမဲ့သော ရွာသားများကို ရှောင်ချန်းအနားတွင် မြင်လိုက်ရသောအခါ… သူမ သည်းမခံနိုင်တော့ပါ။

သူ့ခန္ဓာတွင်း၌ စွမ်းအင်များက လှည့်ပတ်လာကာ ရှောင်ချန်းထံသို့ အစွမ်းထက် လက်ဝါးရိုက်ချက်များ ထုတ်ဖော်လိုက်သည်။

ယင်းကိုမြင်သောအခါ ရှောင်ချန်း နှလုံးသားက ပို၍ နာကျင်သွား၏။ ထို့ဆကြောင့် ရူးသွပ်စွာ လှောင်ပြောင်ပြောဆိုလိုက်သည်။

"ခွေးမ၊ မင်းက မင်းရဲ့အတွင်းစိတ်သဘောကို တကယ်ကြီး ချပြလာပြီပဲ၊ မင်းပါ ငါ့ကို ဖယ်ရှားပစ်ချင်နေတာ"

ရှောင်ချန်းကလည်း ဟိန်းဟောက်ကာ အပြာရောင်အလင်းများနှင့် မိုးပြာနဂါးလက်သီးအား ထုတ်ဖော်လိုက်သည်။

ယခင်က တာအိုလက်တွဲဖော် ဖြစ်လာနိုင်သူ နှစ်ဦးသည် ယခုအခါတော့ ရန်သူများကဲ့သို့ ထိပ်တိုက်ရင်ဆိုင်နေကြပြီ။

ကျွင်းရှောင်ယောက်က ဤမြင်ကွင်းကို ပေါ့ပေါ့ပါးပါး အမူအရာဖြင့် ကြည့်နေလိုက်သည်။

ဤအရာအားလုံးက သူ့ကြောင့်ဖြစ်သည်ချည်းပင်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ နှလုံးသားက လုံးဝ
မပြောင်းလဲဘဲ ရယ်ချင်နေမိသည်။

ယခုအခါ ရှောင်ချန်းနှင့် ဝူမင်ယွဲ့တို့ အမှန်တကယ်
ရင်ဆိုင်နေကြပြီ။

ရှောင်ချန်းသည် ကျွင်းရှောင်ယောက်အရှေ့၌ အလွန်
အားနည်းလွန်းလှသည်။

သို့တိုင် ရှောင်ချန်း၏စွမ်းအားက
ထိပ်တန်းပါရမီရှင်တစ်ယောက် ဖြစ်နိုင်ပါသေးသည်။

နတ်ဘုရားမင်းဆက်၏
အကြီးဆုံးမင်းသမီးဖြစ်သောကြောင့်
ဝူမင်ယွဲ့၏ခွန်အားက မဆိုးလှသော်လည်း

ကံကြမ္မာသားတော် ရှောင်ချန်းနှင့် နှိုင်းယှဉ်ပါက
အနည်းငယ်အားနည်းနေဆဲပင်။

"အင်မော်တယ်ခွဲဖြာလက်ဝါး"

ဝူမင်ယွဲ့က ကျောက်စိမ်းကဲ့သို့လက်ဝါးကို
လှန်လိုက်သည်နှင့် ထောင်နှင့်ချီသော
လက်ဝါးပုံရိပ်များ ချက်ချင်းထွက်ပေါ်လာသည်။

ရှောင်ချန်း မျက်နှာသည်လည်း
တင်းမာခက်ထန်သွား၏။

ဤခွေးမက သူ့ကို တကယ်သတ်ချင်နေသည်။

"ခွေးမ၊ ငါ့ကို သနားလို့ အပြစ်မတင်နဲ့"

ရှောင်ချန်းမျက်လုံးက ရူးသွပ်မှုနှင့်

သွေးဆာလာသည်။

သူက အစွမ်းထက် တိုက်ကွဲဖြစ်သော နဂါးချိုးဖြတ်ခုနစ်ကွက်ကို ထုတ်ဖော်လိုက်သည်။

လက်သီးခုနစ်ချက်က တစ်ခုပြီးတစ်ခု
ပေါက်ကွဲထွက်ပေါ်လာကာ
လက်သီးတစ်ချက်စီကလည်း တစ်ချက်စီထက်
ပိုကြမ်း၏။

သူက သဘာဝစွမ်းအင်များနှင့်
လိုက်လျောညီထွေဖြစ်ကာ နဂါးတစ်ကောင်ကဲ့သို့
ပြောင်းလဲလာသကဲ့သို့ပင်။

"ဝုန်း ဝုန်း ဝုန်း"

လက်သီးသုံးချက်တည်းဖြင့် ဝူမင်ယွဲ့၏
တိုက်ကွက်များ ပျက်ဆီးသွားသည်။

စတုတ္ထမြောက် လက်သီးချက်ကြောင့် ဝူမင်ယွဲ့ဟာ
ဒိုင်းတစ်ခုကို ထုတ်ဖော်လိုက်ရ၏။ သို့တိုင် သူ့ခန္ဓာက
တုန်ခါကာ သွေးပန်လုနီး ဖြစ်ရပါသေးသည်။

ထိုအချိန်တွင် ပဉ္စမမြောက် လက်သီးချက်က ဆင့်ကာ
ထွက်ပေါ်လာသည်။ ယင်းက သွေးတစ်ပွက်အန်ကာ
နှင်းဖြူကဲ့သို့အဝတ်အစားများအား
နီစွေးသွားစေခဲ့၏။

ဆဋ္ဌမမြောက် လက်သီးချက်
ထွက်ပေါ်လာသောအခါမှာတော့ ဝူမင်ယွဲ့၏
လက်တစ်ဖက်က အရိုးတချို့ကျိုးသွားခဲ့တော့သည်။

ထိုအချိန်တွင် သတ္တမမြောက် လက်သီးက ဝူမင်ယွဲ့၏
ဦးခေါင်းကို ဦးတည်လာသည်။

ရှောင်ချန်းက တိုက်ခိုက်ရာတွင် လုံးဝ
အထိန်းအကွပ်မရှိတော့ပေ။

ဝူမင်ယွဲ့လည်း ကြမ်းကြုတ်သောမျက်နှာဖြင့်
ရှောင်ချန်းကို တစ်ချက်ကြည့်လိုက်၏။

ရှောင်ချန်းက သူမကို အမှန်တကယ်
သတ်ရန်ကြံစည်နေကြောင်း လုံးလုံးလျားလျား
နားလည်လိုက်ချေပြီ။

သူမ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အေးစက်မှု၊ စိတ်ပျက်အားငယ်မှု၊ နောင်တ၊ ခံစားချက်မျိုးစုံက သူ့ရင်ထဲတွင် လှိုက်တက်လာသည်။

ထိုအချိန်တွင် ဂူမင်ယွဲ့၏ ချောမွတ်သောပုခုံးပေါ်သို့ လက်ဝါးတစ်ဖက် ကျဆင်းလာသည်။

တစ်ချိန်တည်းမှာပင် အေးစက်စက် အသံတစ်ခု ထွက်ပေါ်လာခဲ့၏။

"ရှောင်ချန်း၊ ဒီနတ်ဘုရားသားတော်ရဲ့ မျက်လုံးအောက်မှာ သတ်ဖြတ်ချင်တိုင်း သတ်နေရအောင် ငါမရှိဘူးလို့ ထင်နေတာလား"

ထို့နောက် ဂူမင်ယွဲ့နားထဲတွင် ပေါက်ကွဲသံတစ်ချက်

ကြားလိုက်ရသည်။

သူမ မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်သောအခါ
သွေးအန်နေသော ရှောင်ချန်းအား မြင်တွေ့လိုက်ရ၏။

သူမ ခေါင်းကို အနည်းငယ် လှည့်လိုက်သည်နှင့်
ချောမောခန့်ညားသော  မျက်နှာတစ်ခုဟာ
သူမရှေ့တွင် ပေါ်လာလေတော့သည်။

"မင်း အဆင်ပြေလား"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
မေးလိုက်သည်။

ဝူမင်ယွဲ့ ခဏတာ အံ့အားသင့်သွား၏။ သူမ
ပြန်ဖြေရန်ပင် မေ့သွားသည်။

ထိုအခါ ကျွင်းရှောင်ယောက်၏နှုတ်ခမ်းတွင်
အပြုံးတစ်ခု ဖြစ်ပေါ်လာသည်။

လက်သီးခြောက်ချက် ထုတ်ဖော်ကာ ဝူမင်ယွဲ့
သွေးအန်ပြီး ဒဏ်ရာရသွားသည်အထိ
ကျွင်းရှောင်ယောက်က မမြင်သကဲ့သို့
မလှုပ်ရှားသေးပေ။

တစ်ဖက်လူက သတ်ဖြတ်ရန် ကြိုးစားလာမှ
ကျွင်းရှောင်ယောက်က လှုပ်ရှားပေးလိုက်သည်။

ထို့အတွက်ကြောင့် ဝူမင်ယွဲ့သည် ပိုပြီး
လေးနက်သောအတွေးများ ဝင်သွားစေနိုင်ခဲ့၏။

အရေးကြီးဆုံးအချိန်တွင် သူမအသက်ကို

ဘယ်သူကယ်ခဲ့တာလဲ။

အသိစိတ်လွတ်သွားပုံရသော ဝူမင်ယွဲ့ကို
လျစ်လျူရှုကာ ကျွင်းရှောင်ယောင်က
ရှောင်ချန်းကိုကြည့်ပြီး အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"အဆုံးသတ်ဖို့ အချိန်ကျပြီ"

ထို့နောက် လက်ဝါးတစ်ချက် ထုတ်ဖော်လိုက်၏။

ရှောင်ချန်း မျက်နှာတွင်လည်း ထိတ်လန့်မှုများ
ပြည့်နှက်သွားတော့သည်။

ထိုအချိန်တွင် အိုမင်းသော အသံတစ်ခု
ထွက်ပေါ်လာသည်။

"ရှောင်ချန်း၊ ငါ မင်းကို နောက်ဆုံးအကြိမ် ကူညီပေးမယ်"

ရှောင်ချန်းနောက်ကွယ်တွင် ပုံရိပ်ယောင်ကဲ့သို့ အပြာရောင်ဝတ်ရုံကြီးဖြင့် ရှေးဦးဝိညာဉ်တစ်ခု ထွက်ပေါ်လာခဲ့၏။

ယင်းက မိုးပြာနဂါးသခင်သာ ဖြစ်ချေသည်။

"မင်းက ရှောင်ချန်းရဲ့နောက်ကွယ်က အဘိုးကြီးလား" ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက တည်ငြိမ်နေဆဲပင်။

မိုးပြာနဂါးသခင်က သူ့ကို ဘာမျှ မလုပ်ဝံ့ကြောင်း သေချာပေါက် သိသည်။

မျှော်လင့်ထားသည့်အတိုင်း မိုးပြာနဂါးသခင်က ကျွင်းရှောင်ယောက်ကို ကြောက်စရာကောင်းအောင် တစ်ချက်ကြည့်လိုက်၏။

ထို့နောက်တော့ သန်မာသော ဝိညာဉ်စွမ်းအားများ ထွက်ပေါ်လာကာ လေဟာပြင်ကိုချိုးဖြတ်၍ ရှောင်ချန်းကိုခေါ်ဆောင်ပြီး ထွက်ပြေးသွားလေတော့သည်။

ထိုလေဟာပြင် အက်ကြောင်းအတွင်းမှ ရှောင်ချန်း၏ ဟိန်းဟောက်သံကိုလည်း ကြားလိုက်ရသည်။

"ကျွင်းရှောင်ယောက်၊ ငါ ရှောင်ချန်း မင်းအသက်ကို သေချာပေါက် ပြန်ယူမယ်"

အသံထွက်လာပြီးနောက်မှာတော့
လေဟာပြင်အက်ကြောင်းလည်း
ပြန်ပိတ်သွားတော့သည်။

ကျွင်းရှောင်ယောက်ကလည်း ဆက်လိုက်ရန်
ရည်ရွယ်ချက်မရှိတော့ပေ။

အားကျိုးက သူနှင့်ရှိနေနိုင်သော်လည်း
ကျွင်းရှောင်ယောက်၏
သေခြင်းရှင်ခြင်းကိုသာဂရုစိုက်၍ တခြားသူများကို
စိတ်ထဲမထည့်ပါ။

ထို့ပြင် သူဆန္ဒရှိပါက ရှောင်ချန်းကို အချိန်မရွေး
သတ်နိုင်စွမ်းရှိ၏။ တချိန်တည်းမှာပင် သူ့ကို
သတ်နိုင်မည်ဟူသော ရှောင်ချန်း၏
ယုံကြည်မှုကိုလည်း သိချင်နေမိသည်။

"နတ်ဘုရားသားတော်၊ မင်းမလိုက်ဘူးလား"

ကျွင်းကျန်းကျန့်၏အသံ ထွက်ပေါ်လာသည်။

"မလိုက်ဘူး၊ ရှောင်ချန်းက ငါ့ကို နောက်တစ်ကြိမ်
ကိုယ်တိုင်လာရှာဦးမယ်ဆိုတာ ငါသိတယ်။
ဒီလိုဆိုမှတော့ ဘာဖြစ်လို့ စိတ်ရှုပ်ခံပြီး
လိုက်ရှာနေရဦးမှာလဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံးကာ
ခေါင်းကိုခါယမ်းလိုက်သည်။

ရှောင်ချန်းက သူ့ကို သတ်ချင်နေသူဖြစ်သောကြောင့်
သဘာဝအတိုင်း လာရှာပေလိမ့်မယ်။

ဝူမင်ယွဲ့ကို ပြန်လှည့်ကြည့်လိုက်သောအခါ သူမက

လမ်းပျောက်နေသကဲ့သို့ပင်။

သူမ၏ နှလုံးသားသည် ဗလာဖြစ်နေသည်။

ယခင်ပုံရိပ်များက ကွဲကြေသွားသောအခါ
ရင်ဘက်တစ်ခုလုံး ဗလာကျင်းသွား၏။

ကျွင်းရှောင်ယောက်က ရှေ့သို့ ခြေတစ်ချက်လှမ်းကာ
ဝူမင်ယွဲ့ကို ကြည့်လိုက်သည်။

ဝူမင်ယွဲ့ကလည်း ကျွင်းရှောင်ယောက်ကို
ပြန်ကြည့်လိုက်၏။

အစောပိုင်းမှ ကယ်တင်မှုကြောင့်
ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ယခုအချိန်တွင်

ကျွင်းရှောင်ယောက်ကို ရွံ့ရှာမှုမျိုး မရှိတော့ပါ။

"ဒီအလောင်းအစားမှာ မင်ယွဲ့ရှုံးတယ်"

ဝူမင်ယွဲ့က ခေါင်းငုံ့ကာ ခါးသက်သက်ဖြင့် ပြုံးလိုက်သည်။

ရှောင်ချန်းက သူမ၏စိတ်ကူးများကို ဖျက်ဆီးပစ်ခဲ့သောကြောင့် အလောင်းအစားရှုံးကာ ကျွင်းရှောင်ယောက်၏ ကျွန်မိန်းကလေး ဖြစ်နေဆဲပင်။ ထို့ကြောင့် သဘာဝအတိုင်း ရှိုးသားရမည် ဖြစ်သည်။

ထိုစဉ် ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်၍ လေထဲသို့ ဖမ်းဆုပ်လိုက်သည်။

ဝူမင်ယွဲ့ အံ့သြသွား၏။

သူမ၏ နတ်နန်းတော်အတွင်းရှိ ကျွန်တံဆိပ်သည် ယခုအခါ လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ။

ဝူမင်ယွဲ့ ရုတ်တရက် ခေါင်းမော့ကာ မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဒါ...ဘာလို့... ငါ အလောင်းအစားကို ရှုံးသွားခဲ့ပြီ မဟုတ်ဘူးလား"

ဝူမင်ယွဲ့၏ နှလုံးသားထဲတွင် အံ့အားသင့်မှုများ ပြည့်နှက်သွားသည်။

သူမက အလောင်းအစားတွင် ရှုံးနိမ့်သွားတာ ထင်ရှားသော်လည်း ကျွင်းရှောင်ယောက်ကတော့

ကျွန်တံဆိပ်ကို ရုတ်သိမ်းလိုက်ဆဲပင်။

"ဒီနတ်ဘုရားသားတော်က တခြားသူတွေကို ကျွန်ခံစေတာကို မကြိုက်ဖူး၊ ငါ့နောက်ကို လိုက်မဲ့သူက စိတ်ရင်းမှန်နဲ့ပဲ ဖြစ်ရမယ်"

"မင်းက လက်မခံချင်တာကြောင့် ဒီနတ်ဘုရားသားတော်က အတင်းဆွဲထားမှာမဟုတ်ဘူး၊ ဂုဏ်ယူပါတယ်… မင်းရဲ့လွတ်လပ်မှုကို ပြန်ရသွားခဲ့ပြီ"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။ ထို့နောက်တော့ ဂရုမစိုက်တော့ဘဲ အနောက်ကိုလှည့်ကာ ထွက်သွားလိုက်တော့သည်။

----------

အခန်း ( ၁၂၇ ) မက်မောဖွယ်အစီအစဉ်၊ ဝူမင်ယွဲ့ လုံးဝ အညံ့ခံလိုက်ခြင်း၊ ကျွင်းမိသားစု၏ ပထမစီကွမ် ပြန်ရောက်လာပြီ။

ဝူမင်ယွဲ့ လုံးဝ မယုံနိုင်လောက်အောင် အေးခဲသွားသည်။

ယင်းက နတ်ဆိုးနှင့်တူသော ကျွင်းရှောင်ယောက်ပဲလား။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ မျက်နှာက အပြောင်းအလဲမရှိပေ။

သူက ကျွင်းရှောင်ယောက်အတွက် လုံးဝ အရေးမကြီးတာ အမှန်ပဲလား။

သူက အရေးမကြီးလျှင် သူ့ကို ကယ်တင်ရန် ဘာကြောင့် ကြိုးစားခဲ့သနည်း။

ဝူမင်ယွဲ့၏ နှလုံးသားထဲတွင် အတွေးမျိုးစုံ ဝင်လာသည်။

သူမသည် အစကတည်းက ကျွင်းရှောင်ယောက်ပေါ်တွင် နားလည်မှုလွဲသွားသည်ဟု ရုတ်တရက် ခံစားလိုက်ရသည်။

တကယ်တော့ သူသည် မေတ္တာနှင့် နွေးထွေးမှု ရှိသူဖြစ်သည်။

ထိုစရိုက်ကို အပြင်ပန်း အေးစက်စက်အမူအရာက

ဖုံးကွယ်ထား၏။

မဟုတ်ပါက သူ့ကို အဘယ်ကြောင့် ကယ်မည်နည်း။

အလောင်းအစားကို အနိုင်ရရှိခဲ့သည့်တိုင်
အဘယ်ကြောင့် ကျွန်တံဆိပ်ကို ရုတ်သိမ်းပြီး
လွတ်မြောက်စေခဲ့ပါသနည်း။

ထွက်ခွာသွားသော
ကျွင်းရှောင်ယောက်မျက်နှာမှာတော့ လျစ်လျူရှုမှု
အရိပ်အယောင်များ ရှိနေဆဲပင်။

ဝူမင်ယွဲ့သည် ရုတ်တရက် အနည်းငယ်
ခံစားလိုက်ရသည်။

သူသည် ကျွင်းရှောင်ယောက်အပေါ်တွင် အမြဲတမ်း နားလည်မှုလွဲနေခဲ့ကြောင်း သိလာရ၏။

အရင်ကတည်းက ရှောင်ချန်းသည် သူမကို အသုံးပြုနေကြောင်း ကျွင်းရှောင်ယောက်မှ သတိပေးခဲ့သည်။

သို့တိုင် သူမက နားမထောင်ဘဲ ကျွင်းရှောင်ယောက်ကိုပင် ဗီလိန်တစ်ယောက်ဟု တွေးခဲ့ပါသေးသည်။

ယင်းကိုတွေးပြီးနောက် ဝူမင်ယွဲ့ဟာ မနေနိုင်တော့ဘဲ ဝေဝါးလာသောမျက်လုံးတို့ဖြင့် ပြေးလိုက်သွားခဲ့သည်။

"သခင်"

ကျွင်းရှောင်ယောက်က ခေတ္တရပ်လိုက်၏။

တစ်ဖက်တွင်ကား ကျွင်းကျန်းကျန့်သည်
အံ့အားသင့်လွန်း၍ သူ့မေးရိုးပင် မြေပြင်ပေါ်သို့
ပြုတ်ကျလုနီး ဖြစ်သွားရတော့သည်။

အင်မော်တယ်နယ်မြေကြီး၌
အလွန်နာမည်ကျော်ကြားသော
အင်မော်တယ်မင်းဆက်တစ်ခု၏
မင်းသမီးကြီးဝူမင်ယွဲ့သည် အမှန်တကယ်သခင်ဟု
အစပပြုကာ ခေါ်ဝေါ်လာတော့မည်လော။

ယင်းက ကျွင်းကျန်းထျန်းကို
အမြင်ကျယ်သွားစေခဲ့သည်။

ထို့အပြင် ဤသည်က အကျပ်ကိုင်ခြင်းမဟုတ်ဘဲ

ဝူမင်ယွဲ့၏စိတ်သဘောအရ အစပြုလာခြင်း ဖြစ်သည်။

"ဟမ်၊ ဒီနတ်ဘုရားသားတော်က မင်းကို လွတ်လပ်ခွင့်ပေးခဲ့ပြီ မဟုတ်ဘူးလား"
ကျွင်းရှောင်ယောက် မျက်မှောင်ကြုတ်လိုက်သည်။

ဝူမင်ယွဲ့ နှုတ်ခမ်းကို ကိုက်လိုက်၏။ သူမ၏မျက်နှာက ရှက်ရွံ့မှုကြောင့် အနည်းငယ်နီမြန်းသွားသော်လည်း ဆက်ပြောလိုက်လေသည်။

"အရင်က မင်ယွဲ့ဟာ သခင်ကို နားလည်မှုလွဲခဲ့တယ်။ အခုတော့ သခင့်ကို ကျေကျေနပ်နပ် စိတ်ရင်းမှန်နဲ့ ဦးညွတ်ခဲ့ပါပြီ"

ထို့နောက် ဝူမင်ယွဲ့ဟာ ကျွင်းရှောင်ယောက်ကို ဦးညွှတ်လိုက်သည်။

'လခွမ်း'

ထိုအခြေအနေကိုမြင်ပြီးနောက် ကျွင်းကျန်းကျန့်လည်း စိတ်ထဲမှ မကျိန်ဆဲဘဲ မနေနိုင်တော့ပေ။

"မင်းဒီလိုလုပ်စရာမလိုပါဘူးး
မင်းရဲ့ကျွန်တံဆိပ်မရှိတော့ဘူး"

ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

"သခင်၊ မင်ယွဲ့က အလောင်းအစားကြောင့်မဟုတ်ဘဲ ရိုးရိုးသားသား ဦးညွတ်တာပါ"

ဝူမင်ယွဲ့ဟာ အနည်းငယ် စိတ်မသက်မသာဖြစ်သွားသည်။

သူမ နှလုံးသားက ဗလာဖြစ်နေရကာ
ကျွင်းရှောင်ယောက်တစ်ယောက်ပဲ
အမှတ်အသားပြုနိုင်ခဲ့၏။

ကျွင်းရှောင်ယောက်သာ ဤအခိုက်တွင်
လက်လွှတ်ခဲ့ပါက ဗလာအခြေအနေသို့
ပြန်ရောက်သွားတော့မည် မဟုတ်ပါလော။

သူမ လက်မခံလိုပေ။

"ဟင်း... ဘာပဲဖြစ်ဖြစ် မင်းငါ့နောက်ကို လိုက်ဖို့
ဆန္ဒရှိမှတော့ ငါ မင်းကို လိုအပ်တဲ့အခါ လာရှာမယ်"
ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်၊ မင်ယွဲ့က သခင်ကို တစ်သက်လုံး

သစ္စာရှိသွားမှာပါ... သခင်က တွေးနေသ၍..."
ဝူမင်ယွဲ့က တုံ့ဆိုင်းသွားသည် ။

"ဘာလဲ"

ကျွင်းရှောင်ယောက်က ပြန်မေးလိုက်၏။

"ဘာမှမဟုတ်ပါဘူး"

ဝူမင်ယွဲ့ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်လေသည်။

ကျွင်းရှောင်ယောက်က ပန်ဝူနတ်ဘုရားမင်းဆက်၏
ကြွင်းရာဖြစ်နေပြီဟု သူမ ပြောမထွက်ပေ။

"ကောင်းပြီ၊ ပြန်ကြရအောင်"

ကျွင်းရှောင်ယောက်က ခေါင်းကိုးလုံး ခြသေ့်ပေါ်သို့
တက်သွားပြီးနောက် ဝူမင်ယွဲ့ကလည်း

လိုက်ပါတက်လိုက်သည်။

သေချာစဉ်းစားပြီးနောက်၊ ဝူမင်ယွဲ့သည် ကျွင်းရှောင်ယောက်ကို ပို၍ကြည့်လေ၊ နတ်သက်ကြွေလာသော နတ်သားတစ်ပါးကဲ့သို့ ခံစားလာလေပင်။

'ငါတကယ်မိုက်မဲတာပဲ၊ အဲဒီအချိန်က ရှောင်ချန်း အတွက်ကြောင့်နဲ့ ဒီလောက်ချောတဲ့သခင်ကို ဘာလို့မုန်းရတာပါလိမ့်'

ဝူမင်ယွဲ့သည် သူ့ကိုယ်သူ တိတ်တဆိတ် ပြစ်တင်လိုက်မိသည်။

သို့သော်လည်း တစ်ဖက်လှည့်နေသော ကျွင်းရှောင်ယောက်မျက်နှာတွင် ထူးခြားသောအပြုံးတစ်ခု ဖြစ်နေမှန်း သူမသိပေ။

'ကိုင်တွယ်ရတာခက်လိုက်တာ၊ ငါက
လှည့်စားတာဟုတ်ဘူး...'

ကျွင်းရှောင်ယောက်က
တိတ်တဆိတ်တွေးလိုက်သည်။

ဤလှုပ်ရှားမှုသည် သဘာဝအတိုင်း သူကစားခဲ့သော
လှည့်ကွက်လေးတစ်ခုမျှသာ ဖြစ်သည်။

စာချုပ်ဖြင့် ချုပ်နှောင်ထားလျှင် ဝူမင်ယွဲ့က
စိတ်ရင်းမှန်ဖြင့် ဦးညွတ်မည် မဟုတ်ပါ။

ထို့ကြောင့် ခြေတစ်လှမ်းဆုတ်ကာ ဝူမင်ယွဲ့၏
ကျွန်အမှတ်အသားကို တိုက်ရိုက်ဖျက်ပစ်လိုက်ခြင်းက
ပိုကောင်းသည်။ ၎င်းက သူမကို ကျေးဇူးတင်စိတ်
ဖြစ်သွားစေနိုင်ခဲ့၏။

ကျွင်းရှောင်ယောက်ဟာ သူ့နည်းလမ်းက ဝူမင်ယွဲ့ကို သူ့ထံ တစ်ရာ ရာခိုင်နှုန်း ဦးညွတ်မည်ဟုတော့ အာမမခံမခံနိုင်ပါ။ တချိန်တည်းမှာပင် ဝူမင်ယွဲ့က အညံ့မခံလျှင်ပင် သူကလည်း ဂရုမစိုက်ပေ။

အသုံးမဝင်တော့သော နယ်ရုပ်တစ်ခုကို စွန့်ပစ်လိုက်ရုံသာ ရှိသည်။

အနောက်ဘက်မှာတော့ ကျွင်းကျန်းကျန့်မျက်လုံးများတွင် သဘောကျမှုများ ဖြစ်ပေါ်လျက်ရှိ၏။

ကျွင်းရှောင်ယောက်အပေါ် သူ၏ လေးစားမှုများကလည်း မြစ်တစ်စင်းကဲ့သို့ အရှိန်အဟုန်ဖြင့် ထိုးဆင်းလာတော့သည်။

အင်မော်တယ်မင်းဆက်၏အကြီးဆုံးမင်းသမီးကို ဤမျှနာခံမှုရှိစေရန် ကိုင်တွယ်နိုင်စွမ်းက ကျွင်းရှောင်ယောက် တစ်ဦးတည်း၌သာ ရှိနိုင်လောက်သည်။

မည်သို့ဆိုစေ ဤကိစ္စကတော့ ယာယီပြီးသွားခဲ့ချေပြီ။

ကျွင်းရှောင်ယောက်သည် ဝူမင်ယွဲ့နှင့် ရှောင်ချန်းကို ဆက်တိုက်လှည့်စားခဲ့ပြီး နောက်ဆုံး လှည့်ကွက်တစ်ခုဖြင့် ဝူမင်ယွဲ့၏ နှလုံးသားကို ပြန်လည်ရယူနိုင်ခဲ့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က စိတ်ထဲမထားပေ။

မုန်တိုင်းတစ်ခုက စတင်ရုံမျှ ရှိသေးသည်ဟု
ယောင်ဝါးဝါး သူခံစားနေရသည်။

'အခု အိမ်ကိုပြန်ပြီး ရိတ်သိမ်းမှုကို
ရေတွက်ချိန်တန်ပြီ'

ကျွင်းရှောင်ယောက်က စိတ်ထဲတွင်
ရေရွတ်လိုက်သည်။

ဤတစ်ခါတော့ သူဟာ အိမ်ကိုခဏပြန်ဖို့
ဆုံးဖြတ်ထား၏။

ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင်
သတိပေးချက်တစ်ခုရှိနေလေသည်။ ပါရမီရှင်များ
နိုးထလာပြီး ကမ္ဘာကြီး၏ ပြိုင်ဆိုင်မှုတို့
ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်နှင့် အခြားသူများသည် တော်ဝင်မြို့တော်သို့ ပြန်လာခဲ့ကြသည်။
ကျွင်းရှောင်ယောက်နှင့် ကျွင်းကျန်းကျန့်သည် ကျွင်းမိသားစုသို့ ပြန်သွား၏။

ဝူမင်ယွဲ့ကတော့ ပန်ဝူဘုရားမင်းဆက်တွင်သာ ချန်ရစ်ခဲ့တော့သည်။

နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်ကို သူမ အညံ့ခံခဲ့သောအကြောင်းက ကျွင်းရှောင်ယောက်နှင့် ကျွင်းကျန်းကျန့်သာ သိသည်။

အစမှအဆုံးအထိ ရှောင်ချန်းဟာ သူ့ကိုခြိမ်းခြောက်ပြီး ဝူမင်ယွဲ့၏ နတ်နန်းတော်တွင် ကျွန်တံဆိပ်ရိုက်နှက်ခဲ့ကြောင်း မသိခဲ့ရပါ။

အကယ်၍ ရှောင်ချန်းသိလျှင်တော့ ယင်းက
သူတို့နှစ်ဦးကိုခွဲခွာရန် ကျွင်းရှောင်ယောက်၏
အစီအစဉ်ဖြစ်ကြောင်း အဖြေရှာနိုင်မည် ဖြစ်သည်။

အပြန်လမ်းတွင် ကျွင်းရှောင်ယောက်က
နောက်အစီအစဉ်များကို ရေးဆွဲနေသည်။

ပထမအချက်မှာ ရိုတ်သိမ်းမှုများကို
ချေဖျက်ရန်ဖြစ်သည်။

ဒုတိယအချက်ကတော့ သူ၏ အနှိုင်းမဲ့အရိုးများကို
ပြောင်းလဲနိုင်မည်ဆိုသော
မြင့်မြတ်ဝိညာဉ်အကယ်ဒမီသို့ သွားရပေလိမ့်မည်။

တတိယအချက်က အဆင့်နိမ့်ကမ္ဘာသို့သွား၍
ဗလာကျမ်း၏ ဒုတိယတွဲကိုရှာရန် ဖြစ်သည်။

သူ့အနေဖြင့် ကောင်းကင်ကျမ်းကိုးအုပ်ကို လုံးဝ မမေ့နိုင်ပေ။

ထို့အပြင် အံ့ဖွယ်ခုနစ်ခုထဲမှ ကြေးခန်းမလည်း ရှိသည်။

ထိုနေရာတွင် လက်မှတ်ထိုးဝင်ရန် နောက်ထပ်အခွင့်အရေးတစ်ခုရှိ၏။

သို့သော်လည်း ကြေးအင်မော်တယ်ခန်းမက မည်သည့်အချိန်မှ ထွက်ပေါ်လာမည်မှန်း သူမသိပေ။

ကျွင်းရှောင်ယောက်တွင် ကြေးအိမ်မြှောင်ရှိရင်တောင် သဲလွန်စနည်းနည်းလေးမျှ ရှာလို့မရပါ။

ရက်အနည်းငယ်ကြာပြီး နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်နှင့် ကျွင်းကျန်းကျန့်သည် အိမ်ပြန်ရောက်လာခဲ့ကြသည်။

ကျွင်းရှောင်ယောက်သည် အိမ်သို့ပြန်လာသည်နှင့်တပြိုင်နက် တံခါးပိတ်ကျင့်ကြံလိုက်၏။

သူ ပထမဆုံး သူလုပ်ရမည်က ကေရာဇ်ပန်ဝူ ချန်ထားခဲ့သော မြင့်မြတ်ခန္ဓာအသိအမြင်များကို ဖတ်ရှုရန်ပင်။

ကျွင်းရှောင်ယောက်က မဟာကေရာဇ်ပန်ဝူ၏ အသိအမြင်များကို ကူးယူခြင်းမဟုတ်ဘဲ ကိုးကားခဲ့ခြင်းသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်က မာနကြီးတာ မဟုတ်ပါ၊
မဟာကေရာဇ်ပန်ဂူ၏  အရည်အချင်းပင်
သူနှင့်မယှဉ်နိုင်ဟု ယုံကြည်သည်။

ထိုသိမြင်မှုများကို ဖတ်ရှုခြင်းကလည်း သူ၏
မြင့်မြတ်ခန္ဓာအာရုံကို ပို၍မြန်မြန်
နိုးထလိုသည့်အတွက်ပင် ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်က
တံခါးပိတ်ကျင့်ကြံသွားချိန်တွင်
သူ၏လုပ်ရပ်များကတော့
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင်
ပျံ့နှံ့နေဆဲပင်။

ဆယ်နှစ်ပြည့် ညွှန့်ခံပွဲက ကျွင်းရှောင်ယောက်၏
ပထမဆုံး ကမ္ဘာတုန်ဟီးစေခြင်း ဖြစ်သည်။

ထို့နောက်တွင် အဓိပဓိယွမ်ထျန်း
ရတနာသိုက်အတွင်း၌ အဓိပဓိနတ်ဆိုးအလောင်းကို
ဖိနှိပ်ကာ ထပ်မံ နာမည်ကျော်ကြားခဲ့၏။

ယခုလည်း ပန်ဂူနတ်ဘုရားမင်းဆက်၌
ပါရမီရှင်အဖွဲ့ကိုဖိနှိပ်ကာ
ပါရမီရှင်တို့၏သခင်ဖြစ်ကြောင်း ပြသခဲ့လေသည်။

ကျွင်းရှောင်ယောက်ကို အင်မော်တယ်နယ်မြေကြီး၏
လူငယ်မျိုးဆက်သစ်များထဲမှ နံပါတ်တစ်ဟုပင်
ပြောဆိုကြ၏။

ယင်း လူတချို့က သဘောတူသော်လည်း
လူအများကတော့ သဘောမတူပါ။

၎င်းတို့က ကျွင်းရှောင်ယောက်၏
စွမ်းအားနှင့်ပတ်သက်၍ သံသယမရှိသော်လည်း
အင်မော်တယ်နယ်မြေကြီးက အဆုံးမဲ့ကျယ်ပြောကာ
ပုန်းကွယ်နေသော နဂါးများ၊ ကျားများဖြင့်
ပြည့်နှက်နေသည်။

အနည်းဆုံးတော့ ဝမ့်မိသားစု၏ ကေရာဇ်ငယ်နှင့်
ရဲ့မိသားစုမှ ဓားနတ်ဆိုးတို့ ထွက်မလာကြသေးပေ။

ရှေးဟောင်းတော်ဝင်မိသားစုများမှာလည်း
အိပ်စက်နေသော ဘီလူးများစွာ ရှိနေပါသေးသည်။

အသက်တားမြစ်ဒေသထဲမှ အမြင့်မြတ်ဆုံး
လူငယ်လေး။

အစိပမိ ပြန်လည်ဝင်စားသူ၊ အစိပမိတစ်ပိုင်းမှ

ပြန်လည်ဝင်စားလာသူ၊ စသည်ဖြင့်။

ကျွင်းရှောင်ယောက်၏ ခွန်အားက သူနှင့်တူများထက်
သာလွန်တာ အမှန်ဖြစ်သည်။ သို့သော်လည်း
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးရှိ
လူငယ်မျိုးဆက်အားလုံးကို
အနိုင်ယူနိုင်မည်ဆိုလျှင်တော့ လက်မခံနိုင်ပေ။

အင်မော်တယ်နယ်မြေတစ်ခုလုံးက
လှုပ်ခတ်နေခဲ့ရသည်။

ကျွင်းမိသားစုသည် ထိုလှိုင်းများကို ဖြစ်ပေါ်စေခဲ့၏။

ထိုအချိန်မှာပင် ရှေးဟောင်း တားမြစ်နယ်မြေတစ်ခု၌
လေ့ကျင့်နေသော ကျွင်းမိသားစုမှ
နှစ်သွယ်မျက်လုံးရှင် ပထမစီကွမ်

ပြန်လာလေတော့သည်။

---------

အခန်း ( ၁၂၈ ) နှစ်သွယ်မျက်လုံး ကျွင်းလုံခန်း ပြန်လာပြီ၊ ကျွင်းမိသားစု၏ ထိက်တန်း စီကွမ်သုံးယောက်။

၎င်းက ကျွင်းရှောင်ယောက် မကျော်ကြားမီ ကျွင်းမိသားစု၌ အကျော်ကြားဆုံး ပါရမီရှင်တစ်ယောက်ဖြစ်သည်။

နှစ်သွယ်မျက်လုံး ကျွင်းလုံခန်းက ကျွင်းမိသားစု၏ ပထမစီကွမ်ထက်ပိုသည်။

ကျွင်းမိသားစု၏ စီကွမ်ဆယ်ယောက်သည်
မိသားစုတွင်းရှိ ထောင်ချီသော ပါရမီရှင်များကြားမှ
ရွေးချယ်ထားခဲ့ခြင်း ဖြစ်ပေသည်။

တစ်ယောက်ချင်းစီတွင် ကိုယ်ပိုင်စွမ်းရည်များ
သို့မဟုတ် အထူးခန္ဓာများ  သို့တည်းမဟုတ်
တားမြစ်အမွေဆက်ခံမှုတစ်ခုစီရှိပြီး
၎င်းတို့၏အစွမ်းသတ္တိကလည်း အရအားလုံးကို
ဖိနှိပ်နိုင်စွမ်း ရှိကြသည်။

ထိပ်တန်းဆယ်ယောက်တွင် တစ်ဆင့်တိုးသွားတိုင်
ခွန်အားကလည်း သိသိသာသာ တိုးတက်လာကြ၏။

ဥပမာအားဖြင့်၊ ပဥ္စမအစီအစဉ် ကျွင်းဝမ်ကျဲသည်
ဒသမစီကွမ် ကျွင်းကျန်းကျန့်ကို အလွယ်တကူ
အနိုင်ယူနိုင်သည်။

ထိပ်တန်းအဆင့် စီကွမ်များကတော့ ကျွင်းဝမ်ကျဲကို
အလွယ်တကူ အနိုင်ယူနိုင်ပြန်ကြ၏။

ဤအချက်မှ နံပါတ်တစ်ဖြစ်သော နှစ်သွယ်မျက်လုံး
ကျွင်းလုံခန်း၏ခွန်အားကို သိမြင်နိုင်သည်။

အကယ်၍ သူသာ ကျွင်းဝမ်ကျဲနှင့် ရင်ဆိုင်ပါက
တိုက်ကွက်အနည်းငယ်အတွင်း ပြီးပြတ်နိုင်၏။

ယင်းက ကျွင်းရှောင်ယောက်တို့ တိုက်ခိုက်ခဲ့သလိုပင်။

နှစ်သွယ်မျက်လုံး ကျွင်းလုံခန်း ပြန်လာခြင်းကြောင့်
ကျွင်းမိသားစုတစ်ခုလုံး
ရုတ်ရုတ်သဲသဲဖြစ်ရပြန်သည်။

ဤမတိုင်မီက ကျွင်းလုံခန်းသည်
ကြောက်မက်ဖွယ်ကောင်းသော
ရှေးဟောင်းတားမြစ်နယ်မြေတစ်ခုတွင်
လှေကျင့်နေခဲ့၏။

ထိုတားမြစ်နယ်မြေသည်
အန္တရာယ်များလွန်းသောကြောင့်
နတ်မီးတောက်နယ်ပယ် ကျင့်ကြံသူများပင်
အလွယ်တကူ ခြေမချရဲပေ။

ကျွင်းလုံခန်းကတော့ အဲဒီအထဲမှာ
အကြာကြီးနေထိုင်ခဲ့လေသည်။

ကျွင်းလုံခန်း၏ အသက်ကျောက်က
မပြိုကွဲသေး၍သာမဟုတ်လျှင် ကျွင်းမိသားစုက

သူသေသွားပြီဟုပင် သတ်မှတ်လိုက်ကြမည်ဖြစ်သည်။

ကျွင်းမိသားစု၏ တောင်တံခါးရှေ့တွင် မရေမတွက်နိုင်သော ကျွင်းမိသားစုဝင်များက စိတ်လှုပ်ရှားနေသော မျက်နှာအမူအရာဖြင့် ပေါ်လာသည်။

နောက်ဆုံးတွင် ၎င်းက မိသားစု၏ ပထမစီကွမ်ဖြစ်၍ သူ့အဆင့်အတန်းက အလွန်ထူးခြားပါတယ်။

လူအများစုမှာ သူနှင့်တွေ့ဆုံရန်ပင် အရည်အချင်းမပြည့်မီကြပါ။

ထို့အပြင် ကျွင်းလုံခန်း ဆယ်နှစ်သားအရွယ်တွင်လည်း ကြီးကျယ်ခမ်းနားသော ညှော့ခံပွဲတစ်ခု ကျင်းပပေး၍

ကမ္ဘာတစ်ဝှမ်းမှ ညော့်သည်များကို
ဖိတ်ကြားပေးခဲ့သည်။

ကျွင်းရှောင်ယောက်သာမရှိလျှင် ကျွင်းလုံခန်းက
မိသားစုအတွက် ထောက်တိုင်အဖြစ် အစွမ်းကုန်
ပျိုးထောင်ပေးခြင်းခံရသူ ဖြစ်လာပေလိမ့်မည်။

ဟုတ်သည်၊ ယခုလည်း ထိုအခွင့်အရေးများ
ရှိနေဆဲပင်။

ထိုအချိန်တွင် ကောင်းကင်ထက်မှ ချီလင်သဏ္ဍာန်
ခရမ်းရောင်သားရဲတစ်ကောင် ဆင်းသက်လာသည်။
၎င်းက ခြေတစ်ချက်လှမ်းလိုက်တိုင်း
ခရမ်းရောင်ချီများလည်း ပျံ့လွင့်နေလေသည်။

၎င်းအပေါ်မှာတော့ ပိန်ပိန်ပါးပါးနှင့်

လူငယ်တစ်ယောက် ရပ်နေသည်။

ယင်းက ချောမောခန့်ညားသော
လူငယ်တစ်ယောက်ပင် ဖြစ်ချေသည်။

သူ့ပတ်ဝန်းကျင်မှာ မြူခိုးများနှင့် တိမ်တိုက်များလည်း
ရှိနေသည်။  သူ့မျက်လုံးများကို
အနက်ရောင်အဝတ်ပါးလေးဖြင့်ကွယ်ထားကာ
ရွှေနက်ရောင် အက္ခရာများဖြင့် ပုံဖော်ထားပုံရ၏။

သူ့ထံမှ ထွက်ပေါ်လာသော အရှိန်အဝါများက
လူတိုင်းကို တုန်ခါစေသည်။

"ဝိုး၊ အဲတာ တကယ်ကိုသခင်လေး လုံခန်းပဲ၊ သူ
တကယ်ပြန်လာပြီ"

"အဲတာက ချီလင်တစ်ကောင်ပဲလား၊
အရှိန်အဝါတွေက ကြောက်ဖို့ကောင်းလိုက်တာ"

"မဟုတ်ဘူး၊ အဲဒါက ချီလင်သွေးမျိုးဆက်ပါတဲ့
ချီလင်သားရဲတစ်ကောင် ဖြစ်လောက်တယ်။ ဒါပေမဲ့
အဲ့ဒါကတင် အရမ်းအစွမ်းထက်ပြီး
တော်ရုံပါရမီရှင်တွေကို အညံ့ခံလေ့မရှိဘူး"

ကျွင်းလုံခန်း၏ အနေအထားကြောင့်
ကျွင်းမိသားစုများစွာ
တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။

"ကောင်းလိုက်တာ၊ ငါတို့ရဲ့ ကျွင်းမိသားစုမှာ
သခင်လေး နတ်ဘုရားသားတော်အပြင် သခင်လေး
လုံခန်းလည်း ရှိနေပြီ၊ အင်မော်တယ်နယ်မြေကြီးရဲ့

လူငယ်မျိုးဆက်မှာ ဘယ်သူကများ ငါတို့
ကျွင်းမိသားစုရဲ့ ပြိုင်ဘက်ဖြစ်မှာလဲ"
ကျွင်းမိသားစုမှ လူငယ်များ စိတ်လှုပ်ရှားကုန်သည်။

သို့ရာတွင် ကျွင်းမိသားစုမှ အကြီးအကဲအချို့၏
မျက်လုံးများမှာတော့ စိုးရိမ်ပူပန်မှုအရိပ်အမြွက်များ
ဖြစ်ပေါ်လာသည်။

ကျွင်းလုံခန်းသည် တစ်ချိန်က အားကျိုးကို
သူ့သခင်ဖြစ်စေလိုခဲ့ကြောင်း သူတို့ ကောင်းစွာသိ၏။

သို့သော်လည်း အားကျိုးက ငြင်းပယ်ခဲ့လေသည်။

ယနေ့တွင် အားကျိုးက ကျွင်းရှောင်ယောက်၏
တာအိုကာကွယ်သူဖြစ်လာပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ ကျောင်းလုံခန်း၏ မာနကြီးပုံဖြင့် လက်ခံနိုင်ပါမည်လော။  ရာထူးကြီးမြင့်မှုဖြင့် သူ ပြန်လည်သင့်မြတ်မည်လား။

သူစိတ်ဆိုးနေမှာလား။

"သခင်လေးလုံခန်း"

ထိုအချိန်တွင် ကျောင်းမိသားစု အတွင်းပိုင်းမှ အလင်းတန်းနှစ်ခု ထွက်ပေါ်လာသည်။

ယင်းက လူငယ်တစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်သာ ဖြစ်လေသည်။

လူငယ်သည် ရိုးရှင်းသော တာအိုဝတ်စုံကို

ဝတ်ဆင်ထားကာ ပုံစံရှစ်ခုအစီရင်ချပ်ပြားကိုလည်း လက်ထဲတွင် ကိုင်ဆောင်ထား၏။

၎င်းက ကျွင်းမိသားစု၏ ဆဋ္ဌမမြောက်စီကွမ် ကျွင်းတောက်လင်း ဖြစ်လေသည်။

သူသည် မွေးဖွားလာစဉ်ကတည်းက ရှေးဟောင်းသူတော်စင်လက်နက် ပုံစံရှစ်ခုအစီရင်ကို လက်ထဲတွင်ကိုင်ကာ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။

ကျွင်းတောက်လင်းသည် အစီရင်ပညာ၌ အထူးကျွမ်းကျင်လွန်း၏။

မိန်းမပျိုကတော့ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ လှပပြီး ကျက်သရေရှိသော အသွင်ပြင်မျိုးရှိသည်။

၎င်းက ကျွင်းမိသားစု၏ အငှမစီကွမ် ကျွင်းရှီယု ဖြစ်သည်။

ကျွင်းရှီယုက ချစ်စရာကောင်းကာ နတ်ဝိညာဉ်ပုံရိပ်များဖြင့် လှည့်စားမှုတွင် အထူးကျွမ်းကျင်ခဲ့၏။

သူမထံမှ အကြည့်တစ်ချက်ကို ခံနိုင်ပါက ထိပ်တန်းပါရမီရှင်တစ်ယောက်ဟု သတ်မှတ်၍ရပြီဟုပင် ကောလဟာလများရှိသည်။

သို့သော်လည်း ဤအခိုက်အတန့်တွင် ထူးကဲသော ပါရမီရှင် ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုက ကျွင်းလုံခန်းကို ဦးညွှတ်လိုက်ကြပြီ။

အကြောင်းမသိပါက ၎င်းတို့ကို ကျွင်းလုံခန်း၏ နောက်လိုက်များဟုပင် ထင်မှတ်သွားနိုင်သည်။

သို့သော်လည်း တကယ့်အမှန်တရားက သိပ်မကွာခြားပေ။

ကျွင်းလုံခန်းသည် အစွမ်းထက်သော ခွန်အားဖြင့် တခြားသူများကို သူ့နောက်သို့ လိုလိုလားလားလိုက်ပါရန် ဆွဲဆောင်နိုင်စွမ်း ရှိခဲ့သည်။

၎င်းမှာ ကျွင်းကျန်းကျန့်၊ ကျွင်းရွယ်ဟွမ်နှင့် ကျွင်းဝမ်ကျဲတို့က ကျွင်းရှောင်ယောက်နောက်သို့ လိုက်ပါရန် ဆန္ဒရှိနေကြသကဲ့သို့ပင်။

"အရမ်းယဉ်ကျေးမနေပါနဲ့"

ကျွင်းလုံခန်းက သူ့လက်ကို
အနည်းငယ်ဝှေ့ယမ်းလိုက်သည်။

သူ၏ မျက်လုံးများကို အနက်ရောင်ပိတ်ပါးစဖြင့်
ကာထားသော်လည်း သန်မာသောအာရုံက
အရာအားလုံးကို သိမြင်နိုင်ဆဲပင်။

"သခင်လုံခန်း၊ ဒီအတောအတွင်းမှာ အများကြီး
ဖြစ်ခဲ့တယ်"
ကျွင်းတောက်လင်းက ပြောလိုက်သည်။

"အထဲပြောရအောင်"
ကျွင်းလုံခန်းက သူ့လက်ကို ဝှေ့ယမ်းလိုက်၏။

သူ့မျိုးနွယ်မှ အကြီးအကဲများကလည်း သူ့ကို

ရောက်တွေ့ဆုံခဲ့ကြသည်။

ကျွင်းလုံခန်း ပြန်ရောက်လာသောကြောင့်
ငြိမ်သက်နေသော ကျွင်းမိသားစုသည်
ပြန်လည်အသက်ဝင်လာသည်။

တစ်ဖက်တွင်ကား ကျွင်းလင်းလုံတို့လေးယောက်
စုဝေးနေကြ၏။

"ပြောကြပါဦး၊ ကျွင်းလုံခန်းက
စီနီယာအားကျိုးအတွက်ကြောင့် သခင်လေးနဲ့
တိုက်ခိုက်မှာလား"
ကျွင်းလင်းလုံက အနည်းငယ် စိုးရိမ်သွားသည်။

ကျွင်းလုံခန်းက သာမန်လူမဟုတ်ပေ။

ယခုအချိန်အထိ ကျွင်းရှောင်ယောက်
ရင်ဆိုင်ခဲ့ဖူးသော မည်သည့်ပြိုင်ဘက်ကမှ
ကျွင်းလုံခန်းကို မယှဉ်နိုင်ဟုပင် ဆိုနိုင်သည်။

ကျွင်းလုံခန်းတွင် ၎င်းတို့ကို အလွယ်တကူ
ဖိနှိမ်နိုင်စွမ်း ရှိ၏။

"မဟုတ်လောက်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွင်းလုံခန်းက
တခြားသူနဲ့မတူဘူး၊ သူက မိသားစုဝင်ချင်းကို
ဒီအတွက် ပြဿနာမရှာလောက်ဘူး"
ကျွင်းရွှယ်ဟွမ်က ပြောလိုက်သည်။

"ဒါက ပြဿနာကြီးမဖြစ်နိုင်ပေမဲ့
တိုက်ခိုက်မှုတွေတော့ မလွဲမသေ ဖြစ်လာနိုင်တယ်၊
ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါကတော့

နတ်ဘုရားသားတော်ဘက်မှာ အခိုင်အမာရှိတယ်"
ကျွင်းကျန်းကျန့်က သူ့ရပ်တည်မှုကို ပြောလိုက်သည်။

ယခုဆိုလျှင် ကျွင်းမိသားစု၏ စီကွမ်များက
သုံးစုကွဲနေပုံရသည်။

တစ်စုက စီကွမ်သုည ကျွင်းရှောင်ယောက်ဖြစ်သည်။

နောက်တစ်စုကတော့ ပထမစီကွမ် ကျွင်းလုံခန်း
ဖြစ်ပေသည်။

ကျန် ဒုတိယစီကွမ်၊ တတိယစီကွမ်နှင့်
တခြားသူများကတော့ ကြားနေအဖြစ်သာ
ရှိနေကြဆဲပင်။

ကျွင်းလုံခန်း၏ နတ်ဘုရားကျွန်းတွင် သူ့မျိုးနွယ်စုမှ အကြီးအကဲများအပြင် ဂျွင်းတောက်လင်း၊ ကျွင်းရှီယုနှင့် အခြားသူများလည်း စုဝေးနေခဲ့ကြသည်။

ကျွင်းလုံခန်းသည် ရှေးဟောင်းတားမြစ်နယ်မြေတွင် ကျင့်ကြံခြင်းကို အာရုံစိုက်နေသောကြောင့် နောက်ဆုံးသတင်းများကို မသိသေးပါ။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏ သတင်းများကို ကြားရသောအခါ တိတ်တဆိတ် သက်ပြင်းချလိုက်လေသည်။

ကျွင်းမိသားစုတွင် သူ့ထက် အားမနည်းသူ နောက်တစ်ယောက် မွေးဖွားလာခဲ့ပြီ ဖြစ်သည်။

သို့သော် နတ်ဘုရားမင်းဆက်မှ တော်ဝင်မြို့တော်တွင်
အားကျိုးက ကျွင်းရှောင်ယောက်အတွက်
ရပ်တည်လာကြောင်းသိရသောအခါ...

ကျွင်းလုံခန်း၏ အရှိန်အဝါများက အနည်းငယ်
ဖရိုဖရဲဖြစ်လာကြောင်း ရောက်ရှိလာသူအားလုံး
သိသိသာသာ ခံစားလိုက်ရသည်။

ထိုအခိုက်အတန့်မှ ထွက်ပေါ်လာသော
အရှိန်အဝါတချို့ပင် ကျွင်းတောက်လင်းနှင့်
တခြားသူများကို နှလုံးသားထဲထိ
တုန်လှုပ်သွားစေခဲ့၏။

သို့သော်လည်း ကျွင်းလုံခန်းသည် ခဏအတွင်း
ပြန်လည် တည်ငြိမ်သက်သွားခဲ့သည်။

"တကယ်ပဲ အားကျိုးက ငါ့ဝမ်းကွဲညီလေးရဲ့
တာအိုကာကွယ်သူ ဖြစ်လာခဲ့တာပဲ"
ကျွင်းလုံခန်း ရေရွတ်လိုက်လေသည်။

သူ့မျက်လုံးများကိုတော့ အနက်ရောင်ပိတ်ဖြင့်
ကွယ်ထားသောကြောင့် အပြောင်းအလဲများကို
တခြားသူများ မမြင်ခဲ့ရပါ။

ကျွင်းလုံခန်းသည် ကျွင်းရှောင်ယောက်နှင့်
သွေးသားအလွန်နီးစပ်သည်။

ထို့ကြောင့်ပင် ကျွင်းရှောင်ယောက်ကို သူ့ဝမ်းကွဲညီဟု
ခေါ်လိုက်ခြင်း ဖြစ်သည်။

ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုလည်း
တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ

ဘာမျှမပြောတော့ပေ။

ကျွင်းလုံခန်းက အားကျိုးကို သူ၏သခင်
ဖြစ်စေချင်ရုံသာမဟုတ်ကြောင်း ဝေဝါးဝါး
သိထားကြလေသည်။

"တစ်ချက်က အားကျိုးဟာ ငါ့ဝမ်းကွဲရဲ့ ပါရမီကြောင့်
တာအိုကာကွယ်သူ ဖြစ်လာခဲ့တာပဲ၊
နောက်တစ်ကြောင်းကတော့ သူ့ရဲ့
ဝိသေသလက္ခဏာကြောင့်ပဲ"
ကျွင်းလုံခန်းက အခြေအနေကို ချက်ချင်း
သဘောပေါက်သွားသည်။

သို့သော် ယင်းက ဤမျှပင်...

သူ့နှလုံးသားမှာတော့ အဖုအထစ်လေးများ

သေချာပေါက် ရှိသွားခဲ့ချေပြီ။

----------

အခန်း ( ၁၂၉ ) ကျွင်းလုံခန်း၏ သဘောထား၊
ရှောင်ချန်း၏ အခြေအနေ၊
ကျွင်းရှောင်ယောက်ကိုသတ်ဖို့ ကူညီပါ။

ကျွင်းမိသားစုမှ ပထမစီကွမ် သူ့အနေအထားဖြင့်
အားကျိုးကို သူ၏သခင်ဖြစ်လာစေရန်
လေးစားစွာတောင်းဆိုခဲ့သည်။

သို့တိုင် အားကျိုးက ငြင်းပယ်ခဲ့၏။

ယခုတော့ တစ်ဖက်လူသည် ကျွင်းရှောင်ယောက်၏

တာအိုကာကွယ်သူဖြစ်ရန် သဘာဝအတိုင်း
အစပြုခဲ့ပြီ။

ဤကွာဟချက်က အလွန်ကြီးသည်။

ကျွင်းလုံခန်းပင် ကျွင်းရှောင်ယောက်ကို အနည်းငယ်
မနာလိုမိကြောင်း ဝန်ခံရပေမည်။

နောက်ဆုံးတော့ သူမကို သူမေ့မရေပေ။

သူငယ်စဉ်က သာယာသော
ကုချင်းသံ၏ဆွဲဆောင်မှုကြောင့်
အသံကြားရာကိုလိုက်သွားခဲ့မိသည်။ ထိုအခါ သီးခြား
ခြံဝင်းတစ်ခုရှိ လရောင်အောက်မှာ
ကုချင်းတီးခတ်နေသော လှပသည့်ပုံရိပ်တစ်ခုကို
မြင်တွေ့ခဲ့ရ၏။

ထိုပုံရိပ်က ချက်ကြည့်မိရုံဖြင့် တစ်သက်တာ
မမေ့နိုင်ရာပင်။

ထို့ကြောင့် သူဟာ ကမ္ဘာကြီးကို တုန်ခါစေသည့်
အဆင့်အတန်းမြင့်သော
ပထမစီကွမ်ဖြစ်လာပြီးနောက်တွင်ပင်
ထိုချောမောလှပသော ရုပ်သွင်ကို မေ့မရတော့ပေ။

ယခုအခါ ရှေးဟောင်းတားမြစ်နယ်မြေမှ
ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

နောက်ဆုံးတွင် အားကျိုးကို သူ့သခင်ဖြစ်စေရန်
အရည်အချင်းပြည့်မီပြီဟုလည်း သူထင်ခဲ့မိ၏။

သို့သော်လည်း ကံမကောင်းစွာဖြင့် အားကျိုးသည်

အခြားတစ်ယောက်၏ တာအိုကာကွယ်သူတစ်ယောက် ဖြစ်နေခဲ့ချေပြီ။

ပုံမှန်ဆိုလျှင် ဤအခြေအနေက လက်ခံနိုင်ဖို့ ခက်ခဲသည်။

သို့ရာတွင် ကျွင်းလုံခန်းက သွေးဆူလွယ်သော လူငယ်တစ်ယောက်မဟုတ်ဘဲ ကျွင်းမိသားစု၏ ပထအစီကွမ်ဖြစ်ထိုက်သည်။

သူသည် ဒေါသမပေါက်ကွဲဘဲ တည်ငြိမ်လွန်း၏။

ကျွင်းတောက်လင်းက ကျွင်းလုံခန်းကိုကြည့်ကာ ခါးသက်သက်ဖြင့် ပြောလိုက်သည်။

"သခင်လေးလုံခန်း၊ ခင်ဗျားမသိလို့ပါ... မိသားစုက နတ်ဘုရားသားတော်ကို အရေးပေးလွန်းတယ်။

အရင်တုန်းက အင်မော်တယ်ကျောက်ဆယ်ခုပဲ
ငါလိုချင်ခဲ့ပေမဲ့ မိသားစုထဲက အကြီးအကဲတွေဟာ
နတ်ဘုရားသားတော် လေ့ကျင့်ဖို့အတွက်
လိုအပ်တယ်တဲ့လေ"

ကျွင်းတောက်လင်း အမှန်တကယ်
စိတ်ဓာတ်ကျနေမိသည်။

သူသည် အစီရင်အသစ်တစ်ခုကို စမ်းသပ်ရန်အတွက်
အင်မော်တယ်ကျောက်တချို့ကိုသာ
ရယူလိုခဲ့သော်လည်း ကျွင်းရှောင်ယောက်ကို
အကုန်ပေးရမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။

ယင်းက ကျွင်းတောက်လင်းကို အမှန်တကယ်
ဆွံ့အစေသည်။ သူသည်လည်း
စီကွမ်ဆယ်ယောက်ထဲမှ တစ်ယောက်ဖြစ်ပါလျက်နှင့်

ထိုသို့ဆက်ဆံခံရပါသလော။

"တကယ်ပါပဲ၊ မိသားစုက နတ်ဘုရားသားတော်နဲ့ တခြားသူတွေကို ခွဲခြားဆက်ဆံတယ်၊ ပုံမှန် သခင်လုံခန်းရမဲ့ အရင်းအမြစ်အချို့ကိုတောင် နတ်ဘုရားသားတော်ကို ပေးခဲ့ကြတယ်"

တစ်ဖက်တွင် ကျွင်းရှီယုကလည်း ကျွင်းလုံခန်းအတွက် ဝင်ပြောခဲ့၏။

သူမ၏ ကျွင်းလုံခန်းအပေါ် လေးစားမှုသည် ကျွင်းလင်းလုံတို့မှ ကျွင်းရှောင်ယောက်အပေါ်တွင် လေစားမှုနှင့် မခြားပေ။

၎င်းတို့က ကျွင်းလုံခန်းသာ အင်မော်တယ်နယ်မြေကြီး၏ လူငယ်မျိုးဆက်၌ နံပါတ်တစ် ပါရမီရှင်ဟု အခိုင်အမာ

ယုံကြည်ခဲ့ကြသည်။

ကျွင်းရှောင်ယောက်ပင် သူ့ကို ယှဉ်လို့မရပေ။

"ဒါကတော့ နည်းနည်း မသင့်တော်ဘူး"
ကျွင်းလုံခန်းက လျစ်လျူရှုစွာ ပြောလိုက်သည်။

"အခု သခင်လုံခန်း ပြန်ရောက်လာပြီမို့
နတ်ဘုရားသားတော်ရဲ့ ဂုဏ်သိက္ခာကို
ချိုးနှိမ်ထားရမယ်၊ မိသားစုက သူ့ကို
သိပ်မျက်နှာသာမပေးပါစေနဲ့"
ကျွင်းတောက်လင်းက ပြောသည်။

ကျွင်းလုံခန်းက လျစ်လျူရှုစွာ ပြောလိုက်၏။
"မင်းတို့ဆိုလိုတာက ငါ့ဝမ်းကွဲကို ဖိနှိပ်ရမှာလား"

ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုကတော့ ဘာမျှပြန်မပြောပေ။ သို့တိုင် ယင်းက ဆိုလိုရင်းကို သိသာစေသည်။

"ငတုံး"

ကျွင်းလုံခန်းက အေးစက်စက်ဖြင့် ပြောလိုက်၏။

ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုတို့ နှစ်ယောက်စလုံး ခဏတာ အံ့အားသင့်သွားပြီး ဘာပြောရမည်မှန်းမသိတော့ပေ။

"မိသားစုက မင်းတို့စီကွမ်တွေကို လေ့ကျင့်ပေးထားတာဟာ ဒီလိုကိစ္စတွေအတွက်လား"

ကျွင်းလုံခန်းက အေးစက်စက်ဖြင့်

ကြိမ်းမောင်းလိုက်သည်။

"ဒါပေမဲ့ သခင်လုံခန်း..."

ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုက
ပြန်လည်ချေပရန် ဟန်ပြင်လိုက်ကြသည်။

ကျွင်းမိသားစုက ကျွင်းရှောင်ယောက်နှင့်
ကျွင်းလုံခန်းကို ခွဲခြားဆက်ဆံလွန်းသည်ဟု
ခံစားမိကြ၏။

"တိုက်ခိုက်တာက ကောင်းပါတယ်၊ ဒါပေမယ့် မင်းတို့
တိုက်ခိုက်ရမှာက ရှေးဟောင်း တော်ဝင်မိသားစုကို
သတ်ဖြတ်ဖို့၊ တခြားရှေးဟောင်းမိသားစုတွေရဲ့
ပါရမီရှင်တွေကို တိုက်ဖျက်ဖို့ပဲ။ ကိုယ့်အချင်းချင်း
တိုက်ခိုက်နေဖို့ မဟုတ်ဘူး"

ကျွင်းလုံခန်းက

အပြောင်းအလဲမရှိသောမျက်နှာအမူအရာဖြင့် ထရပ်လိုက်သည်။

"ငါ မင်းတို့ကို တကယ်စိတ်ပျက်မိတယ်"

ကျွင်းလုံခန်းက လက်နှစ်ဖက်ကိုနောက်ပစ်ကာ လှည့်ရပ်လိုက်သည်။

"သခင်လုံခန်း၊ ခွင့်လွှတ်ပေးပါ"

သူတို့နှစ်ယောက်လည်း ကပျာကယာ ဦးညွှတ်လိုက်ကြသည်။

ယင်းကို တခြားမျိုးနွယ်တူ အကြီးအကဲများ မြင်ကြသောအခါ သက်ပြင်းမချဘဲ မနေနိုင်တော့ပေ။

ကျွင်းလုံခန်းက အမှန်တကယ်ပင်

ပထမစီကွမ်ဖြစ်ထိုက်သော
ခေါင်းဆောင်ကောင်းတစ်ယောက်ပင်။

ၡင်းသာ အကျင့်ပျက်သူတစ်ယောက်ဖြစ်နေပါက
ကျွင်းမိသားစုကလည်း ပထမစီကွမ်အဖြစ်
ခေါင်းဆောင်စေမည် မဟုတ်ပေ။

"ကိုယ်ဘာမှားနေလဲ သိတာ ကောင်းပါတယ်၊
ဒါပေမယ့် တစ်ကြိမ်တစ်ခါပဲ ဖြစ်သင့်တယ်"

ကျွင်းလုံခန်း၏ လေသံက
အနည်းငယ်ပျော့သွားသည်။

ထိုအခါမှ နှစ်ယောက်သား ထလိုက်ကြသည်။

သို့သော်လည်း ကျွင်းရှီယုဟာ စိတ်ထဲမထားဘဲ

ကျွင်းလုံခန်းကို ပို၍ပင် သဘောကျလာတော့သည်။

ဤသည်မှာ သဘောထားကြီးသော ကျွင်းမိသားစု၏ ခေါင်းဆောင်အစစ်ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် ကျွင်းရှောင်ယောက်၏စရိုက်က မာနကြီးကာ လွှမ်းမိုးနိုင်စွမ်းရှိသလောက် အနည်းငယ် တစ်ကိုယ်ကောင်းဆန်သည်။ အရာအားလုံးကို သူ့အတွက်ယူကာ အင်မော်တယ်ကျောက်ဆိုလျှင်လည်း အနည်းငယ်မျှ မချန်ထားခဲ့ပေ။

ယင်းကိုတွေးမိသောအခါ ကျွင်းရှီယုစိတ်ထဲ၌ ကျွင်းလုံခန်းအတွက် မတရားမှုတချို့ကို ခံစားခဲ့ရသည်။

ဘာကြောင့် ကျွင်းလုံခန်းအစား
ကျွင်းရှောင်ယောက်က စီကွမ်သုည ဖြစ်လာရသနည်း။

"ငါ့ဝမ်းကွဲ တံခါးပိတ်ကျင့်ကြံနေတာလား"

ကျွင်းလုံခန်းက မေးလိုက်သည်။

"မှန်ပါတယ်"

ကျွင်းတောက်လင်း ပြန်ဖြေလိုက်၏။

"ဟင်း... ငါက သူနဲ့တွေ့ချင်သေးတာ၊ သူက
ဘယ်လိုပုံစံမျိုးလဲဆိုတာ သိချင်မိတယ်"

ကျွင်းလုံခန်းက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်လေသည်။

ယင်းကိုကြားသောအခါ ကျွင်းတောက်လင်း၊
ကျွင်းရှီယုနှင့် တခြားမျိုးနွယ်စု အကြီးအကဲများ
အံ့သြသွားကြသည်။

ကျွင်းလုံခန်းက
ကျွင်းရှောင်ယောက်နှင့်ယှဉ်ပြိုင်ခြင်းကို လုံးဝ
လက်လွှတ်လိုက်ပုံ မရပေ။

အားကျိုးသည် သူ့နှလုံးသားတွင်
ဆူးတစ်ချောင်းသဖွယ် ဆူးနစ်
အမြစ်တွယ်နေခဲ့ပေသည်။

'ကျွင်းရှောင်ယောက်၊ ငါမင်းကို
တရားနည်းလမ်းကျကျ အနိုင်ယူပြီး အားကျိုးကို
ဘယ်သူ့နောက်လိုက်သင့်တယ်ဆိုတာ
နားလည်စေမယ်'

ကျွင်းလုံခန်းက လက်နှစ်ဖက်ကိုနောက်ပစ်ကာ
စိတ်ထဲမှ ရေရွတ်လိုက်သည်။

သူက လှည့်ကွက်များမသုံးပေ၊ သဘာဝအတိုင်း
ရိုးသားစွာ အနိုင်ယူလိုက်မည် ဖြစ်သည်။

ဤနည်းဖြင့်သာ အားကျိုးကို
သက်သေပြနိုင်ပေလိမ့်မည်။

ကျွင်းလုံခန်း ပြန်ရောက်လာပြီဟူသောသတင်းက
ချက်ချင်းပျံ့နှံ့သွားသည်။

ဤအတွက် ကျွင်းမိသားစု၏ ရန်ဘက်
အင်အားစုများအားလုံး မကျေမချမ်းဖြစ်ကုန်ကြ၏။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းနှင့်ပင် အလွန်လွှမ်းမိုးနိုင်စွမ်း ရှိနေခဲ့ချေပြီ။ ယခုအခါ နောက်ထပ် ပထမစီကွမ်ပင် ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များက အင်မော်တယ်နယ်မြေကြီးကို တွန်းအားပေးတော့မည်ဟုပင် လူအများက တွေးနေကြသည်။

စိုးရိမ်စရာအကောင်းဆုံးကတော့ ဘိုးဘွားနဂါးသိုက်ပင်။

၎င်းတို့က ကျွင်းမိသားစု၏ နံပါတ်တစ် ပြိုင်ဘက်ဟောင်းကြီးများပင်

ဖြစ်သည်။

ကျွင်းရှောင်ယောက်၏လက်ထဲတွင်
ဘိုးဘေးနဂါးသိုက်က တစ်ခုပြီးတစ်ခု
ဆုံးရှုံးသွားရသည်။

ပထမဆုံး လုံဟောက်ထျန်း သေသည်။ ထို့နောက်
လုံပိကျစ်ကလည်း
ကျွင်းရှောင်ယောက်ကိုကြောက်ကာ တာအိုနှလုံးသား
ကြေကွဲလုနီး ရှုံးနိမ့်ခဲ့ရ၏။ သူ့လက်ထဲမှ
နဂါးအရိုးများပင် ဖယ်ရှားခံခဲ့ရကာ
အလွန်သနားစရာဟု ဆိုရမည်။

သို့သော်လည်း ဘိုးဘေးနဂါးသိုက်ရှိ
အသန်မာဆုံးပါရမီရှင် လုံအိုထျန်းက
တံခါးပိတ်ကျင့်ကြံနေဆဲပင်။

ထို့ကြောင့် ဘိုးဘေးနဂါးသိုက်၏ မျိုးဆက်သစ် လူငယ်များတွင် တိုက်ခိုက်နိုင်စွမ်း မရှိကြတော့ပေ။

"အမှာနဂါး မွေးဖွားပြီး ဘိုးဘေးနဂါးသိုက်ကြီး ကြီးပွားလာလိမ့်မယ်တဲ့။ အဲဒီဟောကိန်းက တကယ်မှန်မှာလား"

ဘိုးဘေးနဂါးသိုက်၏ အကြီးအကဲအချို့ပင် သံသယဝင်လာကြတော့သည်။

ထိုအချိန် တာအို စီရင်စုသုံးထောင်အနက်မှ ကန္တာရတာအိုစီရင်စုတွင်...

အရူးတစ်ယောက်လို သွေးများစွန်းပေနေသော လူငယ်တစ်ယောက်က တစ်နေရာဆီသို့ အသည်းအသန်ပြေးနေသည်။

"နောက်ဆုံးတော့ အားလုံးစုပြီးပြီ၊
ကျွင်းရှောင်ယောက်... မင်းသေပြီ။ မင်းကို ဘယ်သူမှ
မကယ်နိုင်တော့ဘူး"

ထိုလူငယ်က သဘာဝအတိုင်း ရှောင်ချန်း ဖြစ်သည်။

မိုးပြာနဂါးသခင်က ကယ်တင်သွားပြီးနောက် သူသည်
သွေးများကို ပို၍မြန်မြန် စုဆောင်းနိုင်ရန်
ကြိုးစားခဲ့သည်။

ယခုအချိန်တွင် ရှောင်ချန်း စိတ်ထဲ၌ အတွေးတစ်ခုသာ
ရှိတော့သည်။

ကျွင်းရှောင်ယောက်ကို သတ်မည်။

"ဟင်း..."

မိုးပြာနဂါးသခင် သက်ပြင်းချလိုက်သည်။

စိတ်ဓာတ်တက်ကြွမှုရှိသော
တက်သစ်စလူငယ်တစ်ယောက်ကို
မိစ္ဆာတစ်ကောင်ကဲ့သို့ ပြောင်းလဲစေခဲ့ခြင်းမှာ
တကယ်ကို တွေးမရပေ။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ကြောက်စရာ ကောင်းလွန်းတယ်၊
ဘိုးဘွားနဂါးသိုက်ရဲ့ ရှေးဟောင်းလူထူးဆန်းတွေပဲ
သူ့ကို ဟန့်တားနိုင်လိမ့်မယ်'

မိုးပြာနဂါးသခင် တွေးလိုက်သည်။

ရက်အနည်းငယ်ကြာပြီးနောက် ရှောင်ချန်းသည်

ရှေးဟောင်းအသိုက်သို့ တစ်ဖန်ပြန်ရောက်လာခဲ့သည်။

ရှေးဟောင်းအသိုက်ထဲသို့ သူဝင်လိုက်သည်နှင့် ရှေးဟောင်းလူထူးဆန်းက သတိပြုမိသွားသည်။

"ဟမ့်၊ ငါ မျှော်လင့်ထားသလိုပဲ၊ သေမျိုးလေး... နောက်ဆုံးတော့ မင်းဒီကိုရောက်လာပြီ"

အေးစက်စက် အပြုံးနှင့် အမျိုးသမီးအသံ ထွက်ပေါ်လာသည်။

အရာအားလုံးသည် သူမ၏ တွက်ချက်မှုနှင့် ထိန်းချုပ်မှုအောက်တွင် ရှိနေပုံရ၏။

"မင်းလိုချင်တာကို ငါယူခဲ့ပေမယ့် ငါ့ရဲ့အခြေအနေတွေကို

အရင်သဘောတူစေချင်တယ်"

ရှောင်ချန်းက လူများကို အစိမ်းလိုက်စားချင်စိတ်ပေါက်နေဟန်ဖြင့် နီရဲနေသော မျက်လုံးများနှင့် ပြောလိုက်သည်။

"ပြောပါ"

အမျိုးသမီးအသံက ပြောလိုက်၏။

"ကျွင်းမိသားစုရဲ့ မျိုးဆက်သစ် နတ်ဘုရားသားတော် ကျွင်းရှောင်ယောက်ကို ငါ့အတွက် သတ်ပစ်စေချင်တယ်"

ရှောင်ချန်းက စကားလုံးတိုင်းကို ပြတ်ပြတ်သားသား ပြောလိုက်သည်။

-----------

အခန်း ( ၁၃၀ ) မင်းသမီးလုံကျို မွေးဖွားလာခြင်း၊ အံ့ဖွယ်မြင်ကွင်းများနှင့် အားလုံးကို တုန်လှုပ်စေသည်။

မြင်ကွင်းသည် ကမ္ဘာကြီးကို တုန်လှုပ်စေကာ အနက်ရောင်သဲကန္တာရအခြေအနေကို တုန်လှုပ်စေခဲ့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ကျွင်းရှောင်ယောက်လား"

အမျိုးသမီးအသံက သံသယအရိပ်အမြွတ်များ ပါဝင်နေသည်။

သူမက ရှေးဟောင်းလူထူးဆန်းဖြစ်သောကြောင့် လက်ရှိခေတ်၏ ပါရမီရှင်များကို သဘာဝအတိုင်း မသိပေ။

ထို့ကြောင့် ရှောင်ချန်းက အခြေအနေအားလုံးကို
အကျဉ်းချုံး၍ ရှင်းပြလိုက်သည်။

"ဒီတော့ ကျွင်းမိသားစုရဲ့ မျိုးဆက်သစ်တွေထဲမှာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာပိုင်ရှင် ရှိထားတာပေါ့"
အမျိုးသမီးအသံက ခပ်တိုးတိုး ပြောလိုက်သည်။

သူမက အခြားအကြောင်းများကို
မသိတော့သော်လည်း ကျွင်းမိသားစုကို မှတ်မိသည်။
နောက်ဆုံးမှာတော့ သူမ၏ ဘိုးဘေးနဂါးသိုက်မှ
လူတစ်ယောက်ဖြစ်သောကြောင့်
ပြိုင်ဘက်ဟောင်းကြီးများကို သဘာဝအတိုင်း
ရှိပေသည်။

သူမ မအိပ်စက်ခင်ကတည်းက ကျွင်းမိသားစုဟာ

အင်မော်တယ်နယ်မြေကြီးမှာ
နှစ်ပေါင်းထောင်ချီကြာအောင် အခိုင်အမာ
ရပ်တည်ခဲ့ကြသည်။ သူတို့ဟာ
အမြဲတမ်းတောက်ပနေပြီး ဘယ်တော့မှ
ကျဆင်းမသွားပေ။

"ဘယ်လိုလဲ၊ မင်းဘောတူနိုင်လား။ သဘောတူရင်
ဒီအစီရင်ကျချိုးဖြတ်ဖို့ ငါမင်းကို ကူညီပေးမယ်"

ရှောင်ချန်းက အက်ကွဲနေသော လေစံဖြင့်
ပြောလိုက်သည်။

"ကိစ္စမရှိဘူး၊ ရှေးဟောင်း မြင့်မြတ်ခန္ဓာကိုယ်တစ်ခု
ဖြစ်ရုံပဲလေ။ ရှေးခေတ်မှာ ဒါက အလွန်တောက်ပပြီး
ထိပ်တန်း တာအိုခန္ဓာသုံးခုထဲတောင် ဝင်ခဲ့ပေမဲ့
အခုတော့ ဘာမှမဟုတ်တော့ဘူး"

အမျိုးသမီးအသံက အထင်အမြင်သေးဟန်ဖြင့်

ပြောလိုက်သည်။

သူက မာနကြီးတာ မဟုတ်ပါ၊ ယင်းက အမှန်တရား ဖြစ်သည်။

"အဲဒီကျွင်းရှောင်ယောက်က အချုပ်အနှောင်ကို ချိုးဖြတ်ထားပုံရတယ်"

ရှောင်ချန်းက မျက်မှောင်ကြုတ်လိုက်သည်။

ဤရှေးဟောင်းလူထူးဆန်းက ရန်သူကို ထပ်မံလျှော့တွက်မည်ကို သူကြောက်မိပေသည်။ ၎င်းပင် ကျွင်းရှောင်ယောက်၏လက်တွင်းသို့ ထပ်မံကျရောက်သွားပါက ရှောင်ချန်း ဒေါသထွက်လွန်း၍ သေရပေလိမ့်မည်။

"သေမျိုး၊ ဒီမင်းသမီးရဲ့စွမ်းရည်က

မင်းဘယ်လိုလုပ်ပြီး ခန့်မှန်းနိုင်မှာလဲ"

အမျိုးသမီး အသံက စိတ်မရှည်ဟန်ဖြင့် အေးစက်စက် အရိပ်အမြွက်များ ပါဝင်လာသည်။

သူမ၏ အဆင့်အတန်းက အလွန်မြင့်မားၡ် ရှေးခေတ်ကပင် လေးစားခံခဲ့ရပေသည်။

သို့ဖြစ်ပေရာ ဤရှေးဟောင်းမြင့်မြတ်ခန္ဓာကို မည်သို့ဂရုစိုက်ပါမည်နည်း။

"မင်းနောင်တမရဖို့ ငါမျှော်လင့်တယ်"

ရှောင်ချန်းက ပြောလိုက်သည်။

"ဒီမင်းသမီးက မင်းတို့ လူသားမျိုးနွယ်နဲ့ မတူဘူး၊ မင်းစကားပြန်ပြောလိုက်ပါ"

အမျိုးသမီးအသံက လျစ်လျူရှုစွာ ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ ရှောင်ချန်းလည်း
သူစုဆောင်းလာသော
သွေးအနှစ်သာရများကိုထုတ်ယူကာ
ရှေးဟောင်းလူထူးဆန်း၏ ညွှန်ကြားချက်အတိုင်း
အစီရင်များ စတင်ဖွဲ့စည်းလိုက်သည်။

သွေးအနှစ်သာရဖြင့် အစီရင်ရေးဆွဲသောအခါ
ရှေးဟောင်းအသိုက်တစ်ခုလုံး တုန်လှုပ်စပြုလာသည်။

ထို့နောက် တောင်တန်းတစ်ခုလုံးသည်ပင်
အသံကျယ်ကြီးများဖြင့် တုန်ခါလာ၏။

နောက်ဆုံးမှာတော့ ဤတုန်လှုပ်မှုက ကန္တာရာရမည်း
စီရင်စုတစ်ခုလုံးသို့ ပျံ့နှံ့သွားတော့သည်။

ယင်းက ကန္တာရမည်းစီရင်စုတစ်ခုလုံးရှိ ကျင့်ကြံသူများ၊ အင်အားစုအားလုံးကို ထိတ်လန့်စေခဲ့သည်။

"ဘာတွေဖြစ်နေတာလဲ၊ ဘာလို့ ဒီလောက်ထိ တုန်ခါနေတာလဲ”

"ထိပ်တန်း ရတနာတစ်ခု မွေးဖွားလာတာလား၊ ဒါမှမဟုတ် အိပ်မောကျနေတဲ့ ထိပ်သီးပုဂ္ဂိုလ်ကြီးတွေ နိုးထလာတာပဲလား"

"ဘာဖြစ်တာလဲဟ"

ကျင့်ကြံသူများ တုန်လှုပ်သွားကာ ကောင်းကင်ကြီးပင်

ပြောင်းလဲတော့မည်ဟု ခံစားနေခဲ့ရသည်။

ထိုအချိန်တွင် ရှေးဟောင်းအသိုက်ရှိ
ရှောင်ချန်းသည်လည်း ရုတ်တရက်မို့
မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

ဤစွမ်းအားနှင့် လှုပ်ရှားမှုသည် ကြီးမားလွန်း၏။

ရှောင်ချန်းပင် တစ်ခုခုလွဲနေသကဲ့သို့
ခံစားလာရတော့သည်။

နောက်ဆုံးတွင် သူက လူသားမျိုးနွယ်ဖြစ်ပြီး
ထိုရှေးဟောင်းလူထူးဆန်းကတော့
ရှေးခေတ်တော်ဝင်မိသားစုမှ ဖြစ်သည်။

ယခုထိရှေးဟောင်းတော်ဝင်မိသားစုများမှ မည်သည့် ရှေးဟောင်းလူထူးဆန်းမျှ မနိုးထသေးပေ။ အကယ်၍ ၎င်းတို့ နိုးထလာလျှင်လည်း အင်မော်တယ်နယ်မြေကြီးရှိ မည်သူမျှ သူမ၏ ပြိုင်ဘက်ဖြစ်မည်မဟုတ်ပေ။

သို့သော်လည်း ရှောင်ချန်းအကြောင်းကို တွေးမိသောအခါ ရှောင်ချန်းနှလုံးသားထဲမှ အပြစ်ရှိသောခံစားချက်အားလုံး လုံးဝ ပျယ်ပြက်သွားခဲ့သည်။

"မင်းတို့တွေ အပြစ်တင်ချင်ရင်လည်း ကျွင်းရှောင်ယောက်ကိုသာ  အပြစ်တင်ကြတော့။ သူ့အတွက်ကြောင့်သာ မဟုတ်ရင် ငါရှောင်ချန်းက ဘယ်လိုလုပ်ပြီး ဒီအခြေအနေထိ လုပ်မှာလဲ"

ရှောင်ချန်း၏ မျက်လုံးများက အနည်းငယ်မျှ

နောင်တမရဘဲ ပို၍အေးစက်သွားသည်။

ထိုအချိန်တွင် ရှေးဟောင်းအသိုက်တစ်ခုလုံး အက်ကွဲလာခဲ့သည်။

"ရှောင်ချန်း၊ ဒီနေရာက ပြိုကျတော့မယ်။" မိုးပြာနဂါးသခင်က သတိပေးလိုက်၏။

ရှောင်ချန်းလည်း  ရှေးဟောင်းအသိုက်တွင်းမှ ချက်ချင်း ပြေးထွက်ခဲ့တော့သည်။

သို့သော်လည်း ရှေးဟောင်းအသိုက်တွင်းမှ ထွက်လာပြီးနောက် ရှောင်ချန်း၏ အမြင်အာရုံများ ဝေဝါးသွားရသည်။

တောင်တန်းတစ်ခုလုံး အက်ကွဲလုနီးဖြစ်ကာ
မြင်မြတ်သောအရှိန်အဝါနှင့်  နဂါးစွမ်းအင်များဖြင့်
ပြည့်နှက်နေသော နဂါးနန်းတော်ကြီးက
မြေပြင်ကိုထိုးခွဲ၍ ထွက်လာသည်။

"ဒါက ရှေးဟောင်းလူထူးဆန်း အိပ်စက်ရာ
နေရာပဲလား"

ရှောင်ချန်း အံ့သြသွားမိသည်။

ရွှေရောင်နဂါးနန်းတော်က
ကောင်းကင်ဘုံနန်းတော်ကဲ့သို့ နဂါးစွမ်းအင်များဖြင့်
ပြည့်နှက်နေကာ အလွန်တောက်ပပြီး ခမ်းနား၏။

နဂါးနန်းတော် ပေါ်လာသည်နှင့်တပြိုင်နက်
နဂါးနန်းတော်မှ အလွန်ကြောက်မက်ဖွယ်ကောင်းသော
နဂါးဖိအားတစ်ခုဟာ ပတ်ဝန်းကျင်သို့

ပျို့နှံ့သွားတော့သည်။

ရှောင်ချန်းလည်း ချက်ချင်းပင် ဒူးများကွေးညွတ်၍ မြေပြင်ပေါ်သို့ ပြင်းထန်စွာ လဲကျသွားရသည်။

"ဒါ..."

ရှောင်ချန်း မျက်လုံးများ ပြူးကျယ်ကာ အလွန်အံ့အားသင့်သွားသည်။

သူက နဂါးမဟုတ်သော်လည်း မိုးပြာနဂါးအသွင်ပြောင်းကျမ်းကိုလေ့ကျင့်ကာ နဂါးသွေးကိုလည်း ပေါင်းစပ်ထားသောကြောင့် နဂါးတစ်ပိုင်းဟု သတ်မှတ်နိုင်သည်။

သို့တိုင် ဤနဂါးဖိအားကြောင့် မြေပေါ်ကို

လဲကျသည်အထိ ဖိချခံလိုက်ရပါသေးသည်။

ယင်းက ဘာကို ကိုယ်စားပြုသနည်း။

ထိုရှေးဟောင်းလူထူးဆန်းက
အံ့သြဖွယ်ရာမူလဇစ်မြစ်ရှိပြီး နဂါးမျိုးနွယ်၏
အစိပဓိထက်အင် သာလွန်သည်။

မိုးပြာနဂါးသခင်ပင် သူ၏ ရှေးဦးဝိညာဉ်ကို
ထိခိုက်ခံခဲ့ရပြီး ရေလှိုင်းများကဲ့သို့ တုန်ခါသွားသည်။

ထိုမျှသာမကဘဲ နဂါးအရှိန်အဝါများ
ပျံ့နှံ့သွားသောအခါ ကန္တာရစီရင်စုတစ်ခုလုံးရှိ
နဂါးသွေးမျိုးဆက်ရှိသူများသာမကဘဲ သားရဲအားလုံး
ဦးညွတ်ကာ နဂါးနန်းတော်ဆီသို့
ဦးတည်သွားကြသည်။

“ဒီ… ဒီမှာ ဘာဖြစ်နေတာလဲ”

ကျင့်ကြံသူအချို့ အံ့သြသွားကြ၏။

အလွန်ရှားပါးကာ ပုန်းကွယ်နေသော

မျိုးစိတ်တချို့ကိုပင် မြင်လာရကာ အားလုံးက

ဦးညွတ်နေခဲ့ကြလေသည်။

“ပြောင်းလဲတော့မယ်…”

အဘိုးအိုတစ်ယောက်က ရေရွတ်လိုက်သည်။

ဤမြင်ကွင်းမျိုး မမြင်ရတာ ကြာမြင့်ခဲ့ချေပြီ။

ထိုအချိန်တွင် နဂါးနန်းတော်ရှေ့မှ

ရှောင်ချန်းသည်လည်း မြေပြင်ပေါ်တွင်

ဒူးထောက်ထိုင်လိုက်သည်။

သူလက်မခံချင်ရင်တောင် နဂါးစွမ်းအားက ကြောက်စရာကောင်းလွန်း၏။

'သေစမ်း၊ ဒီရှေးဟောင်းလူထူးဆန်းက တကယ်ကို အစွမ်းထက်တာပဲလား'

ရှောင်ချန်း၏မျက်နှာက အကြည့်ရဆိုးသွားသည်။

ထိုအချိန်တွင် နဂါးနန်းတော်၌ မဟာတာအို ရွှေရောင်အလင်းစီးကြောင်းများ ထွက်ပေါ်လာသည်။

အံ့မှိုင်းသော အလင်းများနှင့်အတူ နဂါးပုံရိပ်ကြီးလည်း ထွက်ပေါ်လာ၏။

ထို့နောက်မှာတော့ ချောမောလှပသော ပုံရိပ်တစ်ခုက ဖြည်းညှင်းစွာ ထွက်လာခဲ့တော့သည်။

"ဒါက ဒီခေတ်ရဲ့ သဘာဝအရှိန်အဝါပဲလား..."

သူမ၏အသံက အေးစက်နေဆဲပင်။

မော့ကြည့်လိုက်ပြီးနောက် ရှောင်ချန်းဟာ အသက်ရှုရပ်မတတ် ဖြစ်သွားသည်။

ယင်းက ရိုးရာဝတ်စုံဖြင့် မိန်းမပျိုတစ်ဦး...

သူမက ကျောက်စိမ်းကဲ့သို့ ဖွေးကြည်ကာ အညစ်အကြေးနှင့် ဖုန်မှုန့်များကပ်ညိနိုင်ပုံမရဘဲ လေထဲတွင် ရပ်နေသည်။

သူမက အရပ်မြင့်မြင့်ရှိကာ ဖြူသွယ်သော
ခြေထောက်တစ်စုံကတော့
မှုန်ဝါးဝါးစကတ်ရှည်ထဲတွင် ရှိနေသည်။

သေးသွယ်သောခါးမှာတော့ ကျောက်စိမ်းခါးပတ်ဖြင့်
ချည်နှောင်ထား၏။

သူမက နှင်းတောင်တန်းမှ မိန်းမလှတစ်ဦးကဲ့သို့
ဝံ့ကြွားစွာ ရှိနေခဲ့လေသည်။

သူမ၏ ကျောက်စိမ်းကဲ့သို့ မျက်နှာလေးကိုတော့
အစစ်အမှန်မဟုတ်သကဲ့သို့ ဝေဝါးဝါးပုံရိပ်များဖြင့်
ဖုံးကွယ်ထသည်။

သို့တိုင် ယင်းက ပြိုင်ဘက်ကင်းသော

အလှပဂေးဖြစ်ကြောင်း မြင်နိုင်ပါသေးသည်။

ဤအလှလေး၏ တစ်ခုတည်းသောထူးခြားချက်ဟူ၍ ကျောက်စိမ်းကဲ့သို့ နဂါးဦးချိုနှစ်ချောင်း ဖြစ်သည်။

နဂါးဦးချိုများပေါ်တွင်လည်း လှည့်ပတ်နေသော ရွှေရောင်အက္ခရာများ ရှိနေကာ အလွန်လျှို့ဝှက်ဆန်းကြယ်လေသည်။

'သူက ဘိုးဘေးနဂါးသိုက်ရဲ့ ရှေးဟောင်း လူထူးဆန်းပဲလား'

ရှောင်ချန်းမှာ အသက်ပြင်းပြင်းရှူရင်း သူ့နှလုံးသားလည်း တုန်ခါသွားရသည်။

ရှေးခေတ်ကပင် ရှေးဟောင်းလူထူးဆန်းဟု ကြွေးကြော်နိုင်ခဲ့သော တည်ရှိမှုဆိုသည့်အတိုင်း

လက်ရှိခေတ်မှလူများ နှိုင်းယှဉ်နိုင်သည့်အရာ မဟုတ်ပေ။

ထိုအချိန်တွင် ရွှေရောင်နဂါးနန်းတော် အနီးတစ်ဝိုက်သို့ မြေအောက်မှ နဂါးတစ်ပိုင်းပုံရိပ်လေးခု ထပ်မံထွက်ပေါ်လာသည်။

အားလုံးက သူတော်စင်အရှိန်အဝါများ ထွက်ပေါ်နေကြ၏။

'ဒါက... သူတော်စင်တွေပဲလား'

မိုးပြာနဂါးသခင်၏ မျက်နှာပေါ်တွင်လည်း အံ့အားသင့်မှုများ ထွက်ပေါ်လာသည်။

နဂါးတစ်ပိုင်း ရုပ်တုလေးခုထံမှ ကြောက်စရာအရှိန်အဝါများကလည်း ကောင်းကင်သို့

လွင့်ပျံလာ၏။

၎င်းက ပြန်လည်နိုးထလာသော နဂါးမျိုးနွယ် ကျွမ်းကျင်သူများ ဖြစ်ကြသည်။

၎င်းတို့လေးဦးစလုံးက သန့်စင်ခြင်းနယ်ပယ်တွင် ရှိလေသည်။

သန့်စင်ခြင်းက သူတော်စင်နယ်ပယ်၏ နောက်ဆုံးအဆင့်ဖြစ်ပြီး သူ့အထက်မှာတော့ အဓိပဓိတစ်ပိုင်း ဖြစ်သည်။

"နဂါးပြာမိုလ်ချုပ်က မင်းသမီး လုံကျိုကို ဂါရဝပြုပါတယ်"

"နဂါးနီဗိုလ်ချုပ်က မင်းသမီးလုံကျိကို ဂါရဝပြုပါတယ်"

"နဂါးနက်ဗိုလ်ချုပ်က မင်းသမီး လုံကျိကို ဂါရဝပြုပါတယ်"

"နဂါးဖြူဗိုလ်ချုပ်က မင်းသမီး လုံကျိကို ဂါရဝပြုပါတယ်"

သန့်စင်ခြင်းသခင်လေးဦးစလုံးက မင်းသမီးလုံကျိဟုခေါ်သော မိန်းကလေးကို ဒူးထောက်ကာ ဦးညွတ်လိုက်ကြသည်။

"ထလော့၊ ဒီမင်းသမီး ပြန်လည်မွေးဖွားလာခဲ့ပြီမို့ ဘိုးဘေးနဂါးသိုက်ကို ပြန်အသက်သွင်းပြီး ရန်သူအားလုံးကို တွန်းလှန်မယ်"

မင်းသမီးလုံကျိက ပြောလိုက်သည်။

သူမသည် အလွန်လှ၏၊ သို့သော်လည်း အလွန်မာနကြီးသော ဘုရင်မတစ်ပါးနှင့် ပိုတူခဲ့ပေသည်။

----------

အခန်း ( ၁၃၁ ) မိုးပြာနဂါးသခင် ကျဆုံးခြင်း၊ အင်မော်တယ်နယ်မြေကြီးကို တုန်လှုပ်စေသော ရှေးဟောင်းဘုရင်မ၊ ကျွင်းရှောင်ယောက်ကို သတ်မယ်။

ရှောင်ချန်း၏ မျက်လုံးများ တုန်လှုပ်သွားသည်။

ကံကောင်းခြင်း၏သားတော်အဖြစ်
သတ်မှတ်ခံရသူတစ်ယောက်ပီပီ သူ၏
ခွန်အားကလည်း အားမနည်းပါ။

သို့တိုင် မင်းသမီးလုံကျို အရှေ့မှောက်တွင်ကား
နိမ့်ကျမှုကို ခံစားနေရဆဲပင်။

သူ့သွေးမျိုးဆက်မှ ထွက်ပေါ်လာသော ဖိအားက
ရှောင်ချန်းကို မြေပြင်ပေါ်တွင် ဒူးထောက်စေပြီး
လုံးဝမထနိုင်တော့ပါချေ။

'ကြောက်စရာပဲ၊ သူ့သွေးမျိုးဆက်က
ဘယ်လောက်တောင် သန်မာတာလဲ၊ ငါ့ရဲ့
အဓိပမိသွေးမျိုးဆက်တောင် အဲဒါနဲ့ မယှဉ်နိုင်ဘူး'
ရှောင်ချန်း အနည်းငယ်စိတ်ပျက်သွားကာ
တွေးလိုက်မိသည်။

သူ၏ စွမ်းဆောင်မှုက အစေခံတစ်ယောက်ကဲ့သို့ ဖြစ်နေရကာ လုံးဝ သည်းမခံနိုင်လောက်အောင်ပင်။

"ဟမ့်၊ ဒီလူက တော်ဝင်မင်းသမီးနဲ့ ညှိနှိုင်းချင်တာလား။ သေချင်နေပြီထင်တယ်"

နဂါးပြာမိုလ်ချုပ်က ရှောင်ချန်းကို အေးစက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူ့လက်ကို မြှောက်လိုက်သောအခါ သန့်စင်ခြင်းသခင် စွမ်းအားများ ထွက်ပေါ်လာပြီး ရှောင်ချန်းအား ရိုက်သတ်ရန်ဟန်ပြင်လိုက်၏။

ရှောင်ချန်းလည်း အံကြိတ်ထားကာ သူ့မျက်နှာမှာလည်း ထိတ်လန့်မှုကြောင့် ဖြူရော်လာတော့သည်။

"ခဏာနေဦး"

မင်းသမီးလုံကျိုက သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါမှ နဂါးပြာဗိုလ်ချုပ်က လှုပ်ရှားမှုကို ရပ်တန့်လိုက်သည်။

"ဒီမင်းသမီးက ပြောပြီးသားစကားကို ပြန်ရုတ်သိမ်းတတ်တဲ့ လူသားမျိုးနွယ်နဲ့ မတူဘူး။ သေမျိုးလေး၊ မင်းက ဒီနန်းတော်ကို ဖွင့်ဖို့ ကူညီပေးတဲ့အတွက် မင်းရဲ့ဆန္ဒကို သဘာဝအတိုင်း ဖြည့်ဆည်းပေးမယ်။"

မင်းသမီးလုံကျိုက လျစ်လျူရှုစွာ ပြောလိုက်သည်။

သူသည် မြေပြင်ပေါ်ရှိ ပုရွက်ဆိတ်များကို

ကြည့်နေသကဲ့သို့ ရှောင်ချန်းကို ကြည့်လိုက်၏။

ရှောင်ချန်းကသာ တံဆိပ်ခတ်ခြင်းကို
ကူညီပယ်ဖျက်မပေးပါက ထိုတည်ရှိမှုမျိုးကို
စကားတစ်ခွန်းပြောရန်ပင် ပျင်းရိပေလိမ့်မည်။

ယင်းကိုကြားမှ ရှောင်ချန်းဟာ ချွေးဒီးဒီးကျနေရာမှ
သက်ပြင်းချလိုက်နိုင်သည်။

သူ့မျက်လုံးများမှ လက်စားချေလိုက်မှု
အရိပ်အယောင်များမှာ ပိုသန်မာလာ၏။

သူအောင်မြင်ခဲ့ပြီ။

မင်းသမီးလုံကျို၏ ကြောက်စရာကောင်းသည့်

စွမ်းအားအရ ကျွင်းရှောင်ယောက်ကို သတ်ဖြတ်ရန်မှာ အိပ်မက်တစ်ခု မဟုတ်တော့ပါ။

ထိုအချိန်တွင် မိုးပြာနဂါးသခင်၏ အကြွင်းအကျန် ဝိညာဉ် ထွက်ပေါ်လာပြီး မင်းသမီးလုံကျိကို ဦးညွှတ်၍ ပြောလိုက်သည်။

"နဂါးပြာသခင်၊ ကျုပ်က တော်ဝင်မင်းသမီးနောက်ကို လိုက်ပါလိုပါတယ်"

"ဘိုးဘေး၊ ခင်ဗျား..."

ရှောင်ချန်း အံ့သြသွားသည်။ ထို့နောက် သူ့မျက်နှာတွင် စိတ်ပျက်အားငယ်နေသော အကြည့်များ ပေါ်လာခဲ့၏။

မိုးပြာနဂါးသခင်လည်း သူ့ကိုအလွန်စိတ်ပျက်သွား၍ လက်လျှော့လိုက်ဖြစ်ကြောင်း သူသိသည်။

ယခင်က ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော
မိုးပြာနဂါးသခင်သည် လက်ရှိမှာတော့
အလွန်နှိမ့်ချနေသည်။

မင်းသမီးလုံကျို၏ အနေအထားအရ အနာဂတ်တွင်
သေချာပေါက်
ဘိုးဘေးနဂါးသိုက်၏ခေါင်းဆောင်တစ်ယောက်
ဖြစ်လာနိုင်လိမ့်မည်။

ဖြစ်ကောင်းဖြစ်နိုင်တာက သူ့ခန္ဓာကိုယ်ကို
ပြန်လည်တည်ဆောက်ပြီး အထွတ်အထိပ်သို့
ရောက်ရှိရန်ပင်  ကူညီပေးနိုင်လောက်၏။

"အမိပမိတစ်ပိုင်း အကြွင်းအကျန်ဝိညာဉ်လား"
မင်းသမီးလုံကျို၏ အသံက အနည်းငယ်မျှ

အတက်အကျမရှိဘဲ ငြိမ်သက်နေဆဲပင်။

သို့ရာတွင် သူမက ချက်ချင်း စကားဆက်လာသည်။

"ကောင်းပြီလေ၊ ဒီမင်းသမီးရဲ့
ဘလက်ဂိုလ်းသန့်စင်ခြင်းဓားမှာ
စွမ်းအားနည်းနေတယ်။ ဒါကြောင့် မင်းကို
အကျိုးဆောင်ခွင့်ပေးလိုက်မယ်"

မင်းသမီးလုံကျို၏ စကားကိုကြားပြီးနောက်
မိုးပြာနဂါးသခင်မှာ မျက်နှာပျက်သွားသည်။
အိုမင်းရှေးကျသော သူ့မျက်လုံးများမှာလည်း
ရုတ်တရက် မှုန်ကုပ်ကုပ် ဖြစ်သွား၏။

ထိုအချိန်တွင် နဂါးပြာဗိုလ်ချုပ်၏လက်ဝါးမှ
နတ်ဘုရားစွမ်းအင်များ ပေါက်ကွဲထွက်ပေါ်လာသည်။

မိုးပြာနဂါးသခင်လည်း မျက်နှာပျက်သွားကာ
ဟိန်းဟောက်ပြီး ခုခံလိုက်သည်။

သူသည် အဓိပဓိတစ်ပိုင်း စွမ်းအင်များအား
ထုတ်ဖော်လုခံလိုက်၏။ သို့သော်လည်း လက်ရှိတွင်
သူက အကြွင်းကျန်ရှေးဦးဝိညာဉ်တစ်ခုသာဖြစ်၍
သန့်စင်ခြင်းသခင်၏ တိုက်ခိုက်မှုကို ဘယ်လိုလုပ်ပြီး
ရပ်တန့်နိုင်မည်နည်း။

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
မိုးပြာနဂါးသခင်၏ဝိညာဉ်က
ကြေကွဲလုနီးဖြစ်သွားသည်။

ထိုစဉ် မင်းသမီးလုံကျိုက သူမ၏
လက်ကိုအသာမြှောက်၍ ဆံပင်များကြားမှ
ဆံထိုးတစ်ခုကို ထုတ်ယူလိုက်သည်။

အနီးကပ်ကြည့်မှ ၎င်းမှာ ဆံထိုးမဟုတ်ဘဲ
ရွှေနက်ရောင်ဓားတစ်လက် ဖြစ်နေကြောင်း
သိလိုက်ရ၏။

၎င်းက မင်းသမီးလုံကျို၏ ကိုယ်ပိုင်လက်နက်၊
နဂါးအမှတ်အသား ဘလက်ဂိုလ်း
သန့်စင်ခြင်းဓားဖြစ်သည်။

"ဝှစ်"
သန့်စင်ခြင်းဓားက ရုတ်တရက်
လေထုကိုဖောက်ထွင်းသွားကာ မိုးပြာနဂါးသခင်၏
အကြွင်းအကျန်ဝိညာဉ်စွမ်းအင်ကို
တိုက်ရိုက်စုပ်ယူလိုက်သည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ ရှောင်ချန်းစိတ်ထဲ၌

အေးခဲသွား၏။

သူ၏ ဘိုးဘေးဖြစ်သော အဓိပဓိတစ်ပိုင်း
မိုးပြာနဂါးသခင်သည် ယခုတော့
မင်းသမီးလုံကျိုအတွက် လက်နက်အားဖြည့်စရာ
ဖြစ်လာခဲ့ချေပြီ။

ယခင်က မင်းသမီးလုံကျိုက ကတိစကားကို
တန်ဖိုးထား၍ ပေါင်းသင်းရမခက်ဘူးဟု
သူခံစားလိုက်ရသည်။

ဖြစ်ကောင်းဖြစ်နိုင်သည်မှာ သူ့အနေဖြင့်
မင်းသမီးလုံကျိုပေါင်ကို ပွေ့ဖက်ထားသ၍
သူ့အနာဂတ်က ခက်ခဲမှုရှိတော့မည် မဟုတ်ပေ။

ယခုတော့ သူ့တစ်ကိုယ်လုံး ချမ်းတုန်လာပြီး

ကိစ္စပြီးပြတ်သည်နှင့်တပြိုင်နက် ဤနတ်ဆိုးမကို ထားခဲ့ချင်နေခဲ့လေပြီ။

"ဒီမင်းသမီး မွေးဖွားလာပြီမို့
အင်မော်တယ်နယ်မြေကြီးက
ခေတ်ပြိုင်မျိုးဆက်အားလုံးကို ဖိနှိပ်မယ်။
ဘယ်လိုမြင့်မြတ်ခန္ဓာမဆို
ဒီမင်းသမီးတိုးတက်မဲ့လမ်းမှာ ခြေနင်းအရိုးတွေသာ ဖြစ်ရမယ်"

မင်းသမီးလုံကျါက
ထာဝရဘုရင်မတစ်ပါး၏ဟန်ပန်မျိုးဖြင့်
ပြောလိုက်သည်။

နဂါးမိုလ်ချုပ်လေးယောက်လည်း
အလွန်လေးစားနေတော့သည်။

ဤသည်မှာ ပြိုင်ဘက်ကင်းသော သွေးမျိုးဆက်နှင့် ကမ္ဘာကြီးကိုစိုးမိုးနိုင်သော ဟန်ပန်ရှိသည့် ရှေးဟောင်းနဂါးပြာဧကရာဇ်မှ ဆင်းသက်လာသူဖြစ်သည်။

မင်းသမီးလုံကျို မွေးဖွားပြီး သိပ်မကြာမီပင် ဘိုးဘေးနဂါးသိုက်က သွေးမျိုးဆက်အရှိန်အဝါကို လျင်မြန်စွာ ခံစားလိုက်ရသည်။

နဂါးပြာမျိုးနွယ်မှ အဓိပဓိကျွမ်းကျင်သူကြီးဟာ ဝမ်းသာအားရဖြင့် ဟင်းလင်းပြင်ကို တိုက်ရိုက်ဆုပ်ဖြဲ၍ ထွက်ခွာသွားခဲ့သည်။

"ငါခံစားရတယ်၊ အဲဒါက နဂါးပြာရှေးဟောင်းဧကရာဇ်ရဲ့ တိုက်ရိုက်မျိုးဆက်သွေးပဲ၊ ငါ့ရဲ့ နဂါးပြာမျိုးနွယ်က

ရှေးဟောင်းလူထူးဆန်း မွေးဖွားလာခဲ့ပြီ"

နဂါးပြာမျိုးရိုးမှ အဓိပဓိကျွမ်းကျင်သူကြီးမှာ စိတ်လှုပ်ရှားမှုဖြင့် တုန်တုန်ယင်ယင်ဖြစ်သွားသည်။

ရှေးဟောင်းတော်ဝင်မိသားစုမှ နဂါးပြာရှေးဟောင်းသွေးကြောသည် လူသားမျိုးနွယ်၏ မဟာသွေးကြောများနှင့် နှိုင်းယှဉ်နိုင်သော တည်ရှိမှုဖြစ်သည်။

ရှေးဟောင်းသွေးကြော၏ တိုက်ရိုက်မျိုးဆက်ဆိုသည်မှာ ရှေးဟောင်းသွေးကြောထံမှ သွေးမျိုးဆက်ရှိသည်။

၎င်းက လျစ်လျူရှု၍ရသည့် သွေးမျိုးဆက်ပါသော လုံပိကျစ်နှင့် မတူပေ။

ယင်းက အစစ်အမှန်သွေးမျိုးဆက် ဖြစ်သည်။

မင်းသမီးလုံကျိုက လူသားမျိုးနွယ်၏
မဟာကေရာဇ်များမှ ဆင်းသက်လာသူများနှင့်
ယှဉ်ပြိုင်နိုင်သော တည်ရှိမှုတစ်ခု ဖြစ်ချေသည်။

ထိုအတွက် သူမကို မေးခွန်းထုတ်စရာမရှိပေ။

ဘိုးဘေးနဂါးသိုက်တစ်ခုလုံးက
အင်အားကြီးသူအနောက်ကို လိုက်ကြသည်။

မင်းသမီးလုံကျိုက နဂါးနန်းတော်ကို မောင်းနှင်ကာ
နဂါးဗိုလ်ချုပ်လေးဦးနှင့် ရှောင်ချန်းကို
ဘိုးဘေးနဂါးသိုက်သို့ ခေါ်ဆောင်သွားခဲ့သည်။

နှစ်ဘက်ပေါင်းစည်းပြီးနောက် ဘိုးဘွားနဂါးသိုက်မှ ကျွမ်းကျင်သူများဟာ အလွန်စိတ်လှုပ်ရှားသွား၏။

၎င်းတို့၏ ဘိုးဘေးနဂါးသိုက်မှာ အချိန်အတော်ကြာအောင် ဖိနှိပ်ခံခဲ့ရပြီး နောက်ဆုံးမှာတော့ ခေတ်ပြိုင်မျိုးဆက်ကို လွှမ်းမိုးနိုင်သည့် ပါရမီရှင်တစ်ယောက် မွေးဖွားလာခဲ့ပြီ။

အမွှာနဂါးမွေးဖွားလာမည်ဟူသော ဟောကိန်းမှာလည်း အတည်ပြုခဲ့ပြီးဖြစ်သည်။

အမွှာနဂါးသည် လုံအိုထျန်းနှင့် မင်းသမီးလုံကျိုကို ရည်ညွှန်းသည်။

မင်းသမီးလုံကျို မွေးဖွားလာသောသတင်းကို ဘိုးဘေးနဂါးသိုက်က ကြေညာလိုက်သောအခါ အင်မော်တယ်နယ်မြေကြီး တစ်ခုလုံးနီးပါး တုန်လှုပ်သွားကြရသည်။

အမျိုးမျိုးသော အင်မော်တယ်မင်းဆက်တို့မှ အကြီးအကဲအားလုံး တုန်လှုပ်သွားကြ၏။

"ဘိုးဘေးနဂါးသိုက်က ရှေးဟောင်းဧကရာဇ် တိုက်ရိုက်သွေးမျိုးဆက်နဲ့ ရှေးဟောင်းလူထူးဆန်း မွေးဖွားလာတယ်လို့တော့ ကောလဟာလတွေထွက်နေပြီ။ သူက အရမ်းကြောက်စရာကောင်းလိမ့်မယ်"

"ဟင်း... ဘိုးဘေးနဂါးသိုက်ရဲ့ အမွှာနဂါးမွေးဖွားလာမယ်ဆိုတဲ့ဟောကိန်းက

ဟာသတစ်ခုလို့ထင်ထားတာ၊ အခုတော့ တကယ်ဖြစ်လာခဲ့ပြီ"

"သူတို့ရဲ့ ရှေးဟောင်းလူထူးဆန်းလည်း မွေးဖွားလာပြီဆိုတော့ ဘိုးဘေးနဂါးသိုက်ရဲ့အမြီးက မိုးပျံနေတော့မှာပဲဟေ့"

"ကြီးကျယ်ခမ်းနားတဲ့ အပြိုင်ကမ္ဘာကြီး လုံးလုံးလျားလျားစတင်လာခဲ့ပြီ၊ ပါရမီရှင်တွေကြားမှာလည်း အလှည့်အပြောင်းတွေ ဖြစ်ပေါ်လာတော့မယ်"

"သူတို့က ကျွင်းမိသားစုနဲ့ ဘယ်လိုစခန်းသွားမလဲသိဘူး။ နောက်ဆုံးတော့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဘိုးဘေးနဂါးသိုက်ရဲ့ မျိုးဆက်သစ်တွေကို

ဆိုးရွားတဲ့သင်ခန်းစာတွေ ပေးခဲ့တာ"

လူများစွာက ကျွင်းမိသားစုကို
အာရုံစိုက်လာကြသည်။

ဘိုးဘေးနဂါးသိုက်တွင် ရှေးဟောင်းနဂါးတစ်ကောင်
မွေးဖွားလာပါက မည်သူက အကြီးမားဆုံး
အကျိုးသက်ရောက်မှု ရှိမည်နည်း။

တွေးစရာမလိုအောင် ယင်းက ကျွင်းမိသားစု
ဖြစ်သည်။

ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များတော့
မင်းသမီးလုံကျိ၏ ဖိနှိပ်မှုကို ခံကြရတော့မည်။

"ခင်ဗျားပြောကြည့်ပါဦး၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က အဲဒီမင်းသမီး လုံကျိကို
အနိုင်ယူနိုင်ပါ့မလား"

"ပြောဖို့တော့ခက်တယ်၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က တကယ်ကို
ပြိုင်ဘက်ကင်းပေမဲ့
ရှေးဟောင်းလူထူးဆန်းတစ်ယောက်မှာ
နားလည်ရခက်တဲ့ လှည့်ကွက်တွေ
အများကြီးရှိနေနိုင်တယ်"

"ဒါပေမဲ့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်အကြောင်းကို မကြားရတာ
အတော်ကြာပြီနော်၊ သူက
တံခါးပိတ်ကျင့်ကြံနေတာထင်တယ်"

"ဒါထက် ကျွင်းမိသားစုရဲ့ ပထမစီကွမ်
ပြန်ရောက်လာပြီလို့ကြားတယ်။ သူက
ရှေးဟောင်းလူထူးဆန်းရဲ့ဖိအားကို ခံနိုင်မှာလား"

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံးက ဤကိစ္စကို
ဆွေးနွေးနေခဲ့ကြသည်။

သို့သော်လည်း မကြာမီပင် ဘိုးဘေးနဂါးသိုက်မှ
တုန်လှုပ်ခြောက်ခြားဖွယ်ရာ သတင်းတစ်ခု
ထပ်မံပျံ့နှံ့လာပြန်သည်။

တံဆိပ်ကိုချိုးဖြတ်၍ ထွက်ပေါ်လာသော
မင်းသမီးလုံကျိက ပြောသည်။

ကျွင်းမိသားစုမှ နတ်ဘုရားသားတော်အား
လိမ်လိမ်မာမာဖြင့် လာရောက် အသတ်ခံစေလို၏။

ထိုခဏ၌ အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

----------

အခန်း ( ၁၃၂ ) ပထမစီကွမ် ကျွင်းလုံခန်း လှူပ်ရှားပြီ၊ ပထမစီကွမ်နှင့် မင်းသမီးလုံကျို

ဤသတင်းကြားပြီးနောက် လူတိုင်း၏ ပထမဆုံး တုံ့ပြန်မှုက မယုံနိုင်ကြခြင်းပင်။

မွေးစကတည်းက ကျွင်းရှောင်ယောက်သည် ရှုံးပွဲမရှိသေးဘဲ အားလုံးကို အနိုင်ယူခဲ့သည်။

တချို့က ကျွင်းရှောင်ယောက်ကို ဤမျိုးဆက်မှ ထိပ်ဆုံးတွင် ရပ်တည်နေသော လူငယ်တစ်ယောက်ဟုပင် ယူဆထားခဲ့၏။

ရလဒ်အနေဖြင့် ယခုအခါ မင်းသမီးလုံကျိုက ကျွင်းရှောင်ယောက်ကို သူ့အရှေ့မှာ လာအသေခံဖို့ ဆိုလာခဲ့ချေပြီ။

ဤလေသံမျိုးက တကယ်ကို မယုံနိုင်စရာပင်။

"မင်းသမီးလုံကျိုက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို လိမ်လိမ်မာမာ လာအသေခံစေတာကတော့ မောက်မာလွန်းတယ် မဟုတ်လား"

"ရှေးဟောင်းလူထူးဆန်းတိုင်းက သူတို့ခေတ်ရဲ့

ထိပ်တန်းတည်ရှိမှုတွေပဲလေ၊ သူတို့မှာ ဒီလိုပြောဖို့ အရည်အချင်းပြည့်မီပါတယ် "

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒါကို ဘယ်လိုဖြေရှင်းကြမလဲ မသိဘူး။ သူ တိုက်ခိုက်မှာလား"

"ပြောဖို့တော့ခက်တယ်ဗျ၊ စောင့်ကြည့်ရအောင်"

အင်မော်တယ်နယ်မြေကြီးရှိ အင်အားစုအားလုံးက အကြိတ်အနယ် ဆွေးနွေးနေခဲ့ကြသည်။

မင်းသမီးလုံကျို မွေးဖွားလာသောအခါ ပထမဆုံးလုပ်မည့်အရာက ကိုယ်ပိုင်အရှိန်အဟုန်ကို တည်ဆောက်ခြင်းမှန်း သူတို့သိသည်။

အရှိန်အဟုန်ကို တည်ဆောက်ရန်
အကောင်းဆုံးနည်းလမ်းက အဘယ်နည်း။

ယင်းက သဘာဝအတိုင်း အကျော်ကြားဆုံး
ပါရမီရှင်ကို နင်းချေလိုက်ခြင်းသာ ဖြစ်သည်။

ထို့အပြင် ကျွင်းမိသားစုက ဘိုးဘေးနဂါးသိုက်၏
ရန်ဘက်အင်အားစုဖြစ်သောကြောင့်
မင်းသမီးလုံကျိသည် ကျွင်းရှောင်ယောက်ကို
စိန်ခေါ်လာခြင်းဖြစ်မည်ဟု လူအများက
ခန့်မှန်းထားခြင်း ဖြစ်လေသည်။

သို့သော်လည်း သူတို့မသိသော အကြောင်းရင်းတစ်ခု
ရှိနေသည်။

ယင်းက ရှောင်ချန်း၏ အခြေအနေကြောင့်
ကျွင်းရှောင်ယောက်ကို သတ်လိုနေခြင်း ဖြစ်ပေသည်။

မင်းသမီးလုံကျိသည် ကျွင်းရှောင်ယောက်ကို တစ်ခါမျှ
မမြင်ဖူးသော်လည်း ထိုကဲ့သို့သော စကားမျိုး
မပြောရန် မတွန့်ဆုတ်ခဲ့ပေ။

နောက်ဆုံးမှာတော့ မင်းသမီးလုံကျိသည်
သူ့ခေတ်သူ့အခါ၌ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး
ပြိုင်ဘက်ကင်းသော တည်ရှိမှုတစ်ခု ဖြစ်ခဲ့သည်။

ထို့ကြောင့် အင်မော်တယ်နယ်မြေတစ်ခုလုံးက
တုန်ခါနေပြီး မျက်လုံးများကလည်း
ကျွင်းမိသားစုဆီသို့  လှည့်သွားကြတော့သည်။

သို့သော်လည်း ယခုအချိန်တွင်

မုန်တိုင်းဗဟိုချက်ဖြစ်သော ကျွင်းရှောင်ယောက်က
ဘာမျှမသိဘဲ တံခါးပိတ်ကျင့်ကြံနေဆဲပင်။

သူသည် မြင့်မြတ်ခန္ဓာအာရုံကို နားလည်ပြီးနောက်
အင်မော်တယ်ကျောက်များကိုသုံးကာ
ထာဝရအင်မော်တယ်အရိုးကို
ဆက်လက်သန့်စင်နေခဲ့လေသည်။

၎င်းက ကျွင်းမိသားစုမှ ထပ်ပေးလာသော
အရင်းအမြစ်များဟု ဆိုနိုင်သည်။

ကောင်းကင်ဧကရာဇ်နန်းတော်တစ်ခုလုံးမှာတော့
တုန်လှုပ်ဖွယ်ရာ စွမ်းအင်အတက်အကျများက
မကြာခဏ ဖြစ်ပေါ်နေလေသည်။

ယင်းက ကျွင်းရှောင်ယောက် တံခါးပိတ်ကျင့်ကြံတိုင်း

ဖြစ်ပေါ်လာတတ်သော ပုံစံဖြစ်သည်။

ထို့ကြောင့် ကျွင်းမိသားစုဝင်အများစုမှာ
ကျွင်းရှောင်ယောက် တံခါးပိတ်ကျင့်ကြံရာမှ
ပြန်ထွက်လာပြီးနောက် မည်မျှ
အားကောင်းလာမလဲဆိုတာကို
စောင့်မျှော်နေကြတော့သည်။

ကျွင်းရှောင်ယောက် တံခါးပိတ်ကျင့်ကြံနေချိန်တွင်...

ဘိုးဘေးနဂါးသိုက်က ကျွင်းမိသားစုကို
အထိန်းအကွပ်မဲ့ ထိုးနှက်နေသည်။

ကျွင်းမိသားစုကို မတိုက်ခိုက်ဝံ့သော
လိပ်တစ်ကောင်ဟု ဆိုကြ၏။

ကျွင်းမိသားစု၏ မျိုးဆက်သစ်များ၌
မင်းသမီးလုံကျိကို မည်သူမျှ မယှဉ်နိုင်ဟုလည်း
ဆိုခဲ့ကြလေသည်။

ထိုအတွက် ကျွင်းမိသားစုမှ လူငယ်များလည်း
ဘာမျှမတတ်နိုင်ပေ။ သူတို့အားလုံးက
ကျွင်းရှောင်ယောက်
တံခါးပိတ်ကျင့်ကြံရာမှထွက်လာပြီး
မင်းသမီးလုံကျိမျက်နှာကို ပိတ်ရိုက်စေရန်သာ
မျှော်လင့်နေရတော့သည်။

ထို့ကြောင့် မင်းသမီးလုံကျိက သတင်းတစ်ခုကို
ထပ်မံထုတ်ပြန်လာပြန်သည်။

ကျွင်းရှောင်ယောက်က သူမအား တိုက်ခိုက်ရန်

ဘိုးဘေးနဂါးသိုက်သို့ မလာဝံ့ပါက...

ကျွင်းရှောင်ယောက် လာရောက်တိုက်ခိုက်နိုင်ရန် ဟုန်စီရင်စုရှိ ဟွမ်ထျန်းတောင်တန်းတွင် စောင့်ဆိုင်းနေမည်ဟူ၏။

ထိုသတင်းထွက်လာသည်နှင့်တပြိုင်နက် လူထုမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြန်တော့သည်။

ဤအခြေနေရောက်သည်အထိ ကျွင်းမိသားစုနှင့် ကျွင်းရှောင်ယောက်က ဆက်လက် လျစ်လျူရှုထားရင် ကျွင်းမိသားစုတစ်ခုလုံး မျက်နှာပျက်ရပေတော့မည်။

"မုန်းစရာကောင်းလိုက်တာ၊ နတ်ဘုရားသားတော်က တံခါးပိတ်ကျင့်ကြံနေတာကို... ဘိုးဘေးနဂါးသိုက်က

ငါတို့ကျွင်းမိသားစုကို တကယ်ကြီး
ကြောက်နေတယ်လို့ ထင်နေတယ်"

ကျွင်းမိသားစု၏ ခြံဝင်းထဲမှာ ကျွင်းကျန်းကျန့်က
ဒေါသတကြီးဖြင့် ပြောလိုက်သည်။

"အဲဒီတော့ ငါတို့က ဘာတတ်နိုင်မှာလဲ။
မင်းသမီးလုံကျိကို နင်သွားပြီး တိုက်ခိုက်မှာလား"
ကျွင်းရွှယ်ဟွမ်က လျစ်လျူရှုစွာ ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ ကျွင်းကျန်းကျန့်
အနည်းငယ် ရှက်သွား၏။

သူ့အစွမ်းအစကို သူသာလျှင် အသိဆုံး ဖြစ်သည်။

မင်းသမီးလုံကျိုကဲ့သို့ ကြောက်စရာ
ရှေးဟောင်းလူထူးဆန်းက သူကိုင်တွယ်နိုင်သော
အရာမဟုတ်ပါ။

"သူတို့ကို ဂရုစိုက်စရာ မလိုပါဘူး။ သခင်လေး
တံခါးပိတ်ကျင့်ကြံရာကထွက်လာရင်
ပြိုင်ဘက်အားလုံးကို ဖယ်ရှားသွားလိမ့်မယ်"
ကျွင်းလင်းလုံက ပုံမှန်အတိုင်း ပြောလိုက်သည်။

သူက ကျွင်းရှောင်ယောက်ကို ယုံကြည်မှုအရှိဆုံး
လူတစ်ယောက်ပင် ဖြစ်ချေသည်။

နောက်ဆုံးမှာတော့ သူသည် ကျွင်းရှောင်ယောက်၏
အနာဂတ်ကို တစေ့တစောင်း မြင်နေရသည်။

သက်ရှိသတ္တဝါအားလုံးအပေါ် ကျောပေးထားနိုင်သော

ကျွင်းကေရာဇ်သည် ကျွင်းရှောင်ယောက်ဖြစ်ဖို့များ၏။

မင်းသမီးလုံကျိကတော့ ရှေးဟောင်းဘုရင်မတစ်ဦးမျှသာ ဖြစ်သည်။

သူမက အနာဂတ်တွင် ဧကရာဇ်ဖြစ်လာရန် ရည်မှန်းထားသော ကျွင်းရှောင်ယောက်လိုလူနှင့် နှိုင်းယှဉ်ရရန် အရည်အချင်းမရှိပေ။

ကျွင်းမိသားစုမှ ပါရမီရှင်များ ဒေါသတကြီးဖြစ်နေချိန်တွင်...

ပုံရိပ်တစ်ခုက ကျွင်းမိသားစုမှထွက်ခွာရန် ချီလင်သားရဲကြီးပေါ်သို့ လှမ်းတက်လိုက်သည်။

"ဒါက သခင်လုံခန်းပဲ၊ သူဘယ်သွားမလို့လဲ"

ကျွင်းမိသားစုဝင်များ အံ့သြသွားကြ၏။

"လုံခန်း"

ကျွင်းလုံခန်း၏ မျိုးနွယ်မှ အကြီးအကဲများအပြင် ကျွင်းတောက်လင်းနှင့် ကျွင်းရှီယုတို့လည်း ထွက်ပေါ်လာကြသည်။

"ငါတို့ ကျွင်းမိသားစုကို မျက်နှာပျက်မခံဘူး၊ အခု ဝမ်းကွဲရှောင်ယောက်ကလည်း တံခါးပိတ်ကျင့်ကြံနေတဲ့အတွက် ငါကိုယ်တိုင် နဂါးမင်းသမီးနဲ့ ခဏလောက် သွားတွေ့မယ်"

ကျွင်းလုံခန်းက တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်။

သူ့အသွင်အပြင်ကိုက ချောမော ခန့်ညားသည်၊
သူ့မျက်လုံးများကိုလည်း
အနက်ရောင်ပိတ်ဖြင့်ကွယ်ထားကာ
အသားရေကလည်း ကြည်လင်ချောမွေ့၏။

ထိုအချိန်တွင် ထွက်ပေါ်လာသော
သူ့စကားများကလည်း တကယ်ကို
တုန်လှုပ်ချောက်ချားစရာပင်။

ကျွင်းလုံခန်းက မင်းသမီးလုံကျိနှင့်
ခဏသွားတွေ့မည်။

ယင်းက ကျွင်းမိသားစုတစ်ခုလုံးကို
တုန်ခါသွားစေခဲ့လေသည်။

"သခင်လေးလုံခန်း၊ ရှင်မလို..."

ကျွင်းရှီယု အနည်းငယ် တုံ့ဆိုင်းသွားသည်။

သူပြောလိုသည်မှာ မင်းသမီးလုံကျိုက
ကျွင်းရှောင်ယောက်ကို
ပစ်မှတ်ထားခြင်းဖြစ်သောကြောင့် ကျွင်းလုံခန်းမကို
သွားရန်မလိုဟုပင်။

"ဘိုးဘေးနဂါးသိုက်က ဆက်ပြီး
မာနကြီးနေသလောက် တစ်ယောက်ယောက်က
မလှုပ်ရှားကြဘူးဆိုရင် ကျွင်းမိသားစု
အရှက်ရလိမ့်မယ်"

ကျွင်းလုံခန်းက လက်နှစ်ဖက်ကိုနောက်ပစ်ကာ
တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

ကြောက်စရာကောင်းသည့်
ရှေးဟောင်းသားရဲတစ်ကောင်နှင့် ရင်ဆိုင်နေရလျှင်ပင်

သူက မကြောက်သေးပေ။

ကျွင်းမိသားစုဝင်များလည်း
အလွန်လေးစားသွားကြသည်။

"အားကျိုး၊ မင်းကို နောက်လိုက်ဖြစ်စေထိုက်သူက
ဘယ်သူဆိုတာ ငါပြမယ်..."
ကျွင်းလုံခန်းက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

သူလှုပ်ရှားရခြင်း၏ အကြောင်းရင်းတစ်ခုမှာ
ကျွင်းမိသားစု မျက်နှာမပျက်ရေးအတွက် ဖြစ်သည်။

နောက်တစ်ချက်ကတော့ အားကျိုးအတွက်ပင်
ဖြစ်လေသည်။

သူက ဘယ်သူ့ထက်မှ အားမနည်းပါ။

ကျွင်းလုံခန်း၏ စိတ်သဘောထားအရ
ကျွင်းရှောင်ယောက်ကို
စက်ဆုပ်ဖွယ်နည်းလမ်းများဖြင့်
တိုက်ခိုက်မည်မဟုတ်ပေ။ ထို့ကြောင့် အားကျိုးက
သူ့ကိုလက်ခံလာစေရန် သူဘာလုပ်နိုင်သည်ကို
ဤနည်းဖြင့်သာ ပြသနိုင်သည်။

ကျွင်းလုံခန်း ထွက်လာပြီ...

ထိုသတင်းထွက်လာသည်နှင့်တပြိုင်နက်
တစ်ကမ္ဘာလုံးမှာ ပြင်းပြင်းထန်ထန်
တုန်ခါသွားရသည်။

ကျွင်းမိသားစု၏ ပထမစီကွမ်သည်

မင်းသမီးလုံခန်းနှင့်ရင်ဆိုင်ရန် ဟုန်စီရင်စုရှိ
ဟွမ်ထျန်းတောင်တန်းသို့ သွားရောက်ပြီဖြစ်သည်။

ထိုသတင်းထွက်လာပြီးနောက် အင်အားစုအသီးသီးမှ
အကြီးအကဲများဟာ ချက်ချင်းထွက်သွားခဲ့ကြ၏။

မကြာသေးမီက ကျွင်းမိသားစုတွင်
ကျွင်းရှောင်ယောက်က အကျော်ကြားဆုံး
ပါရမီရှင်တစ်ယောက် ဖြစ်သည်။

သို့သော်လည်း ပထမစီကွမ်ဖြစ်သော ကျွင်းလုံခန်းက
ဝါပိုကြီးကာ သူ့အရင်ကတည်းက
ကျော်ကြားသူဖြစ်ခဲ့၏။

ထို့ကြောင့် သူ့ခွန်အားက မေးခွန်းထုတ်စရာ မရှိပေ။

မကြာမီ အင်အားစုများစွာက ဟုန်စီရင်စုရှိ
ဟွမ်ထျန်းတောင်တန်းဆီသို့ စတင်စုရုံးလာကြသည်။

ဤတိုက်ပွဲက သေချာပေါက်ပြင်းထန်မည်ဖြစ်ပြီး
ရလဒ်ကလည်း ကြီးမားသော အကျိုးဆက်များကို
ရှိလာစေလိမ့်မယ်။

နောက်ဆုံးတွင် ယင်းက ကျွင်းမိသားစုနှင့်
ဘိုးဘေးနဂါးသိုက်၏ ကစားပွဲတစ်ခု ဖြစ်သည်။

လူအများကတော့ ကျွင်းမိသားစု၏ ပထမစီကွမ်ပင်
မင်းသမီးလုံကျိကို မယှဉ်နိုင်ပါက...

ကျွင်းရှောင်ယောက်လည်း
အခြေအနေပိုကောင်းမည်မဟုတ်ဟု

ခန့်မှန်းထားကြလေသည်။

ရက်အနည်းငယ်အတွင်းမှာပင် ကျွင်းလုံခန်းက ဟုန်စီရင်စုရှိ ဟွမ်ထျန်းတောင်တန်းသို့ ရောက်ရှိလာသည်။

သူ့နောက်တွင် ကျွင်းတောက်လင်း၊ ကျွင်းရှီယုနှင့် သူ့မျိုးရိုး အကြီးအကဲများ လိုက်ပါလာကြ၏။

ဟုန်စီရင်စုက ဘိုးဘွားနဂါးသိုက်၏ ပိုင်နက်ဖြစ်ရာ ကျွင်းလုံခန်းကို တစ်ယောက်တည်း လွှတ်ထားရန် မဖြစ်နိုင်ပေ။

ယခုအချိန်မှာတော့ ဟွမ်ထျန်းတောင်တန်း၏ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူများဖြင့် ပြည့်ကျပ်နေခဲ့ကြပြီ ဖြစ်သည်။

၎င်းတို့ထဲတွင် ရွှေးဟောင်းတော်ဝင်မိသားစုများ၊
ရှေးဟောင်းမြင့်မြတ်မိသားစုများ၊
အစိပ၀မိမျိုးနွယ်များနှင့် အားလုံးနီးပါးကို
ရောက်နေခဲ့ကြသည်။

တောင်တန်းအထက် ကောင်းကင်မှာတော့
ရွှေနဂါးနန်းတော်ကြီးသည်
ရှေးဟောင်းကောင်းကင်နန်းတော်ကဲ့သို့
နဂါးအရှိန်အဝါများဖြင့် ရပ်တည်နေသည်။

ခဏကြာသောအခါ ခရမ်းရောင် မြူခိုးများနှင့်
ထူးခြားသော ချီလင်သားရဲကြီးတစ်ကောင်
ရောက်လာခဲ့၏။

ချီလင်သားရဲအပေါ်မှာတော့ ချောမောခန့်ညားသော

လူငယ်တစ်ယောက်ရှိနေကာ
လက်နှစ်ဖက်ကိုနောက်ပစ်ပြီး တည်ငြိမ်စွာဖြင့်
လိုက်လာသည်။

ၡင်း၏ အနက်ရောင်ဆံပင်များက
တဖျပ်ဖျပ်လွင့်နေကာ သူ့ထံမှ ထူးခြားသော
အရှိန်အဝါများ ထွက်ပေါ်နေလေသည်။

"လာပြီ၊ လာပြီဟေ့၊ သူရောက်လာပြီ"
ထိုအခါ နေရာအနှံ့မှ အော်သံများ
ထွက်ပေါ်လာကြ၏။

နောက်ဆုံးမှာတော့ ပထမစီကွမ်နှင့်
ရှေးဟောင်းလူထူးဆန်းကြားမှ တိုက်ပွဲကြီးတစ်ခု
စတင်ပေတော့မည်။

ယင်းက ကျွင်းမိသားစုနှင့် ဘိုးဘေးနဂါးသိုက်ကြားမှ ကစားပွဲတစ်ခုဟုဆိုလျှင်လည်း မမှားတော့ပါချေ။

---------

အခန်း ( ၁၃၃ ) ချီလင် မဟာနတ်ဘုရားစွမ်းရည်နှင့် အစစ်အမှန်နဂါး မဟာနတ်ဘုရားစွမ်းရည်၊ ပြင်းထန်သော တိုက်ပွဲ။

အနက်ရောင်ပိတ်စ၏နောက်ကွယ်မှ ကျွင်းလုံးခန်း၏ မျက်လုံးများက တလက်လက်တောက်ပနေကာ နဂါးနန်းတော်ကို ကြည့်နေသည်။

အားနည်းသော ဖိအားတစ်ခုက စတင်ထွက်ပေါ်လာရာ သူ့မျက်ခုံးများ အနည်းငယ် ကျုံ့သွား၏။

လူတော်တော်များများကတော့
တိုက်ပွဲကြီးဖြစ်ပေါ်လာမည်ကို
စောင့်မျှော်နေခဲ့ကြချေပြီ။

နေရာတွင် ဘိုးဘေးနဂါးသိုက်မှ
အစွမ်းထက်လူတချို့လည်း ရှိနေသည်။

ထိုအထဲတွင် လုံပိကျစ်လည်း ပါလာခဲ့၏။

သူက အဇူရာချပ်ဝတ်ကို ဝတ်ဆင်ထားပြီး
မျက်နှာမကောင်းစွာဖြင့် လေထဲတွင် ရပ်နေသည်။

ယခင်က ကျွင်းရှောင်ယောက်၏ ဖိနှိပ်ခြင်းကို
ခံခဲ့ရသော်လည်း ကံကောင်းထောက်မစွာဖြင့်
သူမသည် ကျိုရှမ်ကဲ့သို့ လုံးဝလဲပြိုမသွားဘဲ

ပြန်လည်ကောင်းမွန်ရန် အခွင့်အရေးရှိခဲ့ပါသေးသည်။

ယခုတော့ သူ့တာအိုနှလုံးသားက တဖြည်းဖြည်း ပြန်ကောင်းလာခဲ့ပြီ ဖြစ်သည်။

'ကံမကောင်းချင်တော့ ကျွင်းရှောင်ယောက် မလာဘူးပဲ'

လုံပိကျစ်က ငွေရောင်သွားလေးများဖြင့် နှုတ်ခမ်းကို ကိုက်လိုက်သည်။

ကျွင်းရှောင်ယောက်ကို မင်းသမီးလုံကျိုက နှိပ်စက်နေပုံအား  သူမ အမှန်တကယ် မြင်ချင်နေခဲ့၏။

ဤနည်းဖြင့်သာ သူမနှလုံးသားထဲမှ အရိပ်မည်းကြီးကို

ပို၍လျော့ပါးစေလိမ့်မည်။

လုံပိကျစ်သည် တွေးရင်း အနောက်ဘက်အုံ
လူငယ်တစ်ယောက်ကို လှည့်ကြည့်လိုက်မိသည်။

'အဲ့ဒီကောင်က မင်းသမီးလုံကျိုနဲ့ ဘာလို့
ဝင်ရောနေတာလဲ'

လုံပိကျစ် ရည်ညွှန်းသူကတော့ သဘာဝအတိုင်း
ရှောင်ချန်း ဖြစ်ချေသည်။

ထိုအချိန်တွင် ရှောင်ချန်းက
မျက်နှာအမူအရာမကောင်း ဖြစ်နေသည်။

နေရာသို့ ပထမစီကွမ်သာ ရောက်လာခဲ့၏။

'ကျွင်းရှောင်ယောက်၊
မင်းတကယ်ကြောက်နေတာလား'

ရှောင်ချန်း တွေးလိုက်သည်။

ထိုအချိန်တွင် နဂါးနန်းတော်အတွင်းမှ အေးစက်ပြီး
ထူးခြားပုံမရသော အသံတစ်ခု ထွက်ပေါ်လာသည်။

'နင်က ကျွင်းရှောင်ယောက် မဟုတ်ဘူး၊ ဒီကို
ဘာဖြစ်လို့လာတာလဲ'

ထိုအသံသည် မင်းသမီးလုံကျိထံမှ ထွက်လာခဲ့၏။

"အိုး၊ ဂုဏ်သိက္ခာရှိတဲ့ ရှေးကောရာဇ်ရဲ့ မျိုးဆက်
ဘုရင်မက ထွက်မတွေ့ရဲဘူးလား၊ ဒါမှမဟုတ်

ကြောက်နေတာလား..."

ကျွင်းလုံခန်း၏မျက်နှာက အပြောင်းအလဲမရှိပေ။

ရှေးဟောင်းလူထူးဆန်းက
ကြောက်စရာကောင်းလျှင်ပင် သူကလည်း
နှစ်သွယ်မျက်လုံးပိုင်ရှင်  ပထမစီကွမ် ဖြစ်သည်။

"ဝုန်း"

နဂါးနန်းတော် အတွင်းပိုင်းမှ
ရွှေရောင်အလင်းတန်းများ ဖြာထွက်လာ၏။

ထို့နောက်တော့ အရပ်မြင့်မြင့်နှင့် သွယ်လျသော
ပုံရိပ်တစ်ခုက တဖြည်းဖြည်း
ထွက်ပေါ်လာတော့သည်။

မင်းသမီးလုံကျို၏ အပြာရောင်ပိုးထည်က လေထဲတွင် တဖျပ်ဖျပ်လွင့်နေပြီး ဖုန်မှုန့်များ စွန်းထင်းခြင်းမရှိပေ။

သူမ၏ သေးသွယ်သော
ကျောက်စိမ်းကိုယ်ထည်လေးကလည်း အဖြူရောင်
ကျောက်စိမ်းတုံးကဲ့သို့
ချောမွေ့တောက်ပြောင်နေသည်။

သူမ၏ ရုပ်ရည်က တကယ်ကို ပြီးပြည့်စုံပေသည်။

လုလင်အများစုမှာ အသက်သွင်ရှူမှားသွားပြီး
မျက်လုံးများပင် ပြူးကျယ်သွားကြသည်။

အများစုက မင်းသမီးလုံကျိုကို ပထမဆုံးအကြိမ်
မြင်တွေ့ဖူးခြင်း ဖြစ်ချေသည်။

တစ်ချက်ကြည့်ရုံမျှဖြင့် အံ့သြစရာ ကောင်းလှသည်။

သူမက ရှားပါးသော
အလှပဂေးတစ်ဦးဖြစ်သော်လည်း
ဘုရင်မတစ်ပါးကဲ့သို့ အေးစက်မှုနှင့် လွှမ်းမိုးနိုင်စွမ်း
ရှိသည်။

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်က ဒီမင်းသမီးကို
စိန်ခေါ်ဖို့ အရည်အချင်းရှိရုံပဲရှိတယ်"
မင်းသမီးလုံကျိက အနီရဲရဲ နှုတ်ခမ်းအစုံကို
အသာဟ၍ ပြောလိုက်သည်။

"ရှေးကရောဇ်ရဲ့မျိုးဆက်ဆိုတဲ့အတိုင်း နာမည်နဲ့
ထိုက်တန်ပါတယ်"

ကျွင်းလုံခန်းက သတိထားကာ ပြောလိုက်၏။

ထို့နောက်တော့…

အပိုစကားများ မပြောတော့ဘဲ တိုက်ရိုက် တိုက်ခိုက်ကြတော့သည်။

နှစ်ယောက်စလုံးက နီဗားနားနယ်ပယ်တွင် ရှိ၏။

မင်းသမီးလုံကျိက သူမကိုယ်ကို တံဆိပ်ခတ်ထားချိန်တွင် နီဗားနားနယ်ပယ်၌သာ ရှိသေးသောကြောင့် သူမ၏နယ်ပယ်ကလည်း မျက်မှောက်ခေတ်မှ ပါရမီရှင်များထက် များစွာမမြင့်ပေ။

ကျွင်းလုံခန်းက လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ ခရမ်းရောင်များက ခရမ်းရောင်ချီလင်အဖြစ်သို့ ပြောင်းလဲသွား မင်းသမီးလုံကျိအား တိုက်ခိုက်လိုက်သည်။

"ဒီနတ်ဘုရားစွမ်းရည်က..."

ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူအားလုံး မျက်လုံးပြူးသွားခဲ့ကြသည်။ ထိုနတ်ဘုရားစွမ်းရည်က အလွန်ကြောက်စရာကောင်းကာ လူသိများသော နတ်ဘုရားစွမ်းရည်အား အမှတ်ရစေ၏။

မင်းသမီးလုံကျိ၏ မျက်နှာအမူအရာကတော့ အပြောင်းအလဲမရှိပေ။ သူမ၏ ကျောက်စိမ်းကဲ့သို့လက်ကို မြှောက်လိုက်သောအခါ နတ်ဘုရားစွမ်းအင်များ ထွက်ပေါ်လာသည်။

ထိုအခါ ကောင်းကင်ကြီးက အက်ကွဲသွားပုံရပြီး ရှေးဟောင်းတောင်တန်းများကို ဖြိုခွဲနိုင်သကဲ့သို့ အပြာရောင်နဂါး ခြေသည်းကြီးတစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာ၏။

၎င်းက ဘိုးဘေးနဂါးသိုက်၏ ဘိုးဘေးများမှ ဆင်းသက်လာသော မဟာနတ်ဘုရားစွမ်းရည် တစ်ခုဖြစ်သည်။

"ဝုန်း"
တိုက်ခိုက်မှုနှစ်ခု တွေ့ဆုံသောအခါ ဟွမ်ထျန်းတောင်ထိပ်က စတင်ပြိုကျသွား၏။

"သန်မာလိုက်တာ၊ နှစ်ယောက်စလုံးရဲ့ တိုက်ခိုက်မှုတွေက တကယ် အံ့သြစရာကောင်းတယ်၊

သူတို့ကြားက တိုက်ပွဲကတော့ ပိုပြီး
စိတ်လှုပ်ရှားစရာကောင်းလာပြီ"

လူငယ်ကျင့်ကြံသူများ မဆိုထားဘိ၊
မျိုးဆက်ဟောင်းမှ အကြီးအကဲများပင်
အံ့သြသွားကြသည်။

သူတို့နှစ်ယောက်ကြားမှ တိုက်ခိုက်မှု
စွမ်းအင်အတက်အကျများက
အလွန်ကြောက်စရာကောင်းကာ
သူတော်စင်နှစ်ယောက် တိုက်ခိုက်သကဲ့သို့
ထင်မှတ်ရစေသည်။

ကျွင်းလုံခန်းက လက်ဝါးရိုက်ချက်
ထုတ်ဖော်သောအခါ ခရမ်းရောင်ချီများက တခါတရံ
ချီလင်လက်ဝါးအဖြစ်သို့ ပြောင်းလဲသွားသည်။

တစ်ခါတစ်ရံလည်း ခရမ်းရောင်ကစားကွက်အဖြစ်သို့ ပြောင်းလဲသွားကာ အလွန်ကြောက်စရာကောင်း၏။

"ဖြစ်နိုင်တာက... ဒါဟာ ချီလင်
မဟာနတ်ဘုရားစွမ်းရည်ပဲလား"

တစ်ယောက်က ရေရွတ်လိုက်သည်။

ချီလင်မဟာနတ်ဘုရားစွမ်းရည်က အစစ်အမှန်နဂါး မဟာနတ်ဘုရားစွမ်းရည်၊ ဖီးနစ်မဟာနတ်ဘုရားစွမ်းရည်၊ စသည်တို့ကဲ့သို့ တကယ့်ထိပ်တန်း မဟာနတ်ဘုရားစွမ်းရည်များ ဖြစ်သည်။

"ကျွင်းလုံခန်းက ချီလင်ရှေးဟောင်းလှိုဏ်ဂူကနေ အမွေရခဲ့တာပဲလား"

လူအချို့က ထူးဆန်းသောအမူအရာများကို

လှစ်ဟလာသည်။

ချီလင်ရှေးဟောင်းဂူသည် ဘိုးဘေးနဂါးသိုက်နှင့် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းကဲ့သို့ ကျော်ကြားသော ရှေးဟောင်းတော်ဝင်မိသားစု ဖြစ်သည်။

ကောလဟာလများအရ ချီလင်ရှေးဟောင်းဂူသည် ၎င်းတို့၏ မဟာနတ်ဘုရားစွမ်းရည်ကို ပြင်ပသို့ လက်ဆင့်ကမ်းလေ့မရှိပေ။

ထိုအတွက် တစ်ခုတည်းသောဖြစ်နိုင်ချေမှာ ကျွင်းလုံခန်းက ချီလင် မဟာနတ်ဘုရားစွမ်းရည် အမွေအား မတော်တဆ ရရှိခဲ့ခြင်းပင် ဖြစ်မည်။

လူတချို့က ထူးခြားသော မျက်နှာအမူအရာများဖြင့်

ချီလင်တောင်ဘက်ကို လှမ်းကြည့်လိုက်ကြသည်။

"ချီလင် မဟာနတ်ဘုရားစွမ်းရည်၊ ဒါပေမယ့် မပြည့်စုံသေးဘူး"
မင်းသမီးလုံကျိုက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ထို့နောက် သူက ထပ်မံလှူပ်ရှားလိုက်သောအခါ အပြာရောင် နဂါးခြေသည်းပိုင်ရှင်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော နဂါးကြီးတစ်ကောင် ပေါက်ကွဲထွက်ပေါ်လာ၏။

"ဒါက အစစ်အမှန်နဂါး နတ်ဘုရားစွမ်းရည်ပဲ"
လူအများမှာ ပင့်သက်ရှိုက်လိုက်ရပြန်တော့သည်။

ယခုလေးတင် ကျွင်းလုံခန်းက

ချီလင်မဟာနတ်ဘုရားစွမ်းရည်ကို
ထုတ်ဖော်ပြသခဲ့သည်။ ယခုအခါ မင်းသမီးလုံကျိက
အစစ်အမှန်နဂါး မဟာနတ်ဘုရားစွမ်းရည်ကို
ထပ်မံထုတ်ဖော်လာ၏။

၎င်းက လုံဟောက်ထျန်း ထုတ်ဖော်ခဲ့ဖူးသော
နတ်ဘုရားစွမ်းရည်နှင့် လုံးဝမတူကြောင်း
ထင်ရှားသည်။

"ဝုန်း"
နေရာတွင် အစစ်အမှန်နဂါးနှင့် ချီလင်တို့က
ကခုန်လှုပ်ရှားနေပြီး ရှေးဦးဖရိုဖရဲကာလသို့
ပြန်လည်ရောက်ရှိသွားခဲ့ပုံရသည်။

ကျွင်းလုံခန်းက ကျွင်းမိသားစု၏
နတ်ဘုရားစွမ်းရည်များဖြစ်သော

ကေရာင်ဇ်တံဆိပ်တော်၊
တောင်တန်းနှင့်ပင်လယ်တံဆိပ်တော်၊
လက်နက်တစ်သောင်းမုန်တိုင်းသိုင်း၊
မဟာဟင်းလင်းပြင်ဆုဒြာတို့ကို
ထုတ်ဖော်ပြသခဲ့သည်။

သူ့ထံမှ ထွက်ပေါ်လာသော နတ်ဘုရားစွမ်းရည်
အမျိုးမျိုးတို့သည် ကမ္ဘာကြီးကို
တုန်ခါစေနိုင်စွမ်းရှိ၏။

"အရမ်းသန်မာတယ်၊ ဒါ ကျွင်းမိသားစုက
ပထမစီကွမ်ရဲ့ ခွန်အားပဲလား"
လူအများမှာ အံ့သြသွားကြသည်။

ကျွင်းမိသားစုမှ မျိုးဆက်သစ် လူငယ်များကိုလည်း
ပြန်လည် ဆန်းစစ်လာရ၏။

ကျွင်းရှောင်ယောက်အပြင် ထိုသို့
ကြောက်စရာကောင်းသူများလည်း ရှိသေးသည်။

ဟုတ်သည်၊ မင်းသမီးလုံကျါကလည်း အားမနည်းပေ။

သူမ၏ အစစ်အမှန်နဂါးနတ်ဘုရားစွမ်းရည်က
ပြောင်းလဲသွားကာ နဂါး ပင်လယ်ထဲ
ဆင်းသွားသကဲ့သို့ ဟင်းလင်းပြင်ကိုပင်
ချိုးဖောက်သွားပုံရ၏။

နီဗားနားနယ်ပယ် မဆိုထားဘိ၊
နတ်မီးတောက်အဆင့်များပင် ဤတိုက်ခိုက်မှုဖြင့်
ထိမှန်ပါက တိုက်ရိုက် သေဆုံးသွားရမည် ဖြစ်သည်။

အရေးကြီးဆုံးက မင်းသမီး လုံကျါ၏

မျက်နှာအမူအရာမှာ လုံးဝ ဂရုမစိုက်သကဲ့သို့ လျစ်လျူရှုထားခဲ့ခြင်းပင်။

ယင်းက လူအများကို အလွန်တုန်လှုပ်သွားစေသည်။

မင်းသမီးလုံကျိက ပေါ့ပေါ့ပါးပါး လှုပ်ရှားလိုက်သောအခါတွင်ပင် ဤကဲ့သို့သော စွမ်းအားရှိသည်။ သူသာ အလေးအနက်ထားက ဘယ်လောက်ထိ ကြောက်စရာကောင်းလာပါမည်နည်း။

ဤတိုက်ပွဲက သုံးရက်နှင့် သုံးညကြာပြီး ဟွမ်ထျန်းတောင်တန်းတစ်ခုလုံး ပြိုကျသွားခဲ့ရသည်။

သို့သော်လည်း မင်းသမီးလုံကျိက အစွမ်းကုန် မတိုက်ခိုက်ခဲ့ဘဲ ကျွင်းလုံခန်းကလည်း

နှစ်သွယ်မျက်လုံးကို အသုံးအပြုခဲ့ပေ။

ကျွင်းလုံခန်း၏ နှစ်သွယ်မျက်လုံးက အသွင်ကူးပြောင်းလဲခြင်းအတွက် အရေးကြီးသော အဆင့်တွင် ရှိနေသောကြောင့် လက်ရှိအချိန်တွင် အသုံးမပြုနိုင်ဟု အချို့က ထင်မှတ်ထားကြသည်။

အဆုံးတွင် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာ၏။

ထို့နောက်တော့ ကျွင်းလုံခန်း၏ပုံရုပ် ခြေလှမ်းရာနှင့်ချီ နောက်ပြန်ဆုတ်သွားရပြီး သူ့ရင်ဘတ်မှာလည်း သွေးများ နီရဲနေတော့သည်။

သူ့လက်မှလည်း သွေးများ စီးကျလာသည်။

သူ့ခန္ဓာကိုယ်ကြွခိုင်မှုက အားမနည်းသော်လည်း
နဂါးပြာရှေးကောရာဇ်၏ သွေးမျိုးဆက်ပါသော
မင်းသမီးလုံကျိနှင့် နှိုင်းယှဉ်လျှင်တော့
ကွာဟချက်တစ်ခု ရှိနေပါသေးသည်။

နောက်ဆုံးတွင် ရှေးကောရာဇ်၏သွေးမျိုးဆက်
မပါလျှင်ပင် သဘာဝအတိုင်း နဂါးတို့က
ခန္ဓာကိုယ်ကြွခိုင်မှုမြင့်မားသည်။

မင်းသမီးလုံကျိ၏ ခန္ဓာကိုယ်က ဖြူစင်ပြီး
နူဖက်နေပုံရ၍ သူမ၏ခန္ဓာကိုယ်ကြွခိုင်မှုကို
လျှော့တွက်မိလျှင် မိုက်မဲရာကျလိမ့်မည်။

နောက်ဆုံးမှာတော့ လူတိုင်း၏ခန္ဓာကိုယ်က
ကျွင်းရှောင်ယောက်ကဲ့သို့ နဂါးမျိုးနွယ်ကို

ဖိနှိပ်နိုင်စွမ်း မရှိပါချေ။

ဤမြင်ကွင်းကိုမြင်ပြီးနောက် ကျွင်းလုံခန်းဟာ လုံးလုံးမရှုံးခဲ့သော်လည်း အားနည်းသည့်ဘက်တွင် ရှိနေကြောင်း လူတိုင်းသိသွားသည်။

သို့ရာတွင် သူက နှစ်သွယ်မျက်လုံးကို မသုံးရသေးပါ။

အလားတူပင် မင်းသမီးလုံကျိုကလည်း သူမ၏ ခွန်အားကို အပြည့်အဝ မပြသခဲ့သေးပါချေ။

-----------

အခန်း ( ၁၃၄ ) ကျွင်းရှောင်ယောက်

တံခါးပိတ်ကျင့်ကြံရာမှ ထွက်လာပြီ၊ မြင့်မြတ်ခန္ဓာ၏

ဒုတိယအာရုံ နိုးထလာခြင်း၊ ဒါက
ငါးသလဲတိုးမလေးပါပဲကွာ။

ယနေ့အတွက် တိုက်ပွဲကတော့ ပြီးဆုံးသွားခဲ့ပြီ။

ကျွင်းလုံခန်းက သူ၏ နှစ်သွယ်မျက်လုံးကို
အသုံးမချခဲ့ပေ။

ထို့ကြောင့် မင်းသမီးလုံကျိုကလည်း အစွမ်းကုန်လုပ်ဖို့
ပျင်းရိသည်။

ကျွင်းလုံခန်းလည်း မင်းသမီးလုံကျိုက ဤမျှ
အစွမ်းထက်မည်ဟု မျှော်လင့်မထားခဲ့ပေ။

တကယ်တော့ သူ၏နှစ်သွယ်မျက်လုံးသည် အမှန်ပင်

အသွင်ကူးပြောင်းရေးကာလတွင် ရှိနေသောကြောင့်
အသုံးမပြုနိုင်သေးပါ။

သို့ရာတွင် မည်သို့ဆိုစေ ယင်းက
ငြင်းလို့မရသောအခြေအနေဖြစ်သည်။

ကျွင်းလုံခန်း၏ မျက်နှာက သုန်မှုန်နေပြီး
အလာတုန်းကနှင့်မတူပေ။

ထို့နောက်တော့  စကားတစ်ခွန်းမှ မပြောတော့ဘဲ
ထွက်သွားတော့သည်။

"သခင်လုံခန်း..."
ကျွင်းရှီယုက အင်္ကျီအနားစကို ကျစ်ကျစ်ပါအောင်
ဆုပ်လိုက်သည်။

သူမ၏စိတ်ထဲတွင် ပြိုင်ဘက်ကင်းဖြစ်သော ကျွင်းလုံခန်းအတွက် ကျရှုံးချိန်ရှိလာမည်ဟု ထင်မထားခဲ့ပေ။

'မဟုတ်ဘူး၊ သခင်လုံခန်းက သူ့ရဲ့ နှစ်သွယ်မျက်လုံးကို မထုတ်ရသေးဘူး၊ မဟုတ်ရင် ရလဒ်ကို မသိနိုင်ပါဘူး။ နောက်ပြီး နတ်ဘုရားသားတော် ရောက်လာရင်တောင်မှ မင်းသမီးလုံကျိကို ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး' ကျွင်းရှီယုက ပြောလိုက်သည်။

သူမက ကျွင်းလုံခန်းကို အားနည်းမည်ဟု မထင်ပေ။

မည်သို့ဆိုစေ မင်းသမီးလုံကျိက သန်မာလွန်းလှသည်။

တိုက်ပွဲပြီးဆုံးသောအခါ အင်အားစုအားလုံးမှ လူများလည်း ခဏတာ သက်ပြင်းချလိုက်ကြသည်။

ဤကဲ့သို့ ခွဲခြား၍မရသော ရလဒ်ဖြစ်လာလိမ့်မည်ဟု မည်သူမျှ ထင်မှတ်မထားခဲ့ပေ။

သို့သော်လည်း ဤတိုက်ပွဲမှ မင်းသမီးလုံကျိသည် ထိပ်တန်း မျိုးဆက်သစ်ပါရမီရှင်များကို အလွယ်တကူ ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း သိနိုင်သည်။

ကျွင်းလုံခန်းက နှစ်သွယ်မျက်လုံးကို အသုံးမပြုခြင်းမှာ အကြောင်းရင်းရှိသည်၊ မဟုတ်ပါက ရလဒ်ပြောရန် ခက်ခဲရပေမည်။

မည်သို့ပင်ဆိုစေကာမူ မင်းသမီးလုံကျိ၏ ခွန်အားက

သံသယမရှိနိုင်ပါ။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင်
သူမနှင့်ယှဉ်နိုင်လောက်သော ပါရမီရှင်က
အလွန်ရှားသည်။

ဤတိုက်ပွဲက ကျွင်းမိသားစုအတွက်
အနေအထားကောင်းသွားသည်။

မည်သူမျှ ကျွင်းမိသားစုကို လိပ်တစ်ကောင်ဟု
ပြော၍မရတော့ပါ။

ကျွင်းလုံခန်း၏ စွမ်းဆောင်မှုက
အလွန်အံ့သြစရာကောင်းကာ မင်းသမီးလုံကျိုနှင့်
အစိကဝှက်ဖဲများကို အသုံးမပြုဘဲ အကြာကြီး
ကိုင်တွယ်နိုင်ခဲ့သည်။

သူပြသခဲ့တဲ့ ခွန်အားမှာ အထင်ကြီးစရာကောင်း၏။

ထိုအတွက် ကျွင်းမိသားစုကို မည်သူမျှ
မဝေဖန်နိုင်တော့ပါ။

သို့သော်လည်း ကျွင်းရှောင်ယောက်ကို ဝေဖန်မှုများ
ပိုတိုးလာသည်။

နောက်ဆုံးမှာတော့ မင်းသမီးလုံကျိသည်
ကျွင်းရှောင်ယောက်ကို ပစ်မှတ်ထားခြင်း
မဟုတ်ပါလား။

သို့တိုင် သူ့အစား ကျွင်းလုံခန်းသာ ပေါ်လာခဲ့ရသည်။

ယင်းက လူများကို သံသယဖြစ်စေခဲ့၏။
ကျွင်းရှောင်ယောက်က အမှန်တကယ်
သူရဲဘောကြောင်သူပဲလား။

တချို့ကတော့ ကျွင်းရှောင်ယောက်ကို
တံခါးပိတ်ကျင့်ကြံနေသည်၊ သို့မဟုတ်
လုံးဝအရေးမစိုက်တာဟု ပြောကြသည်။

နောက်ဆုံးတွင် ရန်ပန်၏ တည်ရှိမှုက
သက်သေတစ်ခုပင် မဟုတ်ပါလား။

ယခင်ကလည်း ကျွင်းရှောင်ယောက်သည် ရန်ပန့်ကို
လျစ်လျူရှုထားခဲ့သည်။

ရလဒ်သည်ကား...

ပုတ်ခတ်ပြောဆိုသူများ မျက်နှာ အရိုက်ခံခဲ့ရ၏။

ထို့ကြောင့် ယခုတစ်ကြိမ်တွင် ကျွင်းရှောင်ယောက်ကို မကောင်းမြင်သူများ များစွာမရှိပေ။

သို့ဖြစ်၍ တိုက်ပွဲကြီးတစ်ခု ပြီးသွားသော်လည်း…

လူတိုင်းဟာ ကျွင်းရှောင်ယောက်နှင့် မင်းသမီးလုံကျိုတို့ကြားမှ တိုက်ပွဲကို စောင့်မျှော်နေကြတော့သည်။

………

ကျွင်းမိသားစု၊ ကောင်းကင်ဧကရာဇ်နန်းတော်အတွင်း။

ကျွင်းရှောင်ယောက်က ဘာကိုမျှမသိသေးဘဲ
တစ်ချိန်လုံး တံခါးပိတ်ကျင့်ကြံနေခဲ့သည်။

ကျွင်းကျန်းထျန်းကလည်း ကျွင်းရှောင်ယောက်ကို
မည်သူမျှ မနှောင့်ယှက်ရန် အမိန့်ပေးထား၏။

ဤကာလအတွင်းတွင် ကျွင်းရှောင်ယောက်က
ပေါင်းစည်းခြင်းနယ်ပယ်
ကြီးမားသောအောင်မြင်ခြင်းသို့
ထမင်းစား၊ရေသောက်ကဲ့သို့ အလွယ်တကူ
ဖြတ်ကျော်သွားခဲ့သည်။

သူ့အဖို့ တာအိုပေါင်းစည်းခြင်း သို့မဟုတ်
နီဗားနားနယ်ပယ်သို့ ဖြတ်ကျော်ရန်မှာ
လွန်စွာခက်ခဲသည်မဟုတ်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က ထိုသို့ မလုပ်ခဲ့ပါ။

တာအိုပေါင်းစည်းခြင်းနယ်ပယ်ကို ရောက်ရှိသောအခါ ကိုယ်နှင့်လိုက်ဖက်သော ဝိညာဉ်မျိုးစေ့၊ အင်မော်တယ်မျိုးစေ့၊ စသည်တို့ကို ရှာရသည်။

၎င်းက အနာဂတ်လမ်းအတွက် အလွန်အရေးကြီးသောကြောင့် ကျွင်းရှောင်ယောက်ဟာ လွယ်လွယ်ကူကူ ချိုးဖြတ်သွားခြင်းမပြုလိုပေ။

သူဟာ အင်မော်တယ်ကျောက်များကိုသုံး၍ ထာဝရအင်မော်တယ်အရိုးကို လေ့ကျင့်နေခဲ့သည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်ကျောက်များကို လိုအပ်ကြောင်း သိကြသောအခါ မိသားစုမှ ရာနှင့်ချီသော အင်မော်တယ်ကျောက်များအား ပေးအပ်လာသည်။

တံခါးပိတ်ကျင့်ကြံချိန်မှစ၍ ယခုအချိန်ထိ သူသည် အင်မော်တယ်ကျောက်များဖြင့် လေ့ကျင့်နေရာ ထာဝရအင်မော်တယ်အရိုး အရေအတွက်ကလည်း လေးဆယ်အထိ ရောက်ရှိလာချေပြီ။

ယခုအခါ ထာဝရအင်မော်တယ်အရိုးပါသော သူ့လက်ကို ဝှေ့ယမ်းလိုက်ရုံဖြင့် အဆုံးမဲ့စွမ်းအားများကို ထုတ်ဖော်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အပြင် အန္တိုင်းမဲ့နတ်ဆင်ခွန်အားကလည်း အားမနည်းပါ။

အင်မော်တယ်ကျောက်များကိုသုံး၍
သူ့ခန္ဓာကိုယ်တွင်းရှိ ရောမဆင်အမှုန် တစ်သိန်းသည်
နဂါးဆင်အမှုန်များအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

နဂါးဆင်အမှုန်အမွှားတစ်ခုစီက ဂျင်တစ်သိန်း
ခွန်အားကို သယ်ဆောင်ထားကာ
ရောမဆင်အမှုန်များထက် ဆယ်ဆပိုအင်အားကြီး၏။

တစ်နည်းဆိုရသော် ဤနဂါးဆင်အမှုန်တစ်သောင်းက
ကျွင်းရှောင်ယောက်၏ခွန်အားကို
ဂျင်သန်းကိုးရာအထိ ထပ်မံတိုးမြှင့်ပေးခဲ့သည်။

ယခုအခါ ကျွင်းရှောင်ယောက်က
အနှိုင်းမဲ့နတ်ဆင်ခွန်အကို ထုတ်ဖော်သည်နှင့်
ဂျင်တစ်ဒသဿမကိုးဘီလီယံခွန်အားကို

ပေါက်ကွဲနိုင်ပြီဖြစ်သည်။

ယင်းက အလွန်ကြောက်စရာကောင်းပြီး
နဂါးဆင်အမှုန်တစ်သောင်းသာ
ပြောင်းလဲရသေးသော်လည်း
ကျွင်းရှောင်ယောက်၏ခွန်အားက နှစ်ဆနီးပါး
ပိုတိုးလာခဲ့သည်။

'ဂျင် တစ်ဒသမကိုးဘီလီယံခွန်အား၊ ဒီခွန်အားနဲ့
အရင်ကကျိုရွှမ်သာ သူတော်စင်ဘုရင်ရဲ့
လက်ရိုးတွေကို အသုံးပြုခဲ့မယ်ဆိုရင် လုံးဝ
ပေါက်ကွဲသွားနိုင်လောက်တယ်'
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ဟုတ်ပေသည်။ သူက သူတော်စင်ဘုရင်၏
လက်အရိုးကို မေ့မထားပါချေ။

သူက သူတော်စင်ဘုရင်၏ လက်အရိုးကို မှော်ရတနာလက်အိတ်အဖြစ် ပြုလုပ်ရန် မိသားစုထဲမှ ပန်းပဲဆရာကြီးအား တောင်းဆိုထားခဲ့သည်။

ထိုရတနာအတွက်တော့ စိတ်ပူစရာမလိုပါ။

ထိုလူအိုကြီးများက ကျွင်းရှောင်ယောက်၏တောင်းဆိုအတွက် စိတ်ပျက်စေမည်မဟုတ်ကြောင်း ယုံကြည်မှုရှိသည်။

ကျွင်းရှောင်ယောက်၏ တံခါးပိတ်ကျင့်ကြံခြင်းတွင် တခြားရည်ရွယ်ချက်တစ်ခုလည်း ရှိပေသည်။ ယင်းက မြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံကို နိုးထစေနိုင်ရန် ဖြစ်သည်။

ဤသို့ဖြင့် တံခါးပိတ်ကျင့်ကြံခြင်း
အချိန်ကြာလာသောအခါ သဘာဝအတိုင်း
ဒုတိယအာရုံကို အောင်မြင်စွာ သိရှိသွား၏။

ဤအာရုံက သူ၏ပြိုင်ဘက်များကို သေချာပေါက်
အံ့အားသင့်စေမည်ဟု  ယုံကြည်မှုရှိသည်။

နောက်ဆုံးမှာတော့ ကျဆုံးမြင့်မြတ်ခန္ဓာ ရှိပေသည်။

ကျွင်းရှောင်ယောက်က တံခါးပိတ်မကျင့်ကြံမီ
ကျွင်းကျန်းထျန်းနှင့် တခြားသူများအား
ကျဆုံးမြင့်မြတ်ခန္ဓာကို စစ်ဆေးစေခဲ့သည်။ ထိုအခါ
တခြားထူးခြားမှုမရှိမှန်း သိရသောကြောင့်
သူစိတ်သက်သာရာရသွားခဲ့၏။

ကျွင်းရှောင်ယောက်က သူ၏အစစ်အမှန်ဝိညာဉ်

တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ကာ
ကျဆုံးမြင့်မြတ်ခန္ဓာ၏ နတ်နန်းတော်အတွင်းသို့
ဝင်ရောက်ရန် ကြိုးစားခဲ့သည်။

အစပိုင်းတွင် မကြာခဏ ကျရှုံးခဲ့၏။

နောက်ပိုင်းမှာတော့ ကျွင်းရှောင်ယောက်သည်
ကျဆုံးမြင့်မြတ်ခန္ဓာကို ထိန်းချုပ်ပြီး အချိန်တိုအတွင်း
ရိုးရှင်းသော လှုပ်ရှားမှုများ ပြုလုပ်လာနိုင်ခဲ့သည်။

သို့သော်လည်း ကျဆုံးမြင့်မြတ်ခန္ဓာ၏
အမှောင်စွမ်းအင်များကြောင့် ကျွင်းရှောင်ယောက်ဟာ
အချိန်အကြာကြီး မထိန်းချုပ်နိုင်ခဲ့ပေ။

ထို့အပြင် ကျွင်းရှောင်ယောက်က
ကျဆုံးမြင့်မြတ်ခန္ဓာ၏ အစစ်အမှန်စွမ်းအားကို

အပြည့်အဝ မထုတ်ဖော်နိုင်သေးပါချေ။

သို့ရာတွင် ယင်းက အရေးမကြီးပါ။
ဤကျဆုံးမြင့်မြတ်ခန္ဓာက
ကျွင်းရှောင်ယောက်အတွက် အဖိုးတန်နေဆဲဖြစ်ကာ
အနာဂတ်တွင် ကြီးမားသည့် အခန်းကဏ္ဍမှ
ပါဝင်လာနိုင်သည်။

"အပြင်ထွက်ဖို့အချိန်တန်ပြီ"
ကျွင်းရှောင်ယောက် ထရပ်လိုက်သည်။

မလိုအပ်ပါက သူသည် တံခါးပိတ်မကျင့်ကြံချင်ပေ။

ကောင်းကင်ကေရာဇ်နန်းတော်မှ
ထွက်လာပြီးသောအခါ ကျွင်းရှောင်ယောက်

အနည်းငယ် အံ့အားသင့်သွားသည်။

ကောင်းကင်ဧကရာဇ်နန်းတော် အပြင်ဘက်တွင်
လူအမြောက်အမြားရှိနေကြောင်း သူမြင်လိုက်ရ၏။
အားလုံးကလည်း ကျွင်းမိသားစု၏ မျိုးဆက်သစ်
လူငယ်များသာ ဖြစ်ကြသည်။

ကျွင်းလင်းလုံ၊ ကျွင်းကျန်းကျန့်နှင့်
အခြားသူများကလည်း အရှေ့ဆုံးတွင်
ရှိနေကြလေသည်။

"နတ်ဘုရားသားတော်"

"နောက်ဆုံးတော့ နတ်ဘုရားသားတော် ထွက်လာပြီ"
ကျွင်းရှောင်ယောက်ကိုမြင်သောအခါ
ကျွင်းကျန်းကျန့်နှင့် တခြားသူများ

အလွန်စိတ်လှုပ်ရှားသွား၏။

ကျွင်းမိသားစုဝင် တခြားလူငယ်လေးများမှာလည်း လက်သီးကိုဆုပ်လိုက်ကြကာ ဝမ်းသာအားရဖြင့် အလွန်စိတ်လှုပ်ရှားနေတော့သည်။

"ဘာဖြစ်နေကြတာတုံး"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်လိုက်သည်။

သူက အချိန်ကာလတစ်ခုမျှသာ တံခါးပိတ်ကျင့်ကြံရသေးသည်။ ဤလူများက အဘယ်ကြောင့် နှစ်ပေါင်းများစွာ ခွဲခွာနေရသကဲ့သို့ စိတ်လှုပ်ရှားနေသနည်း။

"သခင်လေး နတ်ဘုရားသားတော်၊ ဘိုးဘေးနဂါးသိုက်ရဲ့ ရှေးဟောင်းလူထူးဆန်းက

မာနကြီးလွန်းတယ်"

"သခင်လုံခန်းတောင် သူနဲ့ရင်ဆိုင်တဲ့အခါ
အားနည်းတဲ့ဘက်မှာရှိတယ်"

ကျွင်းမိသားစုဝင် လူငယ်လေးများသည်
လျှာခလုတ်တိုက်မတတ် အလုအယက်
ပြောလိုက်ကြ၏။

နောက်ဆုံးမှာတော့ ကျွင်းကျန်းကျန့်ကပင်
မကြာသေးမီကာလက ဖြစ်ပျက်ခဲ့သည်များအား
ကျွင်းရှောင်ယောက်ကို
အသေးစိတ်ပြောပြလိုက်တော့သည်။

"ငါတံခါးပိတ်ကျင့်ကြံနေတုန်း အဖြစ်အပျက်တွေ
အများကြီးဖြစ်ခဲ့တာပဲ”

ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

ကျွင်းမိသားစုမှ ပထမစီကွမ်ပြန်လာသည်။
ဘိုးဘေးနဂါးသိုက်မှ
ရှေးဟောင်းလူထူးဆန်းတစ်ယောက် မွေးဖွားလာ၏။
နောက်ဆုံးတွင် ၎င်းတို့နှစ်ဦးသား
တိုက်ခိုက်ခဲ့ပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ မျက်နှာက
ယခင်အတိုင်း ငြိမ်သက်နေဆဲပင်။

သူက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။
"ဒါက ငါးသလဲတိုးမလေး တစ်ကောင်ပဲလေ၊
မင်းတို့က ဘာဖြစ်လို့
အရမ်းစိတ်လှုပ်ရှားနေကြတာလဲ"

ကျွင်းရှောင်ယောက်၏ စကားကိုကြားသောအခါ
လူတိုင်း အံ့သြသွားကြသည်။

ကျွင်းရှောင်ယောက်က ဘိုးလေးနဂါးသိုက်မှ
မင်းသမီးလုံကျိကို အမှန်တကယ်
ငါးသလဲတိုးမလေးဟု ခေါ်ဝေါ်ပြောဆိုခဲ့ပေသည်။

-----------

အပိုင်း ( ၁၃၅ ) ကမ္ဘာ့မူလ အင်မော်တယ်မျိုးစေ့၊
အောက်ကမ္ဘာ ဆယ်ခု ဖရိုဖရဲဖြစ်ပြီး
ပါရမီရှင်ဆယ်ယောက် မွေးဖွားလာတော့မည်။

ကျွင်းမိသားစုဝင် လူငယ်လေးအားလုံး သူတို့၏နားကို
သံသယဝင်သွားကြသည်။

၎င်းတို့က ရန်ဘက်များဆိုလျှင်ပင် မင်းသမီးလုံကျါက အလွန်အစွမ်းထက်ပြီး ထူးချွန်ကြောင်းကို ဝန်ခံရပေမည်။

ခွန်အားနှင့် အသွင်အပြင်အရဆိုလျှင် မင်းသမီးလုံကျါနှင့် နှိုင်းယှဉ်နိုင်သူက အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင် လူအနည်းငယ်သာရှိသည်ဟု ဆိုနိုင်သည်။

သို့သော်လည်း အိပ်စက်ခြင်းမှ နိုးထလာသော မင်းသမီးလေးသည်ကား ကျွင်းရှောင်ယောက်၏ ပါးစပ်ထဲတွင် ငါးသလဲတိုးလေး၏ မိခင်မျှသာ ဖြစ်လာခဲ့ချေပြီ။

ယင်းကြောင့် ကျွင်းမိသားစု၏ တပည့်အားလုံး

အနည်းငယ် အံ့အားသင့်သွားခဲ့ရသည်။

သို့သော်လည်း ချက်ချင်းပင် ကျွင်းရှောင်ယောက်ကို ပို၍ သဘောကျသွားကြ၏။

ယင်းက ကျွင်းမိသားစု၏ နတ်ဘုရားသားတော်တွင် ရှိသင့်ရှိထိုက်သော အမူအရာမျိုး ဖြစ်သည်။

ရှေးဟောင်းလူထူးဆန်းကိုပင် ဂရုမစိုက်ပေ။

"နတ်သားတော်ကို ငါတို့ယုံတယ်၊ ရှေးဟောင်းလူထူးဆန်းဆိုရင်တောင် ငါတို့ နတ်ဘုရားသားတော်ရဲ့ ပြိုင်ဘက် မဖြစ်သေးဘူး"

ကျွင်းကျန်းထျန်းနှင့် အခြားနောက်လိုက်များက အခိုင်အမာပြောလိုက်ကြသည်။

၎င်းတို့က ကျွင်းရှောင်ယောက်ကို မျက်စိစုံမှိတ်ပြီး ယုံကြည်ကြလေသည်။

"ဒီငါးသလဲတိုးမလေးကို စိတ်မပူပါနဲ့"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

တိုးတက်ရေးလမ်းစဉ်ကို သူပိုပြီး နားချင်နေခဲ့ချေပြီ။

ရှောင်ချန်းသည် မင်းသမီးလုံကျို နိုးထစေရန် ကူညီခဲ့ပြီး မင်းသမီးလုံကျိုကလည်း သူ့ကိုသတ်ရန် ကူညီမည်ဟု ကတိပြုခဲ့သည်။

ဤမင်းသမီးလုံကျိုက ရှောင်ချန်း၏

နောက်ဆုံးအားကိုးရာတစ်ခု ဖြစ်လိမ့်မည်။

'မင်းက ငါ့ကိုရင်မဆိုင်နိုင်လို့ အငှားစားနဲ့
လူသတ်ချင်တယ်ပေါ့၊ ကံမကောင်းချင်တော့
မင်းငှားထားတဲ့စားက ငါ့ကိုခြိမ်းခြောက်လို့မရဘူး'
ကျွင်းရှောင်ယောက်က နှုတ်ခမ်းကို တွန့်ကွေးလိုက်၏။

ရှေးဟောင်းလူထူးဆန်းဆိုလျှင်ပင် သူက
အလွယ်တကူ ရိုက်နိုင်သည်။

"နတ်ဘုရားသားတော်၊ နင်တိုက်ခိုက်မှာလား"
ကျွင်းရွယ်ဟွမ်က မေးလိုက်သည်။

"စိန်ခေါ်တာလား"
ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

"သူက လာစေချင်တိုင်း ငါသွားရရင် ဒါက အရမ်း
အရှက်ရစရာပဲမဟုတ်လား"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

"နတ်ဘုရားသားတော် ပြောချင်တာက..."

ကျွင်းရွှယ်ဟွမ် တိတ်ဆိတ်သွားသည်။

"သူ့ဘာသာ ဆက်ကနေပါစေ"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

လက်ရှိတွင် သူ၏ အနာဂတ်အောင်မြင်မှုများအတွက်
ပြင်ဆင်ရန် ဝိညာဉ်မျိုးစေ့များနှင့်
အင်မော်တယ်မျိုးစေ့များကို

ထည့်သွင်းစဉ်းစားရပေမည်။

အဓိပတိအရိုး၏ အပြောင်းအလဲကိုလည်း
ထည့်သွင်းစဉ်းစားရဦးမည်။

အောက်ကမ္ဘာမှ ကျမ်းစာအုပ် ဒုတိယအတွဲကိစ္စလည်း
ရှိသေး၏။

ထို့အပြင် ကြေးအင်မော်တယ်ခန်းမကိုလည်း
အာရုံစိုက်ရပေဦးမည်။

သူ့ဟာသူတောင် လက်မလည်ဖြစ်နေရာ
မင်းသမီးလုံကျကို ဘယ်လိုလုပ်ပြီး
အာရုံစိုက်နိုင်ပါမည်နည်း။

ဤကိစ္စလေးအတွက် ကိုယ့်ခွန်အား တိုးတက်ရမည့် အချိန်များကို ဖွဲ့မပေးနိုင်ပေ။

ကျွင်းရှောင်ယောက်၏ သဘောထားက တခြား ကျွင်းမိသားစုဝင် တပည့်များစွာကို ခါးသက်သက်ဖြင့် ပြုံးစေခဲ့သည်။

"နတ်ဘုရားသားတော်က တကယ်ကို ထူးကဲတဲ့သူပဲ၊ ရှေးဟောင်းလူထူးဆန်းတွေကိုတောင် ဂရုမစိုက်ဘူး"

ကျွင်းမိသားစုမှ မိန်းကလေးတစ်ယောက်က တောင့်တမှု၊ လေးစားကြည်ညိုမှုများဖြင့် ပြောလိုက်သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ကျွင်းကျန်းထျန်းနှင့်တွေ့ရန် ထွက်လာခဲ့လိုက်သည်။

"ဘိုးဘေးနဂါးသိုက်အကြောင်း မင်းသိပြီးပြီလား"

ကျွင်းကျန်းထျန်းက မေးလိုက်၏။

"အင်း၊ ဒါက အသေးအမွှားကိစ္စပဲလေ၊ ကျွန်တော်ရဲ့ အောင်မြင်မှုလောက်တော့ ဒါက အရေးမကြီးပါဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

"ဟားဟားဟား၊ ရှေးဟောင်းလူထူးဆန်းတွေက
သန်မာတာမှန်ပါတယ်၊ ဒါပေမဲ့
ငါတို့ကျွင်းမိသားစုမှာလည်း မရှိတာတော့ မဟုတ်ဘူး။
ဒါပေမဲ့လည်း အခုက တကယ်ကို
မင်းရဲ့ကျင့်ကြံခြင်းအပေါ်မှာဘဲ
အာရုံစိုက်သင့်ပါတယ်"

ကျွင်းကျန်းထျန်းက ရယ်မောလိုက်သည်။

သူသည် သူ့မြေး၏ လွှမ်းမိုးနိုင်စွမ်းရှိပုံနှင့် ပါးနပ်ပုံကို အမှန်တကယ် သဘောကျပေသည်။

ထို့နောက် ကျွင်းရှောင်ယောက်သည် ဝိညာဉ်မျိုးစေ့နှင့် အင်မော်တယ်မျိုးစေ့များအကြောင်း မေးကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်အတွက်တော့ ယင်းက တကယ့်ကို ကိစ္စကြီးတစ်ခုပင်။

ကျွင်းကျန်းထျန်း၏ မျက်နှာအမူအရာက အနည်းငယ်လေးနက်လာပြီး ပြောလိုက်သည်။

"ဝိညာဉ်မျိုးစေ့တွေအကြောင်းကို မပြောစမ်းပါနဲ့ကွာ၊ အဲဒီအပေါ်စားပစ္စည်းတွေကို သုံးတာက မင်းရဲ့အရည်အချင်းကို ဖြုန်းတီးသလိုပဲ။ အင်မော်တယ်မျိုးစေ့ကတော့ မဆိုးဘူး၊

မိသားစုမှာလည်း အလားတူ ရတနာတွေရှိတယ်၊
ဒါပေမဲ့ အဲတာတွေက မင်းနဲ့မလိုက်ဖက်ဘူး"

ကျွင်းရှောင်ယောက်က တိတ်တဆိတ်
ခေါင်းညိတ်လိုက်သည်။

အင်မော်တယ်မျိုးစေ့က အလွန်ရှားပါးသလို မိမိနှင့်
ကိုက်ညီရန်က ပိုအရေးကြီးလေသည်။

ဥပမာအားဖြင့် ကျွင်းမိသားစုတွင်
ဟုန်မန်ခရမ်းချီမျိုးစေ့၊ အသက်မျိုးစေ့၊
စသည်ဖြင့်ရှိသည်။

သို့ရာတွင် ထိုအင်မော်တယ်မျိုးစေ့များက
ကျွင်းရှောင်ယောက်နှင့် မကိုက်ညီပေ။

"ရှောင်ယောက်၊ ကမ္ဘာ့မူလကို မျိုးစေ့အဖြစ် သုံးဖို့ စဉ်းစားဖူးလား"

ကျွင်းကျန်းထျန်း၏မျက်လုံးက အရောင်တစ်ချက်လက်သွားသည်။

"ကမ္ဘာ့မူလ လား"

ကျွင်းရှောင်ယောက် အံ့သြသွား၏။

ကျွင်းကျန်းထျန်းက ရှင်းပြလိုက်သည်။

"ကျန်းမိသားစုရဲ့ အဘိုးကြီးက ဗေဒင်ဟောတာ အရမ်းမှန်တယ်လေ၊ သူက မကြာခင်မှာ အောက်ကမ္ဘာဆယ်ခု အပြောင်းအလဲ ဖြစ်လာလိမ့်မယ်လို့ ဟောထားတယ်"

"ကမ္ဘာဆယ်ခု ပြောင်းလဲမှာလား"
ကျွင်းရှောင်ယောက် ထပ်မံအံ့သြရပြန်သည်။

ကျန်းမိသားစုမှ ယစ်ထုပ်ကြီးသည်
ဗေဒင်ဟောတာမှန်ကန်ခြင်းကြောင့် ကျော်ကြားသည်။
နောက်ဆုံးတစ်ခေါက်က အမှောင်ကမ္ဘာအဖွဲ့အစည်းကို
ကျွင်းမိသားစု ခြေမှုန်းနိုင်ခဲ့ခြင်းမှာလည်း ၎င်း၏
ဗေဒင်စွမ်းရည်ကြောင့်ပင် ဖြစ်ချေသည်။

ဤတစ်ခါတော့ ၎င်းကိုယ်တိုင် ပြောလာသောကြောင့်
အောက်ကမ္ဘာဆယ်ခုတွင် အမှန်တကယ်
အပြောင်းအလဲကြီးတစ်ခု ဖြစ်လာနိုင်သည်။

"အမှန်ပဲ၊ အဲဒီယစ်ထုပ်က မူးရူးနေပေမဲ့
သူ့ရဲ့ဗေဒင်ဟောကိန်းတွေကတော့ အရမ်းမှန်တယ်"

"သူပြောတာက ကမ္ဘာဆယ်ခု ပြောင်းလဲမယ်၊ ကမ္ဘာ့မူလ ထွက်ပေါ်လာမယ်၊ ကောင်းကင်ကို ဆန့်ကျင်နိုင်မဲ့ ပါရမီရှင်ဆယ်ယောက် မွေးဖွားလာခဲ့မယ်တဲ့"

ကျွင်းကျန်းထျန်းက ပြောလိုက်သည်။

"ကမ္ဘာ့မူလနဲ့ ကောင်းကင်ကိုဆန့်ကျင်မဲ့ ပါရမီရှင်ဆယ်ယောက်လား"

ကျွင်းရှောင်ယောက် ပဟေဠိဖြစ်သွားသည်။

"အင်မော်တယ်နယ်မြေကြီးကို ကောင်းကင်ကိုးခုနဲ့ အောက်ကမ္ဘာဆယ်ခုဆိုပြီး ပိုင်းခြားထားတယ်"

"ကမ္ဘာကြီးပြောင်းလဲသွားတဲ့အခါ ကံတရားရဲ့သားတော်လို့ခေါ်တဲ့ ကောင်းကင်ကိုဆန့်ကျင်နိုင်တဲ့ ပါရမီရှင်ဆယ်ယောက်

မွေးဖွားလာခဲ့မှာ"

"ဒီဆယ်ယောက်က အောက်ကမ္ဘာတစ်ခုစီမှာ
ထွက်ပေါ်လာပြီး သူတို့ရဲ့ အလားအလာကလည်း
အဆိုးမဲ့ပဲ"

ကျွင်းကျန်းထျန်းက ကျွင်းရှောင်ယောက်
နားလည်စေရန် အေးအေးဆေးဆေး
ရှင်းပြလိုက်သည်။

သူရဲကောင်းများသည် အခက်အခဲများ
ကြုံနေရချိန်တွင် မွေးဖွားလာတတ်၏။

အကြောင်းရင်းတချို့ကြောင့် ကျွင်းရှောင်ယောက်ဟာ
ထိုပါရမီရှင်ဆယ်ယောက်ကို
စိတ်ကူးယဉ်လိုက်မိသည်။

ကောင်းကင်ကိုဆန့်ကျင်နိုင်သော
ပါရမီရှင်ဆယ်ယောက်နှင့်အတူ
ကြက်သွန်မြိတ်ဆယ်ခုလည်း စိုက်ထားပြီးသား
ဖြစ်တော့မည်။

ကျွင်းကျန်းထျန်းက ဆက်ပြောလိုက်သည်။

"ဒါပေါ့၊ ဒီပါရမီရှင်သားဆယ်ယောက်က မင်းရှေ့မှာ ဘာမှထူးမှာ မဟုတ်ဘူး၊ မင်းအနေနဲ့ သူတို့ကို သတ်ချင်သတ်နိုင်တယ်၊ ဒါမှမဟုတ် မင်းအတွက် စုဆောင်းထားနိုင်တယ်။ နောက်ဆုံးမှာတော့ သူတို့အားလုံးမှာ ကြီးကျယ်တဲ့ အနာဂတ် အလားအလာတွေ ရှိနေသေးတယ်လေ"

"ဒါပေါ့၊ မင်းအတွက်အဓိကပန်းတိုင်ကတော့ ကမ္ဘာ့မူလကိုရယူဖို့ပဲ။ အဲဒါကို အင်မော်တယ်မျိုးစေ့အဖြစ်ပြောင်းလဲပြီး မင်းရဲ့

ကိုယ်ပိုင်အောင်မြင်မှုတွေကို ဖန်တီးရမယ်"

"အင်း၊ ဒီလိုဆိုမှတော့ မြေးက အောက်ကမ္ဘာကိုဆင်းဖို့ ပြင်ဆင်ရတော့မှာပေါ့"

ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ယင်းက သတင်းကြီးတစ်ခု ဖြစ်ပေသည်။

ကျန်းမိသားစုက ကျွင်းမိသားစုကိုပဲ ပြောခဲ့သော်လည်း တခြားအင်မော်တယ်မျိုးနွယ်များကြားမှာ ဗေဒင်ပညာရှင်များ မရှိတာမဟုတ်ပေ။

ကမ္ဘာဆယ်ခု ဖရိုဖရဲဖြစ်သောအခါ အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးအတွက်

လှိုင်းလုံးကြီးများ ရိုက်ခတ်လာခဲ့မည် ဖြစ်သည်။

ထိုအချိန်တွင် အင်မော်တယ်မျိုးနွယ်အားလုံးမှ ပါရမီရှင်များသည် အောက်ကမ္ဘာမှ ကံတရားကမျက်နှာသာပေးသူများနှင့် ယှဉ်ပြိုင်ရန် အောက်ကမ္ဘာသို့ ဆင်းသက်သွားကြပေလိမ့်မည်။

ထိုမြင်ကွင်းမျိုးက အလွန်တရာ ကြောက်စရာကောင်းနိုင်သည်။

"ဒါထက် မင်းက အောက်ကမ္ဘာကိုဆင်းမှာဆိုတော့ မိသားစုကို တစ်ခုလောက် ကူညီပေးနိုင်မလား" ကျွင်းကျန်းထျန်းက ရုတ်တရက်မေးလိုက်၏။

"ရပါတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

မိသားစုက သူ့ကို ပြုစု ပျိုးထောင်ရန် အစွမ်းကုန်ကြိုးစားခဲ့သောကြောင့် သူကလည်း အပြန်အလှန် ကူညီပေးသင့်လေသည်။

"ဟိုးအရင်တုန်းက အင်မော်တယ်နယ်မြေကြီးရဲ့ များပြားလှတဲ့ ကလန်တွေထဲမှာ ရှေးဟောင်းမျိုးနွယ်ဆယ်ခု ရှိခဲ့တယ်။ ငါတို့ ကျွင်းမိသားစုက အဲဒီမျိုးနွယ်ရဲ့ အဓိက ပုဂ္ဂိုလ်ကြီးတွေကို သတ်ဖြတ်ခဲ့ပြီး ကျန်တဲ့သူတွေကိုတော့ အောက်ကမ္ဘာတွေဆီ နှင်ထုတ်လိုက်တယ်လေ"

"နောက်တော့ ငါ့မျိုးနွယ်က နောက်လိုက်ငါးယောက်ကို

အောက်ကမ္ဘာဆီစေလွှတ်ပြီး အဲဒီမျိုးနွယ်တွေကို ဖိနှိပ်ရင်း စောင့်ကြည့်ထားစေခဲ့တယ်"

"ဒါပေမဲ့ မကြာသေးခင်ကပဲ နောက်လိုက်ငါးယောက်နဲ့ ငါတို့ကျွင်းမိသားစု အဆက်အသွယ်ပြတ်သွားတယ်"

"ဒါကြောင် မိသားစုအကြီးအကဲတွေက အောက်ကမ္ဘာရဲ့ ထိပ်တန်းမျိုးနွယ်ဆယ်ခုမှာ တစ်ခုခုဖြစ်သွားပြီလို့ သံသယရှိနေကြတယ်"

ကျွင်းကျန်းထျန်းက ပြောလိုက်သည်။

နားထောင်ပြီးနောက် ကျွင်းရှောင်ယောက် အနည်းငယ် ခေါင်းညိတ်လိုက်၏။

ကမ္ဘာဆယ်ခုက ဖရိုဖရဲဖြစ်၍ ထိပ်တန်းရှေးဟောင်းမျိုးနွယ်များ

ပြောင်းလဲသွားသည်မှာ
ကျိုးကြောင်းဆီလျော်ပုံရပေသည်။

"အဘိုးစိတ်ချပါ၊ မိသားစုက ကျွန်တော်ကို
အကောင်းဆုံး ပျိုးထောင်ပေးခဲ့တယ်လေ။ ဒါကြောင့်
ကျွန်တော်ကလည်း မိသားစုရဲ့ အပူတွေကို
မျှဝေခံစားပါမယ်"

"ရှေးဟောင်းမျိုးနွယ်ဆယ်ခုရဲ့
လှုပ်ရှားနေတာတွေကိုတော့ ကျွန်တော်ကိုယ်တိုင်
စီရင်မယ်"

ကျွင်းရှောင်ယောက်က ယုံကြည်မှုအပြည့်ဖြင့်
ပြောလိုက်သည်။

အောက်ကမ္ဘာ၏ သတ်မှတ်ပုံက
အင်မော်တယ်နယ်မြေကြီးနှင့် မတူပေ၊

အောက်ကမ္ဘာဆယ်ခုတွင် သန့်စင်ခြင်းသခင်၊
အမိပမိနှင့် အခြားတန်ခိုးရှင်များ မရှိကြပါချေ။

ယင်းက ကျွင်းရှောင်ယောက်၏ နည်းလမ်းများကို
အသုံးပြုရ ပိုလွယ်ကူစေသည်။

သူ၏အနေအထား၊ ပါရမီနှင့် အောက်ကမ္ဘာသို့
ဆင်းသက်သွားက နတ်ဘုရားတစ်ပါးကဲ့သို့
ဖြစ်နေပေလိမ့်မည်။

---------

အခန်း ( ၁၃၅ ) ပြီးပါပြီ။